www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

အချစ်သည်-
ငါနှင့်မသက်ဆိုင်တော့ပါကြောင်း...



www.burmeseclassic.com

(အချစ်လုံးချင်းဝတ္ထု၊သစ်)

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ • ၈၃

မိုးစက်ပွင့်

အချစ်သည် ငါနှင့် မသက်ဆိုင်တော့ပါကြောင်း/ မိုးစက်ပွင့် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၉၆ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။

အချစ်သည် ငါနှင့် မသက်ဆိုင်တော့ပါကြောင်း



# မိုးစက်ပွင့်


# အချစ်သည် ငါနှင့်
# မသက်ဆိုင်တော့ပါကြောင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မင်းကို တကယ်ချစ်တဲ့သူရှိလာရင် မင်းရဲ့ဩဇာအာဏာကို နှာခံချင် နာခံမှာပေါ့ အမုန်း။

တစ်သက်လုံး အချစ်နဲ့ကင်းတဲ့သူဆိုတာ ခပ်ရှားရှားရယ်။ တစ်ချိန်ချိန်မှာ မင်းရဲ့နှလုံးသားက အချစ်ကို တောင့်တလာဦးမှာပါ။

**ဖန်နေမင်း**

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

တော်တော့ဖယောင်း။ အဲဒီ ချစ်တာတွေ၊ မေတ္တာတွေ အကြောင်း ငါ့ကိုလာမပြောနဲ့။ တကယ်လို့ ငါ့နှလုံးသားက အချစ်ကို တောင့်တလာပြီဆိုရင်တောင် အဲဒီလူက ဖန်နေမင်းမဖြစ်စေရဘူး။

**အမုန်းမပြယ်**

ဖယောင်းကို မုန်းဖို့စကားတော့ မပြောပါနဲ့နော်။ ဖယောင်း ကိုဖန့်ကို မမုန်းနိုင်လို့ပါ။ လက်ထပ်ဖို့ကိစ္စအတွက် ဖယောင်း လုံးဝ ငြင်းမှာမဟုတ်ဘူး။ အဲဒီအတွက် ကိုဖန် ဖယောင်းကိုခွင့်လွှတ်ပါ။

**မြဖယောင်းသွင်**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ပန်းကန်နှစ်ချပ်ကိုဆေးဖို့ မ,ယူလိုက်တဲ့ လက်ချောင်းတွေက ပန်းကန်နဲ့ထိတွေ့ရင်ပဲ လက်ချောင်းတွေ ပွန်းပဲ့ဒဏ်ရာရသွားမှာ စိုးသည့်အလား ကိုင်လိုက်ပုံက မထိတထိနှင့်ပါ။ သူမကတော့ မြဒယောင်းသွင်ဆိုတဲ့ မိန်းကလေးပါပဲ။ မိဘတွေက ချမ်းသာသည့် အသိုင်းအဝိုင်းကမို့ ပင်ပန်းမယ့်အလုပ်ဆိုတာ ဘာမှမလုပ်ခဲ့ဖူးသူလေ။

အခု ...

သူငယ်ချင်းအိမ်မှာ သူငယ်ချင်းကို ထမင်းဟင်းချက်နည်းတွေ သင်ပေးပါလို့ ကိုယ်ပဲတောင်းဆိုခဲ့တာ။ အခု တောက်တို့မယ်ရု



www.burmeseclassic.com

www.burmeseclassic.com



အရင်စလုပ်နိုင်းတာတောင် ဟိုဟာမထိရဲသလို ဒီဟာမထိရဲ ဖြစ်နေတာလေ။

"အမယ်လေး"

"ခွမ်း"

"ဟယ်"

ဘေစင်ဆီသို့အရောက် ပန်းကန်ကိုဆေးဖို့ ပြင်လိုက်ကာမှ ဘေစင်နဲ့ထိပြီး ပန်းကန်က လက်ထဲကနေ ပြုတ်ကျသွားတာပါ။ ပန်းကန်ကျကွဲသွားလေတော့ ပန်းကန်ကွဲစတွေကိုကြည့်ပြီး ဖယောင်း နေရာကနေ ဘယ်ကိုမှမရွေ့ဖြစ်ဘဲ ကြက်သေသေနေသည်သာ။

"ဖယောင်း"

"------"

အမုန်း ဖယောင်းဆီသို့သွားလိုက်ပြီး –

"ဖယ် ဖယ် ... နင် ထိုင်နေတော့၊ ငါပဲ လုပ်လိုက်မယ်"

အမုန်းက ထိုင်နေဆိုပေမယ့် ဖယောင်း မနေစိမ့်နိုင်စွာပဲ ပန်းကန်ကွဲတွေကို ကောက်တာကပင် မရဲတရဲပုံစံနှင့်ပါ။ အမုန်းက ပန်းကန်ကွဲတွေကို အမှိုက်ပုံးထဲသို့ သွားထည့်ပြီး –

"ဖယောင်း"

"ဟင်"





"ငါပြောတော့လည်း နင် ငါ့ကို ပြောရက်လေခြင်းလို့ ထင်ဦးမယ်နော်။ ထင်ရင်လည်း ထင်တော့ဟာ။ ငါကတော့ ပြောစရာရှိတာကို ပြောရမှာပဲ။ ပြောတယ်ဆိုတာလည်း နင့်ကိုချစ်လို့ နင်ကောင်းဖို့အတွက်ပဲ ပြောတာ ဖယောင်း"

"ငါ ... ငါ ... နားလည်ပါတယ်"

"အေး ... စေတနာကို နားလည်တာ မလည်တာတော့ နင့်အပိုင်းပဲ။ နင်ကလေ တစ်ခုခုကို ထိလိုက် ကိုင်လိုက်ရင် အဲဒီအရာဝတ္ထုကပဲ နင့်ကို ထကိုက်တော့မလိုလို၊ မီးလိုပဲ ထိတာနဲ့ အပူလောင်တော့မလိုလိုနဲ့၊ ငါ သဘောမကျဘူးသိလား။ ဘာဖြစ်ဖြစ်လုပ်စမ်းပါ ရဲရဲ။ နင် ကြားဖူးတယ်မို့လား၊ ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်တယ်ဆိုတဲ့စကားကို။ နင် ဒီပုံစံအတိုင်းပဲ ဆက်သွားနေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး လူတောဝင်ဆံ့တဲ့ ထက်မြက်တဲ့မိန်းမ ဖြစ်မှာလဲ၊ လူဆိုတဲ့အမျိုးအစားတွေက ကြောက်တတ်တဲ့လူ ပိုကြောက်အောင် ခြောက်တတ်ကြတယ်ဟ။ သူများခြောက်တိုင်း ကြောက်နေရင်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ကြာရင် ညံ့ဖျင်းတဲ့မိန်းမပဲဖြစ်လာမှာ"

အမုန်း ရှည်လျားစွာပြောပြနေတော့ ဖယောင်း ခေါင်းလေးငုံ့ပြီး မျက်ရည်ကျလေပြီ၊ အဲဒီလို မျက်ရည်လွယ်တာကိုလည်း အမုန်း ကြိုက်ပါဘူး။ ကိုယ်က အားနွဲ့တဲ့မိန်းကလေးဆိုပြီး နေရာတကာမှာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေကို အားကိုးချင်စိတ်ရှိတဲ့ မိန်းမတွေကို အမုန်းက မုန်းတတ်သူလေ။ အခုက ကိုယ့်အချစ်ဆုံးသူငယ်ချင်းဖြစ်နေလို့ ဒီလောက်ပြောပြနေတာ။

မိန်းမဖြစ်တာနဲ့ပဲ စိတ်ပျော့ပြီး အားနွဲ့နေရမှာလား။ ကိုယ်တတ်စွမ်းသလောက်တော့ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းရမှာပေါ့။ အချို့ယောကျ်ားတွေဆို မိန်းမတစ်ယောက်လောက်တောင် အသုံးမကျလို့ မိန်းမဦးဆောင်ရာနောက်မှာ မှီခိုစားသောက်နေတဲ့သူတွေက ရှိသေး၊ အဲဒီလိုလူတွေကို အမုန်းကတော့ လူဖျင်းလူညံ့တွေလို့ပဲ မြင်သည်လေ။

"နှင် ဘယ်အရာမဆို ထိထိမိမိကိုင်၊ ရဲရဲတင်းတင်းလုပ်စမ်းပါ ဖယောင်းရယ်။ အခု နှင့်မိဘက နှင့်ကိုမနိုင်ရက်လို့ သူတို့ပဲ နှင်လိုသမျှ ရအောင်ရှာပေးနေကြပေမယ့် မိဘတွေမရှိကြတဲ့အခါ နှင်ဘယ်လိုရပ်တည်မလဲ။ ယောကျ်ားယူတော့ရော ကိုယ်က မထက်မြက်ရင် သူတို့အထင်သေးတာခံရပြီး သူတို့ထားရာနေ စေရာသွားနေရမှာ၊ နှင့်ကိုငါ ထက်မြက်တဲ့မိန်းမပဲ ဖြစ်စေချင်တယ် ဖယောင်း"

"အဟင့်"

"ဟဲ့"

ပြောနေရင်း အမုန်း စိတ်မရှည်ချင်တော့ပေ။





"ပြောနေရင်းက ငိုပြန်ပြီ။ အဲဒီလိုမျက်ရည်လွယ်တာကိုလည်း ငါမကြိုက်ဘူး။ ထစ်ခနဲဆို ငိုဖို့ပဲတတ်တယ်။ ဘာမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်အောင် ကြိုးစားစမ်းပါ ဖယောင်းရဲ့။ နှင့်ကြည့်လိုက်ရင် အမြဲတမ်း အခုကျကွဲသွားတဲ့ ကြွေပန်းကန်လိုပဲ။ နှင့်ရှေ့ရေးကိုတွေးပြီး ငါတကယ်ရင်မောတယ် သိလား"

"နှင်ကလည်း ငါ့ကိုဆိုပြောဖို့ပဲ သိတယ်။ ငါကိုက ကြောက်တတ်တာ၊ အားငယ်တတ်တာ၊ အားနာတတ်တာ နှင်သိရဲ့သားနဲ့"

"အေး . . . သိတယ်၊ သိလို့ မကြိုက်တာကိုပြောပြီး ပြုပြင်နိုင်းနေတာလေ"

"နှင်က ငါ့အနားမှာ အမြဲတမ်းရှိနေတာပဲဥစ္စာ။ ဘာပူစရာလိုလို့လဲ"

"ဟဲ့"

ကိုယ်ပိုင်ဆိုင်တဲ့ ကိုယ့်သားသမီး၊ ကိုယ့်ညီမသာဆိုရင် အဲဒီအပြောမျိုးပြောရမလားလို့ အမုန်း ကျောကိုထုပစ်မိမှာ ကျိန်းသေပါ။ ဖယောင်းက အမုန်းကို အားကိုးနေတာလား။ အမြဲတမ်း လိုက်ပြီး သူ့နောက်မှာ အရိပ်လိုကပ်ပေးနေရအောင် အမုန်းက သူ့ရဲ့ကိုယ်စောင့်နတ်မှ မဟုတ်ဘဲလေ။

အဲဒီလို သူများကိုအားကိုးချင်စိတ် ရှိနေသရွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းဆိုတာ လူအများလေးစားစရာ ထက်မြက်သည့်မိန်းမ တစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလေ။

“ငါ့ကို နင်က အားကိုးနေတာလား ဖယောင်း”

“အားကိုးတာပေါ့၊ ကိုယ့်အချစ်ဆုံးသူငယ်ချင်းပဲဥစ္စာ”

“မရဘူး ဖယောင်း။ နင် ငါ့ကို အားမကိုးရဘူး”

“ဟင်”

“ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်အောင် ကြိုးစားစမ်းပါ ဖယောင်းရယ်။ ငါ့ကိုအားကိုးရအောင် ငါက တစ်သက်လုံး နင့်ကိုယ်မှာ ကပ်နေမယ့် နင့်ရဲ့ကိုယ်စောင့်နတ်မဟုတ်ဘူးလေ။ အချိန်တန်ရင် ကိုယ့်လမ်းကိုယ် လျှောက်ကြမှာ။ အိမ်ထောင်ပြုကြမှာ။ အဲဒီအခါကျရင် နင်အားကိုးရမှာ နင့်ခင်ပွန်းပဲလေ။ သူငယ်ချင်းဆိုတာ အထင်သေးစရာရှိလည်း သံယောဇဉ်က ပြတ်မသွားဘူး ထာဝရသူငယ်ချင်းပဲ။ အေး နင့်ရဲ့အိမ်ထောင်ဘက်က အထင်သေးပြီဆိုရင်တော့ နင် စဉ်းစားကြည့်ပေါ့ဟာ။ ၁၅၀၀ မေတ္တာဆိုတာ နိုင်ပြီဆိုရင် ပိုနိုင်သလို ပြတ်ပြီဆိုရင်လည်း ဘာနဲ့မှ ဖာထေးဆက်ထုံးလို့မရဘူး။ မပြတ်ဖို့က တစ်ယောက်နဲ့တစ်ယောက် အထင်သေးခြင်းကင်းပြီး နားလည်မှုရှိဖို့လိုတာ”

ရှင်းပြလိုက်ရတာ ပါးစပ်ချွဲလုဖြစ်နေတာတောင် အခုထိ





သဘောပေါက်ပုံမရပါလား။ မျက်လုံးက ကလယ်ကလယ်နဲ့ စဉ်းစားနေပုံတော့ ရပါရဲ့၊ အဖြေက ဘာထွက်လာမလဲ။

“နင်ကရော အမုန်း”

“ဟင် ... ဘာကိုလဲ”

“အိမ်ထောင်ပြုမှာလားလို့”

“အဲဒါက ကြိုပြောလို့ရတာမှမဟုတ်တာ ဖယောင်းရဲ့။ အိမ်ထောင်ပြုတယ်ဆိုတာ အခြေအနေ၊ အချိန်အခါနဲ့ ရေစက်ဆုံရမယ့်သူ ဖူးစာရှင်ရှိမှ ပြုလို့ရတာ။ ဖူးစာရေးနတ် ဘယ်လိုဖူးစာရေးမယ်ဆိုတာကို မသိသေးဘူးလေ။ ငါ့ခံယူချက်ကတော့”

ဖယောင်း စကားစဖြတ်သွားတဲ့ အမုန်းမျက်နှာကိုကြည့်လိုက်တော့ မာန်ပါတဲ့မျက်ဝန်းတွေနှင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်လေ။ အမုန်းက ယောကျ်ားတွေကို အထင်မကြီးတတ်သူဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ယောကျ်ားတွေကိုလည်း မုန်းတယ်လို့ ပြောထားလေတော့ –

“ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ကို အားကိုးဖို့မလိုအပ်ဘူး။ အချစ်ဆိုတာလည်း ငါ့ရင်ထဲမှာ ရှိလာမှာမဟုတ်ဘူး”

“စကားကို အကုန်မပြောနဲ့လေ အမုန်းရဲ့”

အမုန်း နှုတ်ခမ်းလေးမဲ့သွားပြီး –



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောသလိုပဲ အကုန်တော့မပြောသင့်ပါဘူး။ ဒါပေမဲ့ ငါကတော့ပြောရဲတယ်။ ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိရင်တောင် ငါ ဘယ်တော့မှ လက်မထပ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ငါ ယောကျ်ား တစ်ယောက်ကို အားမကိုးချင်လို့ ယောကျ်ားရဲ့ဩဇာကို မနာခံချင်လို့ ပဲ"

"နင်မှားနေပြီ အမုန်း"

"ဘာ"

"မိန်းမတိုင်းက ယောကျ်ားတွေကို အားကိုးချင်စိတ် တစ်ခု တည်းနဲ့ လက်ထပ်ကြတာမှ မဟုတ်ဘဲ။ ချစ်လို့ လက်ထပ်ကြတဲ့သူ တွေ အများကြီး"

"ငါ အချစ်ရဲ့သားကောင် မဖြစ်ချင်ဘူး။ မာနရဲ့သားကောင်ပဲ ဖြစ်ချင်တာ"

"အမုန်းရယ်"

"နင့်ကို အဲဒါကြောင့် ငါပြောတာပေါ့။ ချစ်လို့ လက်ထပ် တယ်ဆိုလည်း သူတို့က အိမ်ဦးနတ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ဩဇာပေးချင် ကြတာလေ။ အဲဒီတော့ သူပြောတိုင်း ပုတ်သင်ညိုလုပ်ပြီး ခေါင်းညိတ် မနေရအောင် နင့်ကို ထက်မြက်တဲ့မိန်းမတစ်ယောက်ပဲ ဖြစ်စေချင် တယ်"





ဖယောင်းမခြောက်သေးတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက် သည်။ မိန်းမတစ်ယောက်ဟာ မထက်မြက်ရင် ယောကျ်ားတွေ အထင် သေးစရာဖြစ်ရောလား မဖြစ်နိုင်တာ။ ဖယောင်းရဲ့ခံယူချက်ကတော့ လူတစ်ယောက်နဲ့တစ်ယောက်ချစ်ပြီး နားလည်မှုရှိကြရင် ဘာပြဿနာ မှ မရှိနိုင်ဘူးလေ။

ကိုယ်ချစ်လို့ လက်ထပ်ထားတဲ့မိန်းမကို ယောကျ်ားက အထင် သေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ အမုန်းကိုက အတ္တကြီးနေ တာပါ။ ဖယောင်းလည်း ဒီလောက်တော့ စဉ်းစားတတ်ပါတယ်။ စိတ်ပျော့တာ ကြောက်တတ်တာက သပ်သပ်ပဲလေ။

"အမုန်း"

"_____"

"နင် ငါ့ကို စိတ်ဆိုးလို့ ဒီစကားတွေ ပြောနေတာလား"

"ငါက နင့်ကို"

"ဟုတ်တယ်၊ ပန်းကန်ကွဲသွားလို့ နင် ငါ့ကို စိတ်ဆိုးပြီး ပြောနေတာ မဟုတ်လား။ ငါ အစားပြန်ဝယ်ပေးပါ့မယ်"

"မြဖယောင်းသွင်"

အမုန်းအသံက မာဆတ်ဆတ် ဖြစ်သွားလေသည်။ ပြီးတော့ ဒီတစ်ခါမှ တကယ်စိတ်ဆိုးလို့ ဖယောင်းနာမည်အပြည့်အစုံကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလေ။ စေတနာကို စော်ကားလိုက်တာ''

''နင် ငါ့စေတနာကို စော်ကားလိုက်တာပဲ''

ပြောပြီး စားပွဲပေါ်မှာ ဆေးဖို့တင်ထားတဲ့ ပန်းကန်တစ်ထပ်ကို စိတ်မြန်လက်မြန် သွားယူလိုက်ကာ –

''ရော့ . . . နောက်ထပ် ဒီပန်းကန်တွေပါ နင်ထပ်ခွဲလို့ရတယ် ဖယောင်း။ နင်တစ်ချပ်ခွဲရင် ငါ ဆယ်ချပ်ထပ်ဝယ်လို့ရတယ်။ အေး . . . နင်ပျော့ညံ့လို့ ဘဝနဲ့ဆိုင်တဲ့အရာတွေ ကွဲသွားရင်တော့ အစားပြန်ဝယ်လို့မရဘူးဆိုတာ နင်သိထား ဖယောင်း''

အမုန်းက ဖယောင်းရှေ့မှာ ပန်းကန်တွေကို ချပေးခဲ့ပြီး လှည့်ထွက်သွားလေတော့ ဖယောင်း ထိုင်ချပြီး ငိုရှိုက်မိလေတော့သည်။

အဲဒါပဲလေ –

သူမက ထစ်ခနဲဆို မျက်ရည်ကျတတ်တာ။ အဲဒါကို ဘယ်လိုတားဆီးရပါ့မလဲ။

❋



## အခန်း (၂)

ဖန်နေမင်းတစ်ယောက် ဓာတ်ပုံနှစ်ပုံကို ဟိုပုံကြည့်လိုက် ဒီပုံကြည့်လိုက်နှင့် ဖြစ်နေသည်။ ဓာတ်ပုံနှစ်ပုံစလုံးက မိန်းကလေးတစ်ယောက်တည်းရဲ့ပုံပါပဲ။ လှတာတော့ တော်တော်လှတယ်ဆိုတာ ဝန်ခံပါတယ်။ အလှတစ်ခုတည်းကိုပဲကြည့်ပြီး ရွေးရအောင် အခုကိစ္စက မင်းသမီးတင်ဖို့ ရွေးနေတာမှ မဟုတ်ဘဲလေ။

အိမ်ထောင်ဖက်ကိုရွေးရမှာ။

မေမေက ဒီမိန်းကလေးနဲ့ ဖန်ကို သဘောတူထားတယ်တဲ့။ အခု မိန်းကလေးရဲ့အမေရှေ့မှာ ဒီဓာတ်ပုံတွေကိုကြည့်နေရတာလေ။ ကြည့်ပြီးရင် သူ No (or )Yes အဖြေတစ်ခုခုပေးရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သား"

"-----"

"ဘယ်လိုလဲ အန်တီ့သမီးက လှရဲ့လား။ သားသဘောကျရဲ့လား"

ဖန်နေမင်း တွေခနဲဖြစ်သွားလေသည်။ မေးတဲ့သူက စကားကို နှစ်ခွမေးတော့ အဖြေရခက်တာပေါ့။ ဒီတော့ –

"လှပါတယ်၊ အန်တီ့သမီး တော်တော်လှတယ်ဆိုတာကို ကျွန်တော် ဝန်ခံပါတယ်"

"ဒါဆို သားက သဘောကျတယ်ပေါ့နော်"

အခုတစ်ခါ မေးလိုက်သူက ဖန်ရဲ့မေမေ ဒေါ်စန္ဒာဝင်းပါ။ ဖန် တည်ငြိမ်စွာပဲ မေမေ့ကိုကြည့်လိုက်ပြီး –

"လှတယ်လို့ ဝန်ခံလိုက်တာနဲ့ တစ်ဆက်တည်းသဘောကျရမှာလား မေမေ"

"ဟင်"

"ဒါဆို သားက"

"အိမ်ထောင်တစ်ခု တည်ဆောက်တာ မှားသွားရင် ဖျက်ပစ်စရာ ခဲဖျက်မရှိဘူး မေမေ။ လှတာတစ်ခုတည်းကိုကြည့်ပြီး လက်ထပ်လိုက်ရင် အဲဒီအလှက မကျန်းမာရင် သွေးသောက်လို့ရတဲ့





ဆေးမြစ်မဟုတ်ဘူး။ ပြီးတော့ အလှကို ရေစိမ်သောက်ပြီး အရာအားလုံး ပြီးပြည့်စုံသွားမှာမှ မဟုတ်တာဲလေ"

ဒေါ်မြလေးငုံ ဖန့်စကားတွေကို ဘဝင်မကျ ဖြစ်သွားရသည်။ သဘောကျရင် သဘောကျတယ်၊ မကျရင် မကျဘူးလို့ ပြောလိုက်ပေါ့။ ခုတော့ ဘာတွေကို သွယ်ဝိုက်နေတာလဲ။ သူ့ငြင်းရလောက်အောင်လည်း ကိုယ့်သမီးက ဥစ္စာပေါ ရုပ်ချောလေ။ ပညာအရည်အချင်းကလည်း ပြောစရာမလို။

ကိုယ့်သမီးဘက်က ချို့ယွင်းချက်ရှိရင် –

ကိုယ်ကရော ဖန့်လိုလူမျိုးနဲ့ ကမ်းလှမ်းရပါ့မလား။ ဖန်နေမင်းဆိုတာ နိုင်ငံခြားကနေ ပြန်လာပြီးကတည်းက စီးပွားရေးလောကမှာ အောင်မြင်နေသူ။ မတန်မရာဆိုရင် ကိုယ့်သမီးရဲ့ဘဝကို ထိုးအပ်ရဲပါ့မလား။

"မောင်ဖန်နေမင်း ဘာကိုပြောချင်တာလဲ။ အန်တီ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါလား"

ဖန်ကလည်း အားနာတတ်သူမဟုတ်ပေ။ ဒါကြောင့် –

"ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တာပါ"

"သား"

သား ငြင်းလိုက်မှာလားဟု စိုးရိမ်စွာ ဒေါ်စန္ဒာဝင်း ခါးမ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ခေါ်လိုက်မိတာ ဖြစ်၏။

"သူပြောချင်တာပြောပါစေ စန္ဒာ"

"ပြောရရင်တော့ သူ့စိတ်ထားအကျင့်စရိုက် ဘယ်လိုရှိတယ် ဆိုတာကို ကျွန်တော် လေ့လာချင်သေးတယ် အန်တီ၊ အဲဒီလိုမဟုတ်ဘဲနဲ့တော့ ခွေးမ ... ခွေးမ အမဲရပြီးရောဆိုတဲ့ပုံစံနဲ့တော့ ကျွန်တော် ချက်ချင်း ခေါင်းမညိတ်နိုင်ပါဘူး"

"ဘယ်လို ... ဘယ်လို"

"သား ... မင်းဘယ်လိုပြောလိုက်တာလဲ"

ဒေါ်မြလေးငုံ စိတ်ထဲမှာ မျက်ခနဲဖြစ်သွားရ၏။ ခွေးမ ... ခွေးမ အမဲရပြီးရောဆိုတဲ့ အခိုင်းအနှိုင်းက ကိုယ့်သမီးကို ခွေးနဲ့နှိုင်းလိုက်တာပဲလေ။ ဒါပေမဲ့ ဖန်က စကားပြောရင် တိကျပြတ်သားတယ်ဆိုတော့ လူကြီးဖြစ်တဲ့ ကိုယ်ကပဲ စိတ်လျှော့လိုက်ရသည်သာ။ သူမ ဖန်နေမင်းကို သဘောကျလို့ပဲ စန္ဒာကမ်းလှမ်းတာကို လက်ခံပြီးပြီ ဆိုတော့ ...

အင်း ...

ဘာပဲဖြစ်ဖြစ် သည်းခံရမှာပဲပေါ့။ ဖန်နေမင်းလိုလူမျိုးက ရှိတော့ရှိတယ် ရှားတယ်ဆိုတာမျိုးပေါ့လေ။ သမီးလေးကို မတော်တရော်တွေနဲ့ တွေ့မှာစိုးတာကို၊ ဆင်နဲ့သစ်ပင်တွေ့တုန်း ဆွတ်ရတာ။





ကိုယ်က အထက်စီးဆန်ချင်လို့လည်း မဖြစ်သေးပါဘူးလေ။

"ဆောရီး ... ကျွန်တော် စကားပြောရိုင်းသွားရင် ခွင့်လွှတ်ပါ၊ အန်တီ တောင်းပန်ပါတယ်။ ကျွန်တော်ပြောချင်တာက မိဘပြီးပြီးရော ခေါင်းညိတ်ပြီး မိန်းမတစ်ယောက်ကို လက်ထပ်ရလောက်အောင် မိဘပေးစားမှ မိန်းမရမယ့် ခပ်ညံ့ညံ့ကောင်မျိုး မဟုတ်လို့ပါ"

"အန်တီ နားလည်ပါတယ်ကွယ်။ အခု သားက ဘယ်လိုဖြစ်ချင်တာလဲ ပြောလေ"

ဖန် ဓာတ်ပုံကိုပြန်ကြည့်မိပြီး –

"သူ့နာမည်က ဘယ်သူ"

"မြဖယောင်းသွင်လေ သားရဲ့။ အားလုံးကတော့ ဖယောင်းလို့ပဲ ခေါ်ကြပါတယ်။ သားလည်း အဲဒီလိုပဲ ခေါ်ပေါ့"

ဖန် ခေါင်းညိတ်လိုက်ကာ –

"ကျွန်တော် သူနဲ့တွေ့ဖို့ ကြိုးစားမယ်လေ။ ရင်းနှီးသွားအောင်ပေါ့။ ဒါပေမဲ့ ကျွန်တော် လူကြီးတွေအကူအညီကို မယူချင်ဘူး။ ကျွန်တော့်ဘာသာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရင်းနှီးအောင် လုပ်ချင်တယ်"

"အဲဒီလိုလည်း ကောင်းသားပဲ သားရဲ့။ ဒါပေမဲ့ အချိန်တန်ရင်တော့ မေမေ ဝမ်းသာရမယ့်အဖြေပဲ ကြားပါရစေ သားရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ မြဖယောင်းသွယ်အပေါ်မှာပဲ မူတည်ပါတယ် ခမချေ"

အဖြေက မတိကျ မရေရာသေးပါလား။ ဒေါ်စန္ဒာဝင်း မသိသော သက်ပြင်းခိုးချလိုက်မိသည်။ ကိုယ့်သားစိတ်ကို ကိုယ်သိလျက်သားနဲ့ ငုံကို ပါးစပ်ဆော့ပြီး သမီးတောင်းမိတာကိုက ကိုယ်မှားနေပြီ သားမသိတော့ပါဘူး။ ဖန်နေမင်းက သူမှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ ဂရုစိုက်တာ မဟုတ်ဘူးလေ။

ဖယောင်းလေးကို သား သဘောကျလက်ခံနိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့။ သူမကတော့ ဖယောင်းလေးကို သဘောကျတာပေါ့လေ။ ဖယောင်းက လူလုသလို စိတ်ထားလေးကလည်း နူးညံ့သိမ်မွေ့သူ။ ပြီးတော့ အနေအေးပြီး လိမ္မာတဲ့ကလေးဆိုတော့ သူမ ရွေးမတော်ဖို့ ရွေးချယ်ခဲ့တာ မမှားနိုင်ပါဘူး။

"ကျွန်တော် ဒီဓာတ်ပုံနှစ်ပုံကို ယူထားလို့ရမလား မသိဘူး"

"ရပါတယ် သားရဲ့၊ ယူထားပါ ယူထားပါ။ ဩော် . . . ဒါနဲ့ သား facebook သုံးတယ်မို့လား"

"ဟုတ်ကဲ့ . . . သုံးပါတယ်"

"ဒါဆို သမီးလည်း သုံးတယ် account က မြဖယောင်းသွင်ပဲလေ။ အင်္ဂလိပ်လိုပဲ နာမည်က။ သမီးက သူ့ပုံတွေပဲ တင်တာ





များတယ်၊ သား ရှာကြည့်ပါလား"

ဒေါ်မြလေးငုံပြောတာနှင့် ဖန် ဖုန်းကိုထုတ်ပြီး မြဖယောင်းသွင် account ကို ရှာကြည့်လိုက်သည်။

"တွေ့ပြီ"

"ဟုတ်လား"

"ဒီမှာလေ"

ဖန် ဖုန်းကိုထောင်ပြီး ဒေါ်မြလေးငုံဘက်သို့ လှည့်ပြလိုက်လေ၏။ ဒေါ်မြလေးငုံပြောတဲ့အတိုင်းပဲ မြဖယောင်းသွင်က သူမပုံတွေကိုပဲ post တင်ထားတာလေ။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ပုံတွေထဲမှာ သူမဆိုပေမယ့် သူမတစ်ယောက်တည်းပုံက နည်းပါတယ်။

သူငယ်ချင်းနဲ့ ဘယ်သွားတာ ညာသွားတာဆိုပြီး နှစ်ယောက်ပုံတွေက များသည်လေ။ အဲဒီဖယောင်းရဲ့သူငယ်ချင်းဆိုတာကို ဖန် ဂရုစိုက်စိုက် ကြည့်မိ၏။ ထူးဆန်းတာမဟုတ်ဘဲ တစ်ခုခုကို သတိထားမိတာလေ။ အဲဒါ ဘာလဲဆိုရင် ဖယောင်းပုံစံတွေက ရယ်နေတာ၊ ပြုံးနေတာဖြစ်ပြီး နှုတ်ခမ်းစူတာ၊ ပါးတစ်ဖက်ဖောင်းထားတာ၊ မျက်စိတစ်ဖက်မှိတ်ပြတာတွေပါနေပြီး –

ဟိုတစ်ယောက်ကတော့ –

မြင်ရတဲ့ပုံတိုင်းမှာ ခပ်တည်တည်ပါပဲ။ ပြီးတော့ သူ့ရဲ့မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက မာနရောင်တောက်နေပြီး ရဲရင့်ပြတ်သားမယ့်ပုံပဲလေ။ ဘာမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲမယ့်ပုံစံမျိုးပေါ့။

''ဒါနဲ့ အန်တီကို ကျွန်တော် တစ်ခုမေးလို့ရမလား။ စပ်စု တယ်လို့တော့ မထင်နဲ့နော်''

''မထင်ပါဘူး သားရယ်၊ သား . . . ဘာမေးမှာလဲ မေးလေ''

''ဒီတစ်ယောက်က ဘယ်သူလဲ အန်တီ''

ဖန် ဖုန်းကိုထောင်ပြီး လှည့်ပြလိုက်ပြန်တော့ ဒေါ်စန္ဒာဝင်း ကပါ စိတ်ဝင်စားစွာနှင့်လိုက်ကြည့်လေသည်။

''ဩော် . . . သူလား။ သူက သမီးလေးရဲ့အချစ်ဆုံးသူငယ် ချင်းလေ မောင်ဖန်နေမင်း။ သူ့နာမည်က အမုန်းမပြယ်တဲ့''

''အမုန်းမပြယ်''

နာမည်က အထူးအဆန်းလို ဖြစ်နေတာကြောင့် ဖန် သံယောင်လိုက်ရွတ်မိခြင်းပါ။ ဘယ်လိုနာမည်ပါလိမ့်။

''ဟုတ်တယ် မောင်ဖန်နေ။ သူက အန်တီတို့နဲ့ ခြံချင်းကပ်ပဲ လေ''

''ဩော်''

''နာမည်က အမုန်းမပြယ် . . ဟုတ်လား ငုံ''

အခုတစ်ခါ အံ့ဩသလို မေးလိုက်သူက ဒေါ်စန္ဒာဝင်းပါ။





''ဟုတ်တယ် စန္ဒာရဲ့၊ သူ့နာမည်က အမုန်းမပြယ်လေ။ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး။ နာမည်က ထူးဆန်းနေလို့ပါ။ ဘယ်လို ကြီးမုန်း မသိဘူးနော်။ လူလေးက လှရဲ့သားနဲ့ နာမည်ကြောင့် အသိ အကျွမ်းဖြစ်ရဖို့တောင် ခပ်ရှိန်ရှိန် ဖြစ်နေသလိုပဲ''

''စိတ်ရင်းလေးက ကောင်းပါတယ်စန္ဒာရဲ့။ နာမည်ကတော့ သူ့အမေက သူ့အဖေကို စိတ်နာပြီး ဒီနာမည်ပေးတာလို့ ပြောတာပဲ''

''ဩော်''

ဖန် လွန်နခဲ့ပြုံးလိုက်မိ၏။ မေမေကသာ ဒီနာမည်ကို ကြား ပြီး ရှိန်တယ်ပြောတာ။ ဖန်ကတော့ ဒီနာမည်မျိုးကို သဘောကျသည် လေ။ ဒါ မာနရဲ့အရိပ်အယောင်ပဲပေါ့။ ဖန်က နာမည်ဆို ကိုယ့်နာမည် လို မာနေမှကြိုက်တာ''

''သူ့ဘဝလေးက သနားဖို့ကောင်းပါတယ်။ ဒါပေမဲ့ မာန ကတော့ ကြီးသလား မမေးနဲ့။ သူ့ကို သနားတယ်လို့ပြောတဲ့သူတွေ ဆိုရင် ခေါ်ပြော နှုတ်ဆက်တောင် လုပ်ချင်တာမဟုတ်ဘူး။ သူ့မှာ သက်နှစ်ဖက် ခြေနှစ်ဖက်ပါတယ်။ ဘယ်သူ သနားတာကိုမှ မခံချင် ဘူးတဲ့''

''ဟုတ်ပါပြီ၊ စကားကလည်းကောင်းနေ သွားစရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတော့ ကျွန်တော် သွားလိုက်ပါဦးမယ် အန်တီ”

“အေ့ . . . ဟုတ်လား၊ သွားလေ သားသွားပါ၊ ရပါတယ်”

ဖန် ထရပ်လိုက်သည်တွင် . . .

“သား”

“____”

“ညနေကျ စောစောပြန်ခဲ့နော်”

“ဟုတ်ကဲ့ မေမေ”

ထွက်လာခဲ့ပြီးနောက် ဖန် စိတ်ထဲမှာရွတ်နေမိတာက အမုန်းမပြယ်ဆိုတဲ့နာမည်ပါ။ အမုန်းမပြယ်၊ ဘယ်သူ့ကို ဘယ်လောက်တောင် မုန်းနေလို့ အမုန်းတွေမပြယ်နိုင်တာလဲ အမုန်းမပြယ်။

❊



## အခန်း (၃)

“အင့် . . . အင့်ဟယ်”

“ဘုတ် ဘုတ်”

“အင့်”

“ဘုတ်”

ဖယောင်း ဝမ်းနည်းလွန်းလို့ ငိုတာက ခေါင်းအုံးကို စိတ်နှင့်မာန်နှင့်ထုပြီး ငိုနေတာလေ။ ပန်းကန်ကျကွဲတဲ့ပြဿနာက စပြီး အမုန်း သူမကို စကားမပြောတာ ငါးရက်ရှိပြီလေ။ ဖယောင်း အရမ်းခံစားရတာပေါ့။ သူက နေနိုင်ပေမယ့် ဖယောင်းကမှ မခေါ်ဘဲ မနေနိုင်ဘူး။ အမြဲတမ်း စိတ်ကောက်ကြပြီဆို ဖယောင်းကပဲ မနေနိုင်လို့ ဧ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရတာများတယ်လေ။

အခုလည်း –

သူ မခေါ်တော့ ဖယောင်းကပဲ ချော့ပြီး စခေါ်ရဦးမှာပေါ့။

"ဒေါက် ဒေါက်"

"____"

"ဒေါက် ဒေါက်"

"သမီး"

"____"

"သမီး ဖယောင်း"

အထဲက ဘာမှ တုံ့ပြန်သံမကြားရတော့ ဒေါ်မြလေးငုံ တံခါးကို တွန်းကြည့်လိုက်သည်။ တံခါးက တွန်းလိုက်တာနှင့် ဟသွားလေတော့ အထဲသို့ ဝင်လာခဲ့ပြီး –

"သမီး"

"ဟင့်"

"ဟင်"

"အဟင့် ဟင့်"

"သမီး သမီးငိုနေတယ်။ ဘာဖြစ်လို့လဲဟင်၊ မေမေ့ကို ပြောစမ်း"





"မေမေ့"

"ပြောလေ သမီး"

ဖယောင်း မိခင်၏ ရင်ခွင်တွင်းသို့ တိုးဝင်ပြီး ငိုပါလေတော့သည်။ အခုမှ ငိုချင်လျက်လက်တို့ဖြစ်တာလေ။

"အမုန်း ... အမုန်းလေ"

"အမုန်း ဘာဖြစ်လို့လဲ ပြောလေ"

"သူ သမီးကို စကားမပြောတာ ငါးရက်ရှိပြီ မေမေရဲ့"

ဒေါ်မြလေးငုံ သမီးကိုဖက်ပြီး ခေါင်းလေးကို ပွတ်သပ်ပေးလိုက်မိ၏။ ကိုယ်က ကိုယ့်သမီးဘက်ပဲကြည့်ပြီး စိတ်ဆိုးလို့လည်း မဖြစ်ပါဘူး။ သူတို့နှစ်ယောက်က ဒီလိုပဲ စိတ်ကောက်၊ သမီးက ငိုပြီးရင်ပြန်တည့်သွားကြတာပဲလေ။

"ဒါများ ငိုစရာလား သမီးရယ်၊ စိတ်ပြေသွားရင် ပြန်ခေါ်မှာပေါ့"

"ဟင့်အင်း ... အမုန်းစိတ်ကို သမီးသိတယ်။ သူကစပြီး သမီးကို ခေါ်မှာမဟုတ်ဘူး"

"သူ စမခေါ်တော့လည်း သမီးက စခေါ်လိုက်ပေါ့ သမီးရဲ့။ အတိုင်းလည်း ဒီလိုပဲလေ"

"သမီး ဝမ်းနည်းလို့ပါ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ် ... ဒိုမနေပါနဲ့တော့နော်။ အမှန်ကို မေမေပြောပေးမယ် ဟုတ်ပြီလား"

ဖယောင်း မိခင်၏မျက်နှာကို မော့ကြည့်လိုက်ပြီး –

"မေမေ တကယ်ပြောတာလား"

"တကယ်ပေါ့၊ ကဲ ထ ... မျက်နှာသွားသစ်လိုက်နော်"

"ဟုတ်"

ခေါင်းညိတ်ပြီး ဖယောင်း အိပ်ရာမှ ထလာခဲ့သည်လေ၊ မျက်နှာသစ်ပြီးသွားတော့ ဖယောင်း စဉ်းစားလိုက်မိတာသည် မေမေ ပြောပေးတော့ရော ဘာထူးမှာလဲ၊ အမှန်းစိတ်က ပြတ်သားသည်လေ၊ သူ မမှားတဲ့ကိစ္စဆို သူက စခေါ်မှာမဟုတ်ပါဘူး။ အခုကိစ္စက ဖယောင်းရော မှားသလား။

ဘာပဲဖြစ်ဖြစ် –

အမုန်းပြောသမျှက စေတနာစကားတွေပဲလေ။ ဒါကို ဖယောင်းက နားမလည်ခဲ့တာပါ။

"သမီး"

"ရှင်"

"သမီးကို မေမေ တစ်ခုပြောစရာရှိတာ မေ့နေလို့ သမီးရဲ့ ဒေါ်မြလေးငုံ လျှောက်လာတဲ့ပုံစံက တကယ့်ကိုပြောစ





ရှိတဲ့စကားက အရေးကြီးနေသလိုပါ။

"ဘာများလဲ မေမေရဲ့ ပြောလေ"

"သမီး facebook ဖွင့်ကြည့်တာ ဘယ်သူ သူငယ်ချင်း အပ်ထားလဲဟင်။ ဘယ်နှယောက်အပ်ထားလဲ၊ ဘယ်သူတွေလဲ မေမေ့ကို ပြောပြပါလား"

"ဟာ ... မေမေကလည်း၊ ပြောစရာရှိတယ်ဆိုလို့ အရေးကြီးစကားများလားလို့။ သမီး facebook မသုံးဖြစ်တာ နှစ်ရက်ရှိပြီ မေမေရဲ့"

"ဟင်"

အားတက်သရော မေးလိုက်မိတာ ခုတော့ သွားပြီ၊ သူမက တော့ ဖန်နေမင်းသူငယ်ချင်းအပ်လို့ သမီးလက်ခံပြီး မြင်ဖူးပြီးပြီတောင် ထင်တာ၊ ခုတော့ facebook မသုံးတာ နှစ်ရက်ရှိပြီတဲ့။ ဒါပေမဲ့ သမီး ဖွင့်ကြည့်ရင် တွေ့မှာပါ။

"ဒါဆို အခု ဖွင့်ကြည့်လိုက်ပါလား သမီးရဲ့"

"ဟာ ... မေမေကလည်း သမီး နှစ်ရက်မသုံးဖြစ်တာ သမီးရဲ့account ပျက်သွားလို့ မေမေရဲ့၊ အသစ်ပြန်မထည့်ရသေးဘူး လေ"

"ဟောတော့ ... ကောင်းရောအေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေရဲ့"

"ဘာမှမဖြစ်ပါဘူး၊ ဘာမှမဟုတ်ဘူး"

ဟူးခနဲ သက်ပြင်းကိုမှုတ်ထုတ်ပြီး ဒေါ်မြလေးငုံ လှည့်ထွက်သွားခဲ့တော့သည်။ ဖန်နေမင်း ဖွင့်ကြည့်ပြီးရှာတဲ့နေ့ကတောင် တွေ့သေးသားပဲ။ အခု ပျောက်သွားရတယ်လို့ ဒီလိုဖြစ်သွားလည်း ပြဿနာတော့မရှိပါဘူး။ ဖန်နေမင်းက သူ့နည်းသူ့ဟန်နဲ့ပဲ သမီးနဲ့ နီးစပ်အောင် ကြိုးစားမယ်တဲ့။

ဒါ သူ့ရဲ့အရည်အချင်းပဲပေါ့။

မိဘကိုအားကိုးပြီး မိန်းမတစ်ယောက်ကို အလွယ်တကူ ကောက်မယူချင်တာလေ။

"မြန်မြန်တွေ့ကြပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"

တစ်ဦးတည်း ရေရွတ်လိုက်မိတာပါ။ ဖန်နေမင်းက သူငယ်ချင်းအပ်ပြီး လက်မခံလို့ တစ်မျိုးများထင်သွားမလား။ ဒီက ပျောက်သွားတာကို သူကသိမှာမဟုတ်ဘူးလေ။ စိတ်ခုသွားရင်တော့ ဟာ မဖြစ်နိုင်ပါဘူး။

ကိုယ်က ဒီဖုန်းကိစ္စတွေ သိပ်နားလည်တာမဟုတ်ဘဲနဲ့ ထင်ရာလျှောက်တွေးနေမိတာ သူများသိရင် အရှုးလို့တောင် အပြောခံရဦးမယ်။





"အင့်"

"အမေ့"

ဒေါ်မြလေးငုံ တစ်ဦးတစ်ယောက်နှင့် ဝင်တိုက်မိပြီး မော့ကြည့်လိုက်တော့ –

"ကိုထိန်"

"ဘယ်လိုဖြစ်လာရတာလဲ ငုံရယ်။ ဒီလောက် ထင်ထင်ပေါ်ပေါ်ကြီး လျှောက်လာနေတာကို ဝင်တိုက်ရတယ်လို့"

"ဆောရီး . . . ဆောရီး၊ ကိုထိန် ကျွန်မ အတွေးလွန်သွားလို့ပါ"

"ဟင် . . . ဘာတွေ အတွေးလွန်လာတာလဲ၊ ကိုယ့်ကိုလည်း ပြောပြပါဦး ငုံရဲ့၊ လင်မယားချင်း လျှိုမထားနဲ့နော်"

"မလျှိုပါဘူး ကိုထိန်ရယ်။ ငုံကလည်း ပြောပြမလို့ပါပဲ။ ကိုထိန်ကို ဒီကိစ္စမတိုင်ပင်လို့မှ မရတာ"

"ပြောပါဦး"

"အခြားတော့ မဟုတ်ပါဘူး။ ရှင့်သမီးရဲ့အိမ်ထောင်ရေးကိစ္စပါ"

"ဟင်"

သမီးရဲ့အိမ်ထောင်ရေးကိစ္စဆိုလို့ ဦးဝင်းထိန် အံ့သြသွား



www.burmeseclassic.com

www.burmeseclassic.com



ချေသည်။ သမီးမှာ ချစ်သူရည်းစားရှိတယ်လို့ တစ်ခါမှ မကြားမိဘူးလေ
ဦးတော့ ကိုယ်က ကိုယ့်သမီးကို ကလေးလို့ပဲထင်တုန်းဆိုတော့လေ
"သမီးကို မောင်ဖန်နေမင်းနဲ့ နေရာချထားပေးမလို့ကို ထိ
ရဲ့။ ကဲ အေးအေးဆေးဆေး ရှင်းပြမယ်၊ လာ ထိုင်"
ထိုင်ဆိုတော့လည်း ဦးဝင်းထိန် ဆိုဖာဆီသို့သွားပြီး ထို
လိုက်သည်လေ။ မောင်ဖန်နေမင်းနဲ့ဆိုရင် ကိုယ်ကရော ဘာပြောနေ
ဦးမှာလဲ။ ခေါင်းညိတ်ပြီး သဘောတူလိုက်ရုံသာ။

❋



## အခန်း (၄)

နောက်ဆုံးတော့ မနေနိုင်တဲ့ ဖယောင်းကပဲ အမုန်းကို စခေါ်ဖို့
အတွက် အမုန်းတို့အိမ်သို့ ရောက်လာခဲ့သည်လေ။ ဧည့်ခန်းထဲမှာ
တွေ့လိုက်ရတာက အမုန်းရဲ့မေမေ ဒေါ်မျိုးခိုင်ဖူးနဲ့ ဦးလေးဖြစ်သူ
ဦးမြိုးပိုင်ဦးပါ။
"အန်တီ"
"ဟော . . . ဖယောင်းပါလား"
"အမုန်းရှိလား အန်တီ"
"ရှိတယ် သမီး၊ မီးဖိုချောင်ထဲမှာလေ ဝင်သွားလိုက်"
"ဟုတ်ကဲ့ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ဖယောင်း မီးဖိုချောင်ဘက်သို့ အပြေ အလွှားရောက်လာခဲ့သည်။ အမုန်းက အိမ်မှုကိစ္စနိုင်နင်းသလို အပြ ပန်းတွင်လည်း စီးပွားရေးလုပ်တဲ့နေရာမှာ ဘာလုပ်ရင် ဘယ်လော ရမယ်ဆိုပြီး ကွက်ကျော်မြင်တတ်သူပါ။ ဖယောင်းမှာသာ။

မိဘတွေက စိတ်မချလို့ဆိုပြီး ဘာမှမခိုင်းတာနှင့် ထမင်းဟင် လည်း မချက်တတ်၊ စီးပွားရေးအတွက် အလုပ်ကိစ္စလည်း နားမလည် ဖြစ်နေတာလေ။ ဒါပေမဲ့ အခု ထမင်းဟင်း မချက်တတ်သေးပေမယ် အလုပ်ကိစ္စတွေတော့ အမုန်းက လက်တွဲခေါ်ပြီး အတူတူလုပ်နေတ နားလည်နေပြီလေ။ ထမင်းဆာင်းချက်တာတွေ တတ်အောင်သင်ပေး ကျမှ ပန်းကန်ကျကွဲရာကနေ စိတ်ကောက်ကြတာပဲ မဟုတ်လား

ဖယောင်းခြေဖွ၍ လျှောက်လာခဲ့ရာ အမုန်း အနားကိုရောက် မှ နောက်ကနေ အမုန်းခါးကို သိမ်းဖက်လိုက်ရင်း –

''ဟိတ်''

''အင်''

အမုန်းက ဟင်းကို ခပ်မြည်းနေရာမှ ဖွန်းကိုချကာ ဖယော ဘက်သို့လှည့်လာလေတော့ –

''လန့်သွားလား''

''လန့်စရာလား ... နင်လာတာ ငါသိသားပဲဥစ္စာ''





''ဟင် ... ဘယ်လိုလုပ်သိတာလဲ''

ဖယောင်းက အံ့ဩသလိုလေး မေးလေလျှင် –

''နင့်ခြေသံက ရုပ်ခနဲတစ်ချက်မြည်သွားတယ်လေ။ ခြေသံ လုံလုံနဲ့ လာပြီဆိုကတည်းက နင့်အပြင် ဘယ်သူရှိရဦးမှာလဲ''

''အဟင့် ... ဒါလည်း သူသိတာပဲ၊ ရှေ့မှာ အလုပ်လုပ်နေ ပေမယ့် မျက်စိကလျှင် နားကပါး၊ ငါ နင့်လိုတော်ချင်လိုက်တာ အမုန်းရယ်''

သူ့ဘက်က စခေါ်လာပြီဆိုရင် အမုန်းက ဆက်တင်းထား တတ်သူမှမဟုတ်ဘဲလေ။ ဒါကြောင့် လွှန့်ခနဲ ပြုံးလိုက်မိပြီး –

''တော်ချင်ရင် တော်အောင်လုပ်လေ။ ဒီပညာတွေက ဘယ် သူများ အမေမွေးကတည်းက တတ်လာလို့လဲ၊ ပြောပြမယ့်သူ ရှိတာ တောင် နားထောင်လို့လား၊ နာခံလို့လား''

ဖယောင်း နှာခေါင်းလေးရှုံ့မိသည်သာ။ အမုန်းပြောတာ တွေက ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ လူတစ်ကိုယ် စိတ်တစ်မျိုး ပဲလေ။ ဗိဇလို့ပဲပြောရမလား၊ ဖယောင်းကိုက ကြောက်တတ်၊ အားနာတတ်ပြီး စိတ်ပျော့တာ ဘယ်လိုလုပ်ရမလဲ။

''နင့်စကားတွေကို ငါ နာခံချင်ပါတယ် အမုန်းရယ်''

''ဘယ်သူက မနာခံခိုင်းလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



''အဲလိုမျိုးတော့ မဟုတ်ပါဘူး။ ငါ့ကိုက တစ်ခုခုလုပ်မယ်လို့ စိတ်ကူးတိုင်းမှားသွားမှာကို ကြောက်နေမိတာလေ။ ပြီးတော့ ငါ ကြောက်တတ်တာကို နင်သိလျက်သားနဲ့''

''အဲဒါ နင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတာပဲ ဖယောင်း။ လောကမှာ အမှားကင်းတဲ့လူရှိရင် လက်ညှိုးထိုးပြစမ်းပါ။ ပူဇော်ထားချင်လို့။ နင် ထပ်ပြီးမှတ်ထားလိုက်ဦး ဖယောင်း။ အမှားဆိုတာ အမှန်ကိုမြင်နိုင်ဖို့အတွက် ထောက်ပြတဲ့ မှတ်ချက်တစ်ခုပဲ။ တစ်ခါမှားဖူးရင် နောက်မမှားအောင် ဆင်ခြင်နိုင်သွားပြီလေ။ ပညာတစ်ခု ရသွားတာပေါ့။ တစ်ခါလဲကျတာကို ကုန်းမထဘူးဆိုရင် လူဖြစ်ရှုံးသွားမှာပေါ့ ဖယောင်းရဲ့။ မှားချင်သလောက် မှား၊ လဲချင်သလောက်လဲ ကိုယ်က အခါခါပြင်ပြီး အခါခါ ထနိုင်မယ်ဆိုရင် အောင်မြင်လာတဲ့ တစ်နေ့ အဲဒီအောင်မြင်မှုဟာ တည်မြဲခိုင်မာနေမှာပဲလေ''

ဖယောင်း ခေါင်းလေးတညိတ်ညိတ်ဖြစ်ပြီး –

''ငါ နားလည်ပါပြီ အမုန်းရယ်၊ ငါ ကြိုးစားပါ့မယ်''

ရယ်ခြင်း ပြုံးခြင်း ရှားပါးလွန်းတဲ့ အမုန်းရဲ့မျက်နှာပေါ်မှာ ကျေနပ်ရိပ်ကလေး ဖြတ်ပြေးသွားလေသည်။ ဖယောင်းကို သွက်လက်ထက်မြက်တဲ့မိန်းမ ဖြစ်စေချင်တာ အမုန်းရဲ့စေတနာပဲလေ။

အဲဒီလိုမှမဟုတ်ရင် လူအများစုက ပျော့ညံ့သူတွေအပေါ်မှာ





အခွင့်အရေးယူတတ်ကြသည် မဟုတ်လား။

''ဒီနေ့ ဆိုင်ကိုလိုက်မယ် မဟုတ်လား''

''အင်း . . . လိုက်မှာပေါ့''

''အဲဒါဆို ပြန်လေ၊ ရေချိုးပြီး အဝတ်လဲပြီးရင် ပြန်လာခဲ့။ ညနေ အလှပြင်ဖို့လည်း မမေ့မနေနဲ့ဦးနော်''

အလှပြင်နိုင်းတာကတော့ အမုန်း ရွဲ့ပြောတယ်ဆိုတာကို ဖယောင်းသိပါသည်။ ဘာ့ကြောင့်လဲဆို ဖယောင်းက အလှအပ ကြိုက်သည်ပဲလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တောက်"

"ဟင်"

ကားက တုံ့ခနဲရပ်သွားပြီး အမုန်းဆီမှ တက်ခေါက်သံ ကြား လိုက်ရသဖြင့် ဖယောင်း အမုန်းကိုလှည့်ကြည့်လိုက်ကာ –

"ကား ဘာဖြစ်လို့လဲဟင် အမုန်း"

"ဘာဖြစ်တာလဲ မသိပါဘူး၊ ကြည့်ရဦးမှာပေါ့"

ပြောရင်း အမုန်းက ကားတံခါးကို တွန်းဖွင့်၍ ဆင်းလေ သည်။ သူ ဆင်းတော့ ဖယောင်းလည်း ဆင်းခဲ့ရသည်သာ။ တော်ရုံ တန်ရုံ ပျက်တာလောက်ဆိုရင်တော့ အမုန်းက သူ့ဘာသာသူပဲ ပြင်





တတ်သည်လေ။ အမုန်းက ကားစက်ဖုံးကို ဖွင့်ကြည့်နေတော့ ဖယောင်း လိုက်သာကြည့်နေရတယ် ဘာမှမသိပေ။

ဖယောင်းက ကားပဲမောင်းတတ်တာ၊ ပျက်ရင် ဘာမှမသိ ပေ။ အမုန်းကသိမှာပေါ့။ သူ့လေးလေးက ဝပ်ရှော့ထောင်ထားတာ ဆိုတော့ တော်ရုံတန်ရုံသူများကို အကူအညီမတောင်းရအောင် ဆိုပြီး သင်ပေးထားတာလေ။

"သွားပါပြီ၊ တောက် . . . အရေးထဲမှ"

"ဘာဖြစ်တာလဲဟင် အမုန်း"

"ပန့်ကြိုးပြတ်သွားတာ"

"ဟင်"

အမုန်း ကားစက်ဖုံးကို ပြန်ပိတ်ပြီး ဖုန်းကိုထုတ်လိုက်ကာ–

"____"

"ဟယ်လို . . . လေးလေး"

"____"

"ဒီမှာ အမုန်း ကားပျက်သွားလို့ အဲဒါ လေးလေး လာပြင် ပေးပါဦး"

"______"

"ပန့်ကြိုးပြတ်သွားတာ လေးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“– – – – –”

“ဟုတ်ကဲ့”

“– – – –”

“ဒါဆို မြန်မြန်လာခဲ့နော် . . . လေးလေး”

“– – – – –”

“Ok Ok . . . လာရမယ့်နေရာက”

အမုန်း လေးလေးကိုလာရမယ့် နေရာပြောပြပြီး ဖုန်းချလိုက်တော့သည်။ အမုန်းကားပျက်နေတာမို့ လေးလေးကိုယ်တိုင် ပါလာမှာပါ။ အချို့ကားတွေဆိုရင် တပည့်တွေကိုပဲ လွှတ်တာများသည်လေ။

“အမုန်း”

“ဟင်”

“တို့ ဒီအတိုင်းပဲ ရပ်စောင့်နေရမှာလား”

“ရပ်မစောင့်လို့ နင်က အိပ်စောင့်ချင်လို့လား။ အဲဒါဆိုလည်း ကားထဲမှာပဲ အိပ်စောင့်ပေတော့”

“နင်ကလည်း ပြောတော့မယ်၊ ငါပြောတာ ဒီအနီးအနားမှာ တစ်ခုခု သွားစားရင်း ထိုင်စောင့်မလား၊ ကားထဲမှာ ထိုင်စောင့်မလား။ အဲဒါမေးတာကို”

“ဟင်”





အမုန်း ဖယောင်းကို စကားပြန်မပြောနိုင်ဘဲ အကြည့်က တစ်နေရာဆီသို့ စူးစိုက်နေလေလျှင် –

“ဘာဖြစ်လို့လဲ အမုန်း”

အမုန်းက ဖယောင်းကိုလှည့်မကြည့်ဘဲ ဖြေသည်မှာ –

“ဟိုမှာ အဘွားတစ်ယောက် လမ်းကူးမလို့ ထင်တယ်။ ကူးလို့ဖြစ်ပါ့မလားမသိဘူး။ သူ့ကြည့်ရတာ ယိုင်တိယိုင်တိုင်နဲ့”

ဖယောင်း အမုန်းကြည့်တဲ့နေရာကိုလိုက်ကြည့်လိုက်တော့ သူပြောသလိုပါပဲ။ အဘွားတစ်ယောက်က ရပ်နေတာပေမယ့် နားထင်နှစ်ဖက်ကို လက်နှင့်ညှပ်ထောက်ထားပြီး ပုံစံက ယိုင်သလိုလို ယိမ်းသလိုလိုနှင့်ပါ။

“မဖြစ်သေးပါဘူး လာ ဖယောင်း . . . လိုက်ခဲ့”

ပြောပြောဆိုဆိုနှင့် အမုန်းက အဘွားဆီသို့ပြေးသွားလေတော့၏။ ဖယောင်းလည်း နောက်မှလိုက်ခဲ့သည်သာ။ အဘွားက ကမန်းကတန်း ထိုင်ချလိုက်ချိန်မှာ အမုန်းက အနားရောက်သွားပြီး–

“အဘွား”

“ဘုရား . . . ဘုရား”

“အဘွား . . . ဘာဖြစ်လို့လဲဟင်၊ သမီးတို့ ဘာကူညီရမလဲ။ ခေါင်းမူးလို့လား”

www.burmeseclassic.com



အဘွားက ခေါင်းညိတ်ပြပြီး –

"ဟုတ်တယ်၊ အဘွား ခေါင်းထဲမူးသွားလို့ပါ"

"ဒါ ဒါဆို . . . ဆေးခန်းပြမှဖြစ်မှာပေါ့။ အဘွားကို သမီးတို့ ဆေးခန်းပို့ပေးမယ်နော်"

အမုန်းကသာ ပြောနေပြီး ဖယောင်းက ဘာမှ ဝင်မပြောပေ။ မပြောဆို ဘာပြောရမှန်း မသိတာလေ။ အမုန်းပြောတာ နားထောင်ပြီး အမုန်းခိုင်းတာကို လုပ်ပေးဖို့တော့ အဆင်သင့် ရှိနေသူပါ။ အဘွားက လက်ကာပြပြီး –

"ရတယ် သမီး . . . ရတယ်၊ ခဏနေရင် အဘွား ကောင်းသွားမှာပါ။ ဆေးခန်းတော့ မသွားတော့ပါဘူးကွယ်"

"မဟုတ်တာ အဘွားရဲ့ . . . တော်ကြာ တစ်ခုခုဖြစ်နေမှဖြင့်"

ပြောနေရင်း အမုန်း တွေခနဲ ဖြစ်သွားကာ –

"ဟို . . . အဘွားမှာ ပိုက်ဆံမရှိလို့လားဟင်။ မရှိလည်း ရပါတယ် အဘွားရဲ့။ ဆေးခန်းသွားရအောင်နော်၊ သမီးတို့ အဘွားကို ကူညီမှာပါ"

အမုန်းစကားအဆုံးမှာ အဘွားက မျက်ရည်တွေကျလာလေသည်။ ဖယောင်းသနားလိုက်တာ မပြောပါနဲ့တော့။ ဘာလို့ ငိုရတာလဲ။ ပုံစံက ခပ်နွမ်းနွမ်းဆိုတော့ ပိုက်ဆံမရှိလို့လား။ ဒါမှမဟုတ် သူ့မှာ





ပြုစုမယ့် သားထောက်သမီးခံ မရှိလို့လား။ အခုလို တစ်ယောက်တည်း သွားရ လာရတာ အသက်ကြီးတဲ့လူတွေအတွက် အန္တရာယ်ရှိသည်ပဲ လေ။

"အဘွား . . . ဘာလို့ငိုတာလဲ အဘွားရဲ့။ အဘွား လိုအပ်သမျှ သမီးတို့ကူညီမှာပါ။ အဘွား ဘာလိုအပ်လဲဆိုတာကိုသာ ပြောပါ"

"အဘွားမှာ ဆေးခန်းသွားဖို့ ပိုက်ဆံပါ ပါတယ်သမီးရယ်။ ဒါပေမဲ့ အဘွား ဝမ်းနည်းလွန်းလို့ပါ"

"ရှင်"

အဘွားက တသိမ့်သိမ့် ရှိုက်ငိုပါလေတော့သည်။ အမုန်းနဲ့ ဖယောင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။ သူ ဘာကြောင့် ဝမ်းနည်းတာလဲ။ သူ့အကြောင်း ဘာမှမသိရတော့ ဘယ်လို နှစ်သိမ့်အားပေးရမှန်းလည်းမသိ။ သူတို့ကို ခပ်လှမ်းလှမ်းကနေ လူတစ်ယောက်အကဲခတ်သလို ကြည့်နေတာကိုလည်း ဘယ်သူမှ မသိကြပေ။

သူကတော့ ဖန်နေမင်းပါပဲ။ လူကြီးတွေက သူ့ကို မြဖယောင်းသွင်နဲ့ သဘောတူထားလို့ လိုက်ပြီး အကဲခတ်လေ့လာနေတယ်ဆိုရင် မမှားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား"

"____"

"အဘွားနာမည်က ဘယ်သူလဲဟင်။ အဘွား ဘာကို ဝမ်းနည်းနေတာလဲဆိုတာ သမီးတို့သိအောင် ပြောပြနိုင်မလား အဘွား"

အခုတစ်ခါ မေးလိုက်သူကတော့ ဖယောင်းပါ။ အဘွားက မျက်ရည်တွေသုတ်ပြီး မျက်နှာမော့လာကာ –

"အဘွားနာမည်က ဒေါ်ကျင်ခပါကွယ်။ အဘွားမှာ သား တစ်ယောက် ရှိပါတယ်။ အခု သားအိမ်ကိုသွားတာ။ ချွေးမနဲ့မြေးတွေက အဘွားကို ငွေတစ်သောင်းပေးလိုက်ကြတယ်။ နောက်ကို သူတို့အိမ်ကို ဘယ်တော့မှ မလာခဲ့ပါနဲ့တဲ့"

"ဟင်"

"ရှင်"

"အဲဒါကို အဘွား ဝမ်းနည်းလွန်းလို့ပါ"

"အို ... စိတ်မကောင်းလိုက်တာ အဘွားရယ်"

"တောက် ... လူစိတ်မရှိလိုက်ကြတာ"

အမုန်းထဲမှ တက်ခေါက်သံထွက်လာလေသည်။ အမုန်းက ဖခင်စိတ်မရှိတဲ့လူရဲ့သမီး ဖြစ်ခဲ့သူမို့ မိဘတွေရဲ့ ချစ်ခြင်းဆိုတဲ့ မေတ္တာတရားကို အသိပ်အယုံအကြည်ရှိခဲ့သူ မဟုတ်ပေ။ အထူးသဖြင့် ဖခင်





တစ်ယောက်ရဲ့မေတ္တာတရားဆိုတာကိုပေါ့။ အခု အဘွားကျတော့ သား သမီးရဲ့မေတ္တာတရားတုံ့ပြန်မှုကို မရရှိသူ။ မိဘအပေါ် တာဝန်မကျေတဲ့သား စိတ်ထဲမှာ ထင်းခနဲဖြစ်သွားရသည်။

"အဘွားသားက ဘယ်မှာနေတာလဲ"

မေးသံက မာဆတ်ဆတ်ဖြစ်သွားသည်ထင်ပါရဲ့။ အနားလာ ရပ်နေပြီးဖြစ်သော ဖန် ပခုံးတွန့်လိုက်မိသည်သာ။ အဘွားက သူ့သား နေတဲ့နေရာကို ပြောပြပြီးနောက် –

"အခု အဘွားက ဘယ်ကိုပြန်မှာလဲ။ အမုန်း လိုက်ပို့ပါ့မယ်"

"လိုက်ပို့ရင်တော့ ကောင်းတာပေါ့ သမီးရယ်။ သမီးတို့ကို အဘွား ကျေးဇူးတင်ပါတယ်"

"ဖယောင်း"

"ဟင်"

"နင် အဘွားကိုလိုက်ပို့မလား၊ ဒီမှာကျန်ခဲ့မလား"

"ဟင့်အင်း ... ငါ မကျန်ခဲ့ချင်ပါဘူး။ အဘွားကိုပဲ လိုက်ပို့လိုက်မယ်"

"ကောင်းပြီ ... ဒါဆို ငါ Taxi ငှားလိုက်ဦးမယ်"

"Taxi ငှားစရာမလိုပါဘူး။ ကျွန်တော် လိုက်ပို့လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နှစ်ယောက်စလုံး မော့အကြည့်မှာ ဖယောင်းမျက်နှာက တစ်ခုခုကို အံ့သြသွားသလိုရှိပြီး အမုန်းမျက်နှာကတော့ တင်းမာနေလျက်ပါ။

"ရှင်က ဘယ်သူလဲ"

"ဖန်နေမင်း"

"ရှင့်ကို နာမည်မေးနေတာမဟုတ်ဘူး။ ဒီအဘွားနဲ့ပတ်သက်မှု ရှိ,မရှိကို မေးနေတာ"

"အဲဒါ ရှင်းအောင်မေးပါလား။ ဘယ်လိုမှ မပတ်သက်ဘူး အမြင်မတော်ဘူးထင်လို့ ကူညီချင်တာ"

"အဲဒါဆို မလိုဘူး"

"ဟ ... ကူညီချင်တာ ကုသိုလ်ယူချင်တာတောင် မျှဝေမပေးချင်ပါလား။ မင်းပုံစံက တော်တော် အတ္တကြီးမယ့်ပုံပဲ"

"ဘာ"

"အမုန်း"

ထရပ်တော့မည့်အမုန်းလက်ကို၊ ဖယောင်းက လှမ်းပြီး ဆုပ်ကိုင်လိုက်လေသည်။ တစ်ဖက်က ကူညီချင်လို့ တောင်းဆိုတာကို ရန်တွေ့လွှတ်ဖို့ကျတော့ မကောင်းဘူးလေ။





"သူလိုက်ပို့မယ်ဆိုတော့ အဆင်ပြေတာပေါ့ အမုန်းရဲ့။ ပို့ပါစေ အဘွားထ"

ပြောပြောဆိုဆို ဖယောင်းက အဘွားကိုတွဲထူလေလျှင်–

"နင် လိုက်သွားမှာလား"

"အင်း"

"သူက ဘယ်သူမှန်း ဘယ်ဝါမှန်းမသိဘဲနဲ့ နင်လိုက်ရဲလား"

"စိတ်ချ ... မင်းသူငယ်ချင်းကို ငါ ရောင်းမစားဘူး၊ ငါ့ရဲ့ ကားနံပါတ်ကို မင်း မှတ်ထားလိုက်"

စောစောက ကျွန်တော်လို့ပြောပြီး ခုတော့ ငါဖြစ်သွားပြီ။ အဲဒါ မခံချင်စိတ်ကြောင့် ဖြစ်သွားတာလေ။ ဖန် အိတ်ထဲကမှတ်ပုံတင်ကို ထုတ်ပေးလိုက်ပြီး –

"ရော့ ... ဒါပါ ယူထားလိုက်။ ပြီးမှ မင်းသူငယ်ချင်းကို ပြန်လာပို့ရင်း ပြန်ယူမယ်"

အမုန်း သူပေးတာကို ယူထားလိုက်မိ၏။ လူဆိုးဆိုတာ ဦးချိုပါနေတာမှမဟုတ်ဘဲလေ။ ဒီလိုယူထားတဲ့အတွက် အားနာစရာ မလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''ဖယောင်း''

''ဟင်''

အသွားတုန်းကတော့ သူက ရှေ့ခန်းမှာ ကားမောင်းပြီး အသွားဒေါ်ကျင်ခနှင့် ဖယောင်းက နောက်ခန်းမှာဆိုတော့ သူနဲ့ ဖယောင်း တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြဘူးလေ။ အခု အပြန်လမ်းမှာတော့ သူက စခေါ်လို့ ဖယောင်း အံ့သြစွာ ကြည့်မိလေလျှင် –

''ဘာကြောင့်ကြည့်နေတာလဲ၊ မင်းကိုခေါ်နေတာလေ။ မင်း နာမည် ဖယောင်းမဟုတ်ဘူးလား''





''ဟုတ်ပါတယ်၊ ရှင် ကျွန်မနာမည်ကို ဘယ်လိုလုပ်ပြီး သိတာလဲ''

''အဟွန်း''

ဖန် အသံထွက်ပြီးရယ်လိုက်မိသည်။ မင်းက ငါ့ကို မသိပေမယ့် ငါက မင်းကိုသိနေတယ် မြဖယောင်းသွင်။

''ဘာဆန်းတာမှတ်လို့ ဖယောင်းရဲ့။ မင်း အသွားနဲ့စကား ပြောရင် ဖယောင်း၊ ဖယောင်းနဲ့ ထည့်ပြောတာလေ။ အဲဒါကို မှတ် ထားတာပေါ့''

''ဪ''

ဒီအချက်ကို ဖယောင်း မစဉ်းစားမိပေ။ ဟုတ်တာပေါ့။ ဖယောင်းကစကားပြောရင် ကိုယ့်နာမည် ထည့်ပြောတတ်တာပဲဥစ္စာ။

သူ့အတွက် မထူးဆန်းပေမယ့် ဖယောင်းကတော့ ထူးဆန်းသလိုပဲ သူ့ကို ငေးမောကြည့်နေမိသည်။

ငေးဆို သူက အရမ်းချောတာကိုး။ ဖယောင်းက သူ့ကို ငေးနေမိတော့ သူ့ရဲ့ ခပ်ထူထူမျက်ခုံးနှစ်ဖက်က တွန့်ကုပ်သွားလေ သည်။

မျက်နှာမှာ အဖုအပိမ့်ကင်း၍ နှာခေါင်းချွန်ချွန်ရဲ့အောက်မှာ နှုတ်ခမ်းပါးနှုတ်ခမ်းက အနီရောင်သမ်းနေလျက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

"ဟင်"

"ဘာလို့ အဲလောက်ကြည့်နေတာလဲ"

"ဟင် . . . အဲ မကြည့်ပါဘူး"

ဖယောင်း သတိရပြီး ရုက်ကိုးရုက်ကန်းနှင့် တစ်ဖက်လှည့်၍ ဟိုကြည့် ဒီကြည့် ဖြစ်သွားရသည်သာ။ ဒီမျက်လုံးကလည်းနော် ဘာလို့ အဲဒီလောက်ကြည့်မိသွားပါလိမ့်။ အဲဒီလို ကြည့်မိခြင်းအတွက် သူ ဖယောင်းကို အထင်သေးသွားမလား။

"အဲဒီလောက်ကြီး ရုက်မသွားပါနဲ့၊ ငါက မတွန့်တိုတတ်ပါဘူး။ ချောလို့ကြည့်တာ ကြည့်ပေါ့။ မဟုတ်ဘူးလား"

ကောင်မလေး သူ့ကို လုံးဝလှည့်မကြည့်ရဲတော့ပေ။ ရုက်သွားပုံကလည်း ကြည့်နေတာသိသိနဲ့တောင် မကြည့်ဘူးတဲ့။

"ဖယောင်း"

"– – – –"

"ဟိုတစ်ယောက်က မင်းရဲ့သူငယ်ချင်းလား"

"ရှင်"

"အမုန်းဆိုတာလေ"

"သူ့နာမည်ကိုလည်း ရှင်သိတာပဲလား"





"အင်း . . . မင်းခေါ်လိုက်တာကို မှတ်ထားတာလေ"

ဖယောင်း မျက်ခုံးလေးနှစ်ဖက် တွန့်တက်သွားလေသည်။ ဒီလူ ဘယ်လိုလူပါလိမ့်။ နာမည်တွေကို ဘာလို့မှတ်ထားရတာလဲ။ ဖယောင်းက အများကြီးတော့ မတွေးတတ်ပါဘူး။ ဒါပေမဲ့ . . . ဒီလူ ဆက်ဆံပုံက အခုမှ တွေ့ကြတာကို သူ့ဘက်က ရင်းနှီးသလို ရှိနေတာလေ။

"မင်းပုံစံက တစ်ခုခုကို အံ့သြနေသလိုပဲ။ ဘာကို အံ့သြနေတာလဲ"

မေးလာပြီဆိုတော့ –

"ဟင့်အင်း"

"ဘာကိုခေါင်းခါတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"ဟောဗျာ"

"ရှင် ဘယ်သူလဲဟင်"

"ဖန်နေမင်း"

"ဟို ကျွန်မမေးတာက"

"သိပါတယ်၊ ငါက နာမည်ကို အရင်မိတ်ဆက်ပေးတာပါ။ မှတ်ပုံတင်ကတော့ မင်းသူငယ်ချင်းဆီမှာ ထားခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဖန် လက်တစ်ဖက်က အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ပြီး ပြန်ထွက်လာတော့ –

''ရော့ . . . မင်းကိုပေးဖို့ အဆင်သင့်ထည့်ထားတာ''

သူပေးတဲ့ကတ်ကို ဖယောင်း ယူထားလိုက်လေလျှင် –

''အဲဒီအထဲမှာ ငါ့ရဲ့အိမ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကုမ္ပဏီလိပ်စာ အကုန်ပါတယ်''

''ကျွန်မက ဘာလုပ်ရမှာလဲ''

''ငါ သူခိုး ဂျပိုးမဟုတ်ဘူးဆိုတာ သိစေချင်လို့ပါ။ ငါ့အကြောင်းသိချင်ရင် စုံစမ်းလို့ရအောင်ပေးတာ။ ငါ မင်းနဲ့ ခင်မင်ခွင့်ရချင်တယ်''

''ရှင်''

''ခင်လို့ရမလား''

ဖယောင်း တွေခနဲဖြစ်သွားရ၏။ ခင်မင်မှုဆိုတာကတော့ တွန့်တိုကောင်းတဲ့အရာမှမဟုတ်ဘဲလေ။

ဖယောင်း ယောက်ျားလေးတိုင်းကိုတော့ မခင်ရဲပါဘူး။ သူ့ကိုကျတော့ –

''ပြောလေ''

''ရ . . . ရပါတယ်''





''ဒါဆို ဖယောင်းတို့အိမ်ကို အလည်လာလို့ရော ရမလား''

''ရှင်''

အံ့သြစွာနှင့် ဖယောင်း ကိုယ်လေးမတ်ခနဲဖြစ်သွားရ၏။ အခုမှပဲ သိတယ်ဆိုပါတော့။

အခုပဲ အိမ်ကိုအလည်လာဖို့ ခွင့်တောင်းနေတော့ ဘာပြောရမလဲ။

''ရှင်လို့ပြောတာပဲ ကျွမ်းကျင်ပုံရတယ်နော်''

''ဟို မဟုတ်ပါဘူး။ လာလည်လို့ ရပါတယ်။ လာရော လာမှာမို့လို့လား''

''လာမှာမို့လို့ ပြောနေတာပေါ့''

''တကယ်''

''အင်း''

''ရပါတယ် လာခဲ့လေ။ ဖယောင်းက ခင်တတ်ပါတယ်''

''ဒါဆို ကောင်းတာပေါ့''

''ဖယောင်းက ယောက်ျားတိုင်းကို ခင်တာမဟုတ်ဘူးနော်ရှင့်''

''ငါ့ကိုကျမှ ခင်တယ်ပေါ့''

''ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖန် ကျေနပ်သွားပြီလေ။ ဒါ ပထမခြေလှမ်းပါပဲ။ ပထမခြေလှမ်းမှာ အောင်မြင်စွာ ဝင်ခွင့်ရပြီဆိုတော့ မဆိုးပါဘူး။ ဒါမှ ကိုယ်လက်ထပ်ရမယ့်မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ်ကို လေ့လာခွင့်ရမှာ။ ရုပ်ချောခြင်း မချောခြင်းထက် တစ်သက်လုံး လက်တွဲသွားရမည့် အိမ်ထောင်ဖက်သည်။

ကိုယ်နဲ့ . . .

စိတ်သဘောထားချင်း တိုက်ဆိုင်ဖို့တော့လိုတာပေါ့။ ပြီးတော့ ဖန်က စီးပွားရေးသမားဆိုပေမယ့် အိမ်ထောင်ရေးကိုတော့ စီးပွားတွက်,တွက်ပြီး မတည်ဆောက်ချင်ဘူးလေ။ စိတ်ကူးယဉ်ဆန်တယ်ပဲပြောပြော အိမ်ထောင်ရေးတည်မြဲဖို့ အဓိကအုတ်မြစ်သည် အချစ်လို့ပဲ ယူဆထား၏။

ဒါကြောင့် သူ့ရင်ထဲမှာရော ကိုယ့်ရင်ထဲမှာပါ ချစ်ခြင်းတွေ သန္ဓေတည်ဖို့လိုတာပေါ့။

''ဖယောင်းကို ဘယ်လိုက်ပို့ပေးရမလဲ။ စောစောက ကားပျက်တဲ့နေရာကိုပဲ ပြန်ပို့ပေးရမလား''

''ဆိုင်ကိုပဲ လိုက်ပို့ပေးပါ။ ခုလောက်ဆို အမုန်းလည်း ဆိုင်ကိုရောက်နေရော့မယ်။ သူက သူ့လေးလေးရောက်တာနဲ့ ကားသော့ပေးပြီး ဆိုင်ကိုသွားမှာ။ ဖယောင်းတို့ ဆိုင်လိပ်စာက''





ဖယောင်း သူတို့ဆိုင်လိပ်စာကိုပြောပြီး သူငယ်ချင်း နှစ်ယောက် အထည်ဆိုင်အတူတူဖွင့်ထားတဲ့အကြောင်းလည်း ပြောပြလိုက်သည်လေ။

တကယ်ဆို –

ဒီဆိုင်ကို အမုန်းက ဦးဆောင်ပြီးဖွင့်ခဲ့တာပါ။

*



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

အမုန်း လိပ်စာအတိုင်း အဘွားဒေါ်ကျင်ခရဲ့သား ဦးစောနောင်၏အိမ်သို့ ရောက်လာခဲ့ပါပြီ။ ဦးစောနောင်တဲ့၊ ဟွန်း၊ ကိုယ်မုန်းတဲ့ ကိုယ့်အဖေနာမည်နဲ့တူနေတာနဲ့တင် မုန်းလိုက်တာ။ ကိုယ့်အဖေက သူများသားပျိုသမီးပျိုကို စော်ကားပြီး တာဝန်မယူတဲ့သူ။

အခု –

သူမတွေ့ဖို့လာခဲ့တဲ့ ဦးစောနောင်ကတော့ မိဘအပေါ် သားသမီး ဝတ္တရားမကျေပွန်တဲ့သူလေ။ မိဘဆိုတာ အစားထိုးလို့ မရနိုင်တဲ့ သူဆိုတာကိုမသိတဲ့သူ တွေ့ကြသေးတာပေါ့။ အမုန်းကလည်း မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်တဲ့သူဆိုတော့ –





"တီ တောင်"

"––––––"

"တီး တောင်"

"ဟင်"

ကိုယ့်နောက်မှာ တစ်ယောက်ယောက်လာရပ်သလို ကျောပြင်ဆီမှာ ခပ်နွေးနွေးရှိသွားတာမို့ အမုန်း လှည့်ကြည့်လိုက်စဉ် –

"အ"

"ဟင်"

ကိုယ်ပါ လှည့်လိုက်တာမို့ သူ့ဗိုက်ကို အမုန်းတံတောင်နှင့် တိုက်မိသလို ဖြစ်သွားလေလျှင် –

"ဆောရီး"

"ဘာဆောရီးလဲ၊ လူတစ်ယောက်လုံး လာရပ်တာတောင် မမြင်ဘူးလား"

"မမြင်လို့ပေါ့၊ ရှင်ကရော ဘာလို့ထိလုကပ်လုမတတ် လာရပ်ရတာလဲ။ ဒီလောက်နေရာအကျယ်ကြီးကို ခွာပြီး ရပ်ပါလား"

"အဲမယ် ... ပြောပုံက ငါကပဲ အခွင့်အရေးယူတဲ့ အခွင့်အရေးသမားလိုလိုနဲ့။ ဒီမှာ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင်"

တစ်ယောက်က ဒေါသနှင့် မျက်နှာစေ့စေ့ကြည့်ပြောဖို့ ငုံ့ အကြည့် တစ်ယောက်ကပြောစမ်းဟု မော့ကြည့်လိုက်စဉ်မှာ တစ်ယောက်ကို တစ်ယောက်မှတ်မိသွားကြပြီး –

"ရှင် ရှင်"

"မင်း"

တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးတာခုံသွားပြီး ဖန်ကပဲ လက်ညှိုးကို အရင်ရုပ်သိမ်းလိုက်ကာ –

"အမုန်း မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ အမုန်းမပြုယ်ဘဲ။ ရှင်က ဖန် ဖန်ဘယ်သူ"

"ဖန်နေမင်း"

"မှတ်မိပြီ"

ပြောလိုက်သံက ခပ်ဆောင့်ဆောင့်မို့ –

"အံမယ် . . . သူမေးလို့လည်း ပြောရသေး၊ လေသံက အထက်စီးသံနဲ့ပါလား"

"ကျွန်မ ဒီလိုပဲပြောတတ်တယ်၊ မကျေနပ်ရင်လည်း





မတတ်နိုင်ဘူး။ လေသံအေးနဲ့ချွေးချွေးနေရအောင် ရှင်နဲ့ကျွန်မက စီးပွားဘက်မှ မဟုတ်တာ။ အခုမှမြင်ဖူးတာ နှစ်ခါပဲရှိသေးတယ်။ နောက်ထပ်ဆုံဖြစ်ရင်တောင် ပတ်သက်စရာမရှိဘူး"

"မင်း သေချာတယ်လို့ ပြောနိုင်လား"

ဆတ်ခနဲ မော့ကြည့်လိုက်တဲ့ အမုန်းရဲ့မျက်ဝန်းထဲမှာ ဒေါသက်ရိပ်တွေနှင့်ပါ။ ဖန့်မျက်ဝန်းထဲမှာလည်း အဓိပ္ပာယ်သက်ရောက်မှုတစ်ခုနဲ့သာပေါ့။ နောက်ထပ်တွေ့ဖြစ်ရင်တောင် ပတ်သက်စရာအကြောင်းမရှိဘူးတဲ့။ မြဖယောင်းသွင်နဲ့ ပတ်သက်ပြီး မင်း ငါနဲ့မပတ်သက်လို့မဖြစ် ပတ်သက်နေရဦးမှာပါ အမုန်းမပြုယ်။

အမုန်းစိတ်ထဲမှာလည်း –

သေချာတယ်လို့ ပြောနိုင်လားလို့ ဖန်နေမင်းမေးပုံထောက်တော့ သူက အမုန်းနဲ့ ပတ်သက်ဖို့ ကြိုးစားမလို့လားဆိုတဲ့ အတွေးနှင့်သာပေါ့။ အချို့ယောကျ်ားတွေက မာနကြီးတဲ့ မိန်းကလေးဆိုမာနကိုချိုးချင်လို့၊ ပတ်သက်ဖို့ ကြိုးစားချင်တာ။ မာနကြီးတာကိုကြည့်မရလို့ အမြင်ကတ်လို့ဆိုတဲ့ ပုဒ်မတွေနဲ့လေ။ သူကရော အဲဒီအစားထဲမှာပဲလား။

"ဒါဆို ရှင်က ကျွန်မနဲ့ပတ်သက်ဖို့ ကြိုးစားမယ့် စိတ်ကူးရှိသယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်သက်ဖို့အကြောင်း ရှိနေတယ်ဆိုရင်ရော"

"ကျွန်မကတော့ မပတ်သက်ချင်ဘူး"

"ရေစက်ဆိုတာကို မင်းယုံလား"

"ဘာ"

ပြောပြီး ပြုံးနေတဲ့သူ့ပုံစံကိုကြည့်ပြီး အမုန်း အမြင်ကတ်လိုက်တာ မပြောပါနဲ့တော့။ သူ့စကားက ဘာလဲ။ အမုန်းက သူနဲ့ရေစက်ရှိလို့ဆုံတယ်ဆိုတဲ့ သဘောလား။

"မယုံဘူးလို့တော့ မပြောနဲ့နော်။ ရှေးဘဝက ရေစက်ရှိခဲ့ရင် မြေကြီးလက်ခတ်မလွဲပဲ။ ပတ်သက်ဆက်နွယ်ခွင့်ဆိုတာ ရှိကို ရှိလာမှာ"

"ဒီမှာ"

"____"

"ရှင် ဘာလို့ ဒီစကားမျိုးတွေပြောနေတာလဲ၊ ဘာလဲ ကျွန်မကို"

"ဟိုး နိုး နိုး၊ တလွဲမတွေးပါနဲ့။ ငါက ရိုးရိုးသားသားပဲ ပြောတာပါ။ မင်းနဲ့ငါ မထင်မှတ်ပဲဆုံကြတာ အခုနဲ့ဆို နှစ်ခါရှိပြီလေ။ အဲဒါ ရေစက်ရှိလို့ဆုံကြတာပေါ့။ ရေစက်မကုန်ရင် နောက်ထပ်လည်း ဆုံကြရဦးမှာပဲလေ။ အဲဒါတွေထားလိုက်ပါတော့။ အခု မင်း ဒီကို





ဘာလာလုပ်တာလဲ"

"ကျွန်မဘာသာ ဘာပဲလာလုပ်လုပ် ရှင့်အကြောင်းလား"

"ငါက အကောင်းမေးတာပါ"

အမုန်း မျက်မှောင်လေးကြုတ်သွားပြီး –

"ရှင်ကရော"

"ငါ အရင်မေးတာလေ၊ မင်းအရင်ဖြေပေါ့"

အမုန်း မဖြေနိုင်စရာအကြောင်း မရှိပါဘူး။ ဦးစောနောင်ဆိုတဲ့လူကို မိဘအပေါ်မှာ လူလိုသိတတ်ဖို့ လာပြောတာလေ။ သားတစ်ယောက်တည်းမွေးထားတဲ့ မိခင်တစ်ယောက်အနေနဲ့ ဒီသားကိုပဲ အားမကိုးရရင် ဘယ်သူ့ကိုသွားပြီး အားကိုးရမလဲ။ ဒါဆို မိဘအပေါ် ဥပေက္ခာပြုထားတယ်ဆိုတော့ –

ကိုယ်နဲ့မဆိုင်ဘူးဆိုပေမယ့် –

အမြင်မတော်တာနှင့် ဝင်ပါရဦးမယ်လေ။ မွေးကျေးဇူးကို ဆပ်ရင်နေပါစေ ကျေးဇူးတော့မကန်းသင့်ပါဘူး။ အခုတော့ သတိရသို့လာတဲ့အမေကို သူ့မိန်းမနဲ့သားသမီးတွေက ပြောဆိုလွှတ်ကြသည် ဆိုလေ။ ဒါကို သူမသိဘူးလား။ မသိရင် သိအောင်ပြောပြီး သိပြီးသားဆိုရင်လည်း မိဘအပေါ် ဥပေက္ခာပြုမထားဖို့ သားသမီးဝတ္တရားကျေဖို့ ပြောပြရမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အမုန်းမပြယ်"

"ဟင်"

"မတ်တတ်ရပ်များ မေ့သွားပြီလားလို့ကွာ၊ တော်ပါသေးရဲ့"

"မေ့စရာလား၊ ကျွန်မက ရှင်မေးလို့ ကျွန်မလာခဲ့ရတဲ့ အကြောင်းရင်းကို စဉ်းစားနေတာ"

"ပြောပါဦး ဘာလာလုပ်တာလဲ"

"ကျွန်မက ဦးစောနောင်နဲ့ တွေ့ဖို့လာခဲ့တာ"

"အတူတူပါပဲ"

ပြောရင်းပဲ ဖန်က သူမကိုကျော်ပြီး လူခေါ်ဘဲလ်ကိုနှိပ်မည်ပြုလေလျှင် –

"ချပ်"

တံခါးဖွင့်သံကြားလိုက်ရပြီး တံခါးဝမှာ ပေါ်လာတာသည် အသားဖြူဖြူနှင့် ခပ်ဝဝ အမျိုးသမီးတစ်ယောက်ပါ။ ကိုယ်လုံးထက် တင်ပါးကြီးတွေက ကြီးနေပြီး ဝတ်ထားတာက ဒူးအောက်နားအထိသာ ရှည်တဲ့စကတ်နှင့်ပါ။ ဆံပင်က ပန်းသာသာလောက်ကို အလိမ်အကောက်တွေနှင့်လေ။

ပုံစံကိုကြည့်ခြင်းအားဖြင့်





ခေတ်ဆန်မယ့်အမျိုးသမီးဆိုတာ ခန့်မှန်းလို့ရပါသည်။ သူတို့က ထိုအမျိုးသမီးကို အကဲခတ်သလို အမျိုးသမီးကလည်း သူတို့ကို မျက်မှောင်ကြုတ်ကြည့်လျက်မှ –

"မင်းတို့က ဘယ်သူတွေလဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ကျွန်မ ဦးစောနောင်နဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စနဲ့ တွေ့ချင်တာလဲ။ မင်းတွေ့ချင်တဲ့ ဦးစောနောင်က ငါ့ယောက်ျားပဲ"

အမုန်း အမျိုးသမီးကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး နာခေါင်းရှုံ့လိုက်မိ၏။ ယောက္ခမကို မိဘလို သဘောမထားဘဲ ပြောဆိုသွတ်လိုက်တာ ဒီမိန်းမကြီးပဲပေါ့။

"ထင်ပါတယ် ပုံစံမြင်ကတည်းက"

"ဘာ နင်က ဘာကိုထင်တာလဲ"

"ဘာထင်ရမှာလဲ။ အန်တီ့ပုံစံကိုမြင်လိုက်ကတည်းက ယောက္ခမကို ရိုသေရကောင်းမှန်းမသိ ပက်ပက်စက်စက် ပြောလွှတ်လိုက်တဲ့ ဦးစောနောင်ရဲ့မိန်းမပဲဖြစ်မယ်လို့ ထင်လိုက်တာလေ။ အန်တီလည်း မိခင်တစ်ယောက်ပါပဲ၊ မိခင်စိတ်ဓာတ်အပြည့်ရှိရင် ကိုယ်ချင်းစာရို့တော့ ကောင်းပါတယ်။ အန်တီ ဝဋ်လည်မှာမကြောက်ဘူးလား"

"ဘာ ဟဲ့ နင် ဘယ်သူလဲ၊ ဘာတွေလာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောမယ်လို့ စိတ်ကူးလိုက်တဲ့ စကားတွေကို အမုန်းက ပြောနေတော့ ဖန် ရပ်ကြည့်ပဲနေလိုက်တော့သည်။ ဖန်လည်း အဘွား ဒေါ်ကျင်ခဘဝကို သနားလွန်းလို့ ဦးစောနောင်ကို သိတတ်ဖို့ပြောမယ် ဆိုပြီး လာခဲ့တာပဲလေ။ ဘာကြောင့် သူနဲ့ကိုယ် ရည်ရွယ်ချက်ချင်း တူနေရတာလဲ။

''ပြောလေ နင်က ဘယ်သူလဲ''

''ကျွန်မနာမည်က အမုန်းမပြယ်''

''နင့်ဘာသာနင် အမုန်းမပြယ်မကလို့ အမုန်းမီးထောက်ပဲ ဖြစ်ဖြစ် နင်နဲ့ဘာဆိုင်လို့ အဲဒါတွေလာပြောနေတာလဲ။ မင်း ငါ့အိမ်က နေ အခုထွက်သွားစမ်း''

''အန်တီ နင်စရာမလိုပါဘူး။ သားနဲ့မြေးတွေကို သတိရလို့ လာတဲ့မိခင်အိုကြီးကို သူတောင်းစားလို ပိုက်ဆံပေးပြီး ပြန်လွှတ်တဲ့ အန်တီတို့မိသားစုကို လူလိုသိတတ်ဖို့လေး လာပြောတာ။ ပြောပြီးတာ နဲ့ အန်တီ့လို မိဘမေတ္တာရူးရှုံ့ရမယ့်သူမျိုး အနားမှာ တစ်စက္ကန့်တောင် အချိန်ပိုဖြုန်းမနေပါဘူး''

''ကြည့်စမ်း၊ ညည်း စော်ကားလှချည်လား။ အိမ်တိုင်ရာ ရောက် လာပြီးစော်ကားနေတာ။ ငါ့ဘာသာ သူတောင်းစားလိုပဲ ပြန် လွှတ်လွှတ်၊ ခွေးလိုပဲ မောင်းထုတ်ထုတ် ငါ့ယောက္ခမကို ငါမကြည့်ရ





လို့ မောင်းထုတ်တာ ဘာဖြစ်လဲ။ နင်က အဲဒီလောက်အထိ ဆတ် ဆတ်ခါဖြစ်နေရအောင် နင့်ယောက္ခမ ဖြစ်နေလို့လား ပြောစမ်း''

''အန်တီ ဘာစကားပြောတာလဲ''

''လူစကားပြောတာလေ။ နင် လူဆိုရင် ထပ်မေးစရာမလို ဘူး။ ဒေါ်ကျင်ခက နင့်ယောက္ခမမို့ နာတာလား။ နင်က ငါ့ယောက်ျား နဲ့''

''အန်တီ''

ဖန် အမုန်းလက်မောင်းကိုဆွဲပြီး နောက်သို့ ဆုတ်စေကာ သူက ရှေ့သို့တက်လိုက်သည်။ အမုန်းရဲ့စကားတွေက ရိုင်းတယ်ပဲ ထားဦး သူ လူကြီးဖြစ်ပြီး လူငယ်နဲ့ တုရိုင်းသင့်သလား။ မဖွယ်မရာ တွေပြောသင့်သလား။ ပြီးတော့ အမုန်းက ဖြစ်သင့်တာကိုပြောပြတဲ့သူ။

ဒါကို ...

သူ့ယောက်ျားနဲ့ ပေးစားဆဲဖို့အထိတော့ ဖန် ငြိမ်ပြီး နား ထောင်မနေနိုင်ဘူးလေ။ ကိုယ်လည်း ဒီအကြောင်းကိုသာ ပြောဖို့လာ ခဲ့သူမို့။

''အန်တီ့စကားကို ဒီနေရာမှာပဲ ရပ်တန်းကရပ်တာ ကောင်း မှာမယ်''

''လာပြန်ပြီတစ်ယောက်၊ နင်က ဘာကောင်မို့လို့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးနေတာလဲ''

''ဘာကောင်မှမဟုတ်ဘူး။ ဒါပေမဲ့ ဂါရဝတရားတော့ ရှိတယ်၊ လူကြီးမိဘကို ရိုသေတတ်တယ်၊ အဲဒါကြောင့် အသွားအပြန်ခုလို ပဲဆွေးနှိုက်ပြီး လာပြောတာ။ လက်မခံဘူးဆိုလည်းနေပါ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်''

ဘာလဲဆိုတဲ့သဘောဆောင်ကာ လက်နှစ်ဖက်က ခါးပေါ်မှာ ထောက်ပြီးသား ဖြစ်သွားလေသည်။

''မိဘကိုစော်ကားလို့ ပုဒ်မတပ်ပြီး ဒဏ်ခတ်လို့မရပေမယ့် ဘုရားကတော့ ခင်ဗျားတို့ကို အပါယ်လားမယ့်စာရင်းထဲမှာ မှတ်ပြီး ရေးမယ်ဆိုတာ သိလား။ အခုဘဝမှာလည်း ခင်ဗျား ဝဋ်လည်ဦးမှာ မြေကြီးလက်ခတ်မလွဲပဲ''

''ငါ့ဘာသာ ဝဋ်ပဲလည်လည် အဝတ်မပါ ကိုယ်ဗလာပဲလည်လည် နင်တို့အပူ ဘယ်နှပြားသားပါလို့လဲ။ ငါဖြစ်ငါခံပဲ၊ မဆိုင်တဲ့ နင်တို့သာ အခု ငါ့အိမ်ကနေ ထွက်သွားကြ၊ ထွက်သွား''

''နှင်း''

ဆူဆူညံညံအသံတွေကြားလို့ နောက်မှရောက်လာသူက ဦးစောနောင်ပါ။ ဒီရောက်လို့ကြည့်လိုက်တော့ ကိုယ့်မိန်းမနဲ့ သူတင် ကိုယ်တင် စကားများနေကြတာ သူမသိတဲ့ မျက်နှာစိမ်းနှစ်ယောက်ပါ။





''ဘာဖြစ်နေကြတာလဲ''

''မေးမနေပါနဲ့ ယောက်ျားရယ်၊ ဒီမှာလေ ဘယ်က မိမဆုံးမ ဖမဆုံးမ မွေးထားတဲ့ သားသမီးတွေမှန်းမသိဘူး။ အလုပ်မရှိ ဟိုဒင်း သန်းရှာဆိုသလိုပဲ၊ လူကိုလာပြီး ပြဿနာရှာနေတာ။ သူတို့နဲ့ပြောရတာ လေလည်းကုန်တယ်၊ စိတ်လည်းညစ်တယ်။ တုပြီးမပြောချင်တော့ဘူး လာ''

''ဒီမှာ အန်တီ''

''ဂျိမ်း''

အမျိုးသမီးကြီးက သူ့ယောက်ျားကို ဆွဲခေါ်ပြီး တံခါးကို ဆောင့်ပိတ်သွားလေသည်။ ကိုယ်တွေကို မိမဆုံးမ ဖမဆုံးမ သားသမီးတွေတဲ့။ တကယ်တမ်း သားသမီးကိုလည်း လိမ္မာအောင် ဆုံးမနိုင်၊ မိဘကိုလည်း ရိုသေရကောင်းမှန်းမသိတာက ဘယ်သူ တဲ့လဲ။

''တောက်''



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

အမုန်း စားစရာတွေ ကိုယ့်ရှေ့ရောက်လာပေမယ့် စားစရာကို စိတ်မဝင်စားပေ။ ဟိုလင်မယားမျက်နှာကိုသာ မြင်ယောင်ပြီး ရင်ထဲမှာ ဒေါသတွေ တလိပ်လိပ်တက်နေတာလေ။

"အမုန်း"

"-----"

"စားစရာတွေ ရောက်နေပြီလေ မြင်လား"

ဒေါသဖြစ်နေတဲ့သူကို ပြောလိုက်ပုံက ကန့်လန့်ဆိုတော့-

"ကျွန်မက အကန်းမှမဟုတ်တာ မြင်တာပေါ့ရှင့်"

"မြင်ရင်စားလေ"





"စားမယ်၊ စားမယ်"

ဒေါသဖြစ်ဖြစ်နှင့် အမုန်း ဒံပေါက်တွေကို စားလိုက်တာ ပါးနှစ်ဖက်စလုံး ဖောင်းနေလို့ပါ။ ဒါကိုကြည့်ပြီး ဖန် ကျိတ်ပြုံးရသည်လေ။ ကိုယ်ပြုံးတာ သူမြင်လို့ကတော့ ဒေါသက ကိုယ့်ဆီကို ကူးစက်လာမှာ ကျိန်းသေပါပဲ။ ကိုယ်လည်း ဒေါသဖြစ်မိတာပါပဲ။ ဒါပေမဲ့ သူများအတွက်နဲ့ ကြာကြာဒေါသဖြစ်နေဖို့မှ မလိုတာ။

အမုန်းမပြုံယ်။

နာမည်က ထန်သလို လူပုံစံကလည်း ခပ်ထန်ထန်ပေမယ့် အတွင်းစိတ်ကတော့ မဟုတ်မခံ မမှန်မတရားတာမြင်ရင် ငြိမ်မနေတတ်တဲ့ မိန်းကလေးပါပဲ။ ဟန်ဆောင်ခြင်းကင်းမဲ့၍ ပွင့်လင်းသူ တစ်ယောက်ဆိုတာ ဖန် အကဲခတ်မိပြီလေ။ အခု စားနေပုံကိုပဲ ကြည့်။ ကိုယ့်လိုလူတစ်ယောက် သူ့ရှေ့မှာ ရှိနေပါလားလို့ ဂရုလည်း ခစိုက်၊ ရှက်ရကောင်းမှန်းလည်းမသိပေ။ ဖန် စချင်စိတ်ပေါက်လာတာနှင့် –

"အမုန်းမပြုံယ်"

"-----"

အမုန်းက မျက်လွှာပင့်ကြည့်လေလျှင် –

"မင်း ညက ထမင်းမစားရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စားတာပေါ့ ... ဘာဖြစ်လို့လဲ"

"မင်းစားနေပုံက ငတ်စားပြတ်စားပုံ ပေါက်နေလို့"

"ဘာ"

"ချွမ်"

"ဟ"

အမုန်း ဖွန်းနဲ့ခရင်းကိုလွှတ်ချလိုက်တာ ပန်းကန်နဲ့ထိခတ်သံက ချွင်ခနဲပါပဲ။

"ရှင် စကားပြောတာ ကြည့်ပြောနော်"

"ကြည့်ပြောနေတာပါပဲ"

"ဘာလဲ ... ရှင်က ကျွန်မကို ရှင်ကျွေးပါရစေဆိုပြီး ခေါ်လာတာ ကျွန်မကို ငတ်နေတယ်ထင်လို့လား။ ရတယ် ကျွန်မစားတာ ကျွန်မဘာသာပဲ ရှင်းမယ်။ နားမချမ်းသာတဲ့စကားတွေတော့ လာမပြောနဲ့။ ဒေါသတွေ ရှင့်ဆီကူးစက်သွားလိမ့်မယ်"

အဲဒီလို ဒေါသရောင်စွန်းထင်းနေတဲ့ စကားသံတွေကပဲ ဖန်နားထဲမှာ နားထောင်လို့ကောင်းနေသလိုလိုပေါ့။ ဒါကြောင့် –

"ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကိုယ့်အတွက်ရော မရှင်းချင်ဘူးလား"





"ဘာ"

"ကိုယ်စားတဲ့အတွက်ပါ မင်း မရှင်းချင်ဘူးလားလို့ မေးတာ"

"ကိုယ်စားတာ ကိုယ့်ဘာသာ ရှင်းပါလား။ ရှင့်ကို ကျွန်မကျွေးပါ့မယ်လို့ အာမခံပြီးခေါ်လာတာမဟုတ်ဘူး။ ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့သူကို ဘယ်တော့မှ မျက်နှာလို မျက်နှာရ မလုပ်ဘူးမှတ်ထား။ အထူးသဖြင့် ယောက်ျားတွေကိုပဲ"

အမုန်းမပြယ်ဆိုတာ ပြောစရာရှိရင် အဲဒီလို အားမနာတမ်းနဲ့ပြောတတ်သူ။ ကိုယ်က သူများကို စတာနောက်တာမရှိသလို သူများ စတာနောက်တာရှိရင်လည်း ပြန်လှန်ရယ်မောပြနေတတ်သူမဟုတ်ဘူးလေ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေမှ သူများက လေးစားမှာ။

ထောင်တန်တဲ့စကား ရယ်ရင်ပေါ့တယ်တဲ့။

အမုန်းက ရာတန်စကားတောင် အပေါ့မခံနိုင်သူ။ အထူးသဖြင့် ယောက်ျားတွေနဲ့ပတ်သက်ပြီး ကိုယ်က အထိကရမိန်းမ ဖြစ်နေသည်။ ဘယ်ယောက်ျားကမှ ထိကပါးရိကပါး မပြောရဲတာမျိုးပေါ့။

"ကဲပါ ... အဲဒါထားလိုက်ပါတော့"

"ရှင်က ဘာဆက်ပြောချင်သေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ရေစက်ဆိုတာကို မင်း ယုံပြီလား''

ဖွန်းနဲ့ခရင်းကို ပြန်ကိုင်ပြီးမှ အမုန်း တွေခနဲဖြစ်သွားလေသည်။ ဒါ သူခေါ်တာကို အမုန်းလိုက်လာမိလို့ ပြောတဲ့စကားပဲပေါ့။ အမုန်း ဆတ်ခနဲထရပ်လိုက်ကာ –

''ကျွန်မ ရှင့်စိတ်ချမ်းသာဖို့အတွက် ယုံလိုက်ပါ့မယ်။ ဒါပေမဲ့ ရှင်နဲ့ကျွန်မရဲ့ရေစက် ဒီနေရာမှာတင် ကုန်ပြီလို့ သတ်မှတ်လိုက်''

''ဟာ ... အမုန်း''

ဖန် တားဆီးချိန်ပင်မရလိုက်ပေ။ အမုန်းက ချာခနဲလှည့်ထွက်သွားပြီး ပြန်မကြည့်တော့ဘူးလေ။ မတားတော့ပါဘူး။ မင်းနဲ့ငါ ထပ်ဆုံကြရဦးမှာပေါ့ အမုန်းမပြယ်။

❋



## အခန်း (၉)

''အမုန်း''

''ဟင်''

တင်းနှစ်ရိုက်ပြီး နားကြတော့ ဖယောင်းက အရင်ထိုင်ရင်း အမုန်းကိုခေါ်လေသည်။

အမုန်းက မေးဆတ်ထူးလေတော့ –

''နင့်ကိုငါ ပြောစရာရှိသေးတယ် သိလား''

''ပြောစရာရှိတာပြောပေါ့။ စကားပလ္လင်မခံနဲ့။ လိုရင်း တိုရှင်း ပြော''

''နင်ကလည်း လုပ်တော့မယ်။ အချို့အကြောင်းအရာတွေက



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းတိုရှင်းနဲ့ ပြောလို့မရဘူးလေဟာ။ နှင် မာနကြီးတာကို ငါ မပြောဘူး။ ဒါပေမဲ့ နည်းနည်းပါးပါး စိတ်ရှည်တတ်အောင်တော့ ကြိုးစားစမ်းပါ အမုန်းရယ်''

အမုန်းသက်ပြင်းလေး ချလိုက်မိ၏။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကိုယ့်မိသားစုဘဝကို စိတ်တိုင်းမကျတိုင်း အမုန်းတစ်ကိုယ်လုံး လွှမ်းခြုံနေသည်က စိတ်မရှည်တတ်ခြင်းနဲ့ အမုန်းတွေ မာနတွေ အာဃာတတွေ။ မဆိုင်တဲ့သူငယ်ချင်းအပေါ်မှာတော့ တတ်နိုင်သလောက် သည်းခံဖို့ စိတ်ကူးတော့ရှိသည်ပဲလေ။

မေမေပြောပြလို့ မေမေ့ရဲ့အတိတ်က အကြောင်းတွေကို ကြားရတိုင်း ဖေဖေဆိုတဲ့လူကို အမုန်း မုန်းလိုက်တာ။ မေမေ စိတ်နာသလို အမုန်းလည်း စိတ်နာသည်။ အမုန်းက အဖေမရှိဘဲ မွေးခဲ့ရတဲ့ကလေး။ အမုန်းမှာ အဖေဆိုတာမရှိခဲ့ပါဘူး။

''အမုန်း''

''ဟင်''

''နှင် ငါပြောတာကို ကြားရဲ့လား''

''ကြားပါတယ်၊ နှင် ဘာပြောမလို့လဲ ပြောလေ။ အခြားသူတွေအပေါ်မှာတော့ စိတ်ရှည်တတ်ဖို့ ငါကြိုးစားရဦးမယ်။ နှင့်အပေါ်မှာတော့ ငါ စိတ်ရှည်ပါတယ်''





''သိပါတယ်၊ အဲဒါကြောင့် ငါကလည်း နှင့်ကို ချစ်တာ သိလား''

''ဟင် . . . ငါက စိတ်မရှည်ရင် မချစ်ဘူးပေါ့ ဟုတ်လား''

''ချစ်မှာပဲ''

ပြောရင်း ဖယောင်းက အမုန်းခါးကိုဖက်၍ အမုန်းပခုံးပေါ်သို့ မေးတင်ကာ ရယ်လေသည်။ အချစ်ဆုံးသူငယ်ချင်းဆိုတာ သူလိုကိုယ်ရဖို့ တူဖို့မျှနဲ့ ဘာမဆို မျှဝေခံစားကြသူတွေပဲလေ။ ဖယောင်းကလည်း အမုန်းနဲ့ပတ်သက်လာရင် သည်းခံတတ်သူပါ။ အနစ်နာလည်း ခံတတ်သူ။

ဖယောင်းဘဝမှာ . . . ကိုယ့်မိသားစုနဲ့ထပ်တူထပ်မျှ ချစ်ရတဲ့သူစိမ်းဆိုလို့ အမုန်းတစ်ယောက်တည်း ရှိတာပါ။

''ဖယောင်း''

''ဟင်''

''စကားက လိုရင်းမရောက်သေးဘူးနော်။ ဘာပြောမှာလဲ''

''ပြောမှာပါဟ''

ဖယောင်း ပြောရဖို့အရေး ရင်ထဲမှာ ရှက်သလိုလိုပေမယ့် ဘိုင်ပင်စရာဆိုလို့ အမုန်းပဲရှိတာလေ။ ဘာမဆို ဒီနှစ်ယောက်ပဲ ရင်ဖွင့်ကြပဲဥစ္စာ။ ဒါပေမဲ့ ဖယောင်းကသာ ရင်ထဲမှာရှိရင် ရှိတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်တတ်တာလေ။ အမုန်းကတော့ အချို့ကိစ္စတွေမှာ သိုသိပ်လျှို့ဝှက်တတ်သူပါ။

"ငါပြောမှာကလေ"

"အင်"

"ဖန်နေမင်းအကြောင်းဟ"

"ဟင်"

ဖယောင်းနဲ့အမုန်း ကိုယ်ချင်းခွာလိုက်ပြီး ဖယောင်းမျက်နှာကို ကြည့်လိုက်တော့ ရှက်ဝဲဝဲလေးနှင့်ပါ။

"ဖန်နေမင်းအကြောင်း . . . ဟုတ်လား ဖယောင်း"

"အင်း"

"သူက ဘာပြောလို့လဲ"

"သူက ငါနဲ့ ခင်ချင်တယ်တဲ့။ ပြီးတော့ ငါ့အိမ်ကို အလည်လာပါရစေတဲ့လေ"

အမုန်း တွေခနဲဖြစ်သွားရလေသည်။ ဒီလူ ဘယ်လိုလူစားမျိုးလဲ။ အမုန်းကို ရေစက်ဆိုတာယုံလားလို့ မေးတဲ့သူ။ ဒါ ဖယောင်းနဲ့ ပတ်သက်ပြီး ကိုယ်နဲ့ပတ်သက်ဖို့ ရေစက်ရှိတယ်လို့ သွယ်ဝိုက်နည်းနဲ့ ပြောလိုက်တာလား။ ဒါပေါ့လေ၊ ဖယောင်းနဲ့ပတ်သက်လာရင်တော့ မဖြစ်မနေ ရေစက်က ဆုံနေရဦးမှာပေါ့။





ဖန်နေမင်းတဲ့။

ယယ်ယယ်ရွယ်ရွယ်နဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ပြီး အောင်မြင်နေတဲ့သူ။ ဖယောင်းကို စိတ်ဝင်စားလို့ နှီးစပ်သွားမယ်ဆိုလည်း မကြည်ဖြူစရာတော့မရှိပါဘူး။

ဒါပေမဲ့ . . . လူဆိုတာ ပန်းသီးတစ်လုံးလို အပေါ်ယံကြည့်ပြီး ရွေးချယ်လို့တော့ မရဘူးလေ။ အချိုသီးလား၊ အချဉ်သီးလား သိရအောင် မြည်းကြည့်သလိုမျိုး သူ့ရဲ့အတွင်းစိတ်နဲ့ အကျင့်စရိုက်ကို သိဖို့တော့လိုတာပေါ့။

လူဆိုးမှာ ဦးချိုပါနေတာ မဟုတ်ဘူးဆိုတော့ ကိုယ့်အဖေလို လူမျိုးနဲ့တွေ့မှာကိုတော့ စိုးရိမ်မိသည်သာ။

"ငါလည်း လာခဲ့လို့တော့ပြောလိုက်တယ်။ သူ တကယ်လာမှာလားမသိဘူးနော်"

"-----"

"သူက အနီးကပ်ကြည့်လေ ချောလေပဲ အမုန်းရဲ့။ သိလား။ အဟိ . . . ငါဖြင့် သူ့ကိုကြည့်ပြီး ရင်တွေခုန်လိုက်တာ မပြောပါနဲ့တော့တယ်"

"----"

"အမုန်း"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

“အလည်လာဖို့ ခွင့်တောင်းတယ်ဆိုတော့ သူ ငါ့ကို စိတ်ဝင်စားနေတာများလား မသိဘူးနော်”

“ဖြစ်နိုင်ပါတယ် နင်က လှတာကိုး”

“နင်ကလည်း ပြောတော့မယ်”

“ဒါပေမဲ့ . . . နင် အယုံမလွယ်ဖို့တော့လိုတယ် ဖယောင်း”

“ဟင် . . . ဘာဖြစ်လို့လဲ”

“ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေက ကွမ်းစားတဲ့ပါးစပ်နဲ့တူပြီး မိန်းမတွေက ကွမ်းယာနဲ့တူတယ်လေ”

“အဲဒါ ဘာပြောတာလဲ၊ ငါ နားမလည်ဘူး”

ဖယောင်း ဒီစကားကို တကယ်နားမလည်တာပါ။ ပြောတဲ့သူကတော့ အဓိပ္ပာယ်ကို ဖော်ဆောင်တတ်မှာပေါ့။ ဖယောင်းက စကားပြောရင် ကြိုကြိုဖန်ဖန်တွေ ဥပမာပေးပြီး မပြောတတ်ဘူးလေ။

“နင်စဉ်းစားကြည့်လေ ဖယောင်းရဲ့။ လူတွေက ကွမ်းယာကို ပိုက်ဆံပေးပြီး ဝယ်စားကြတာ။ မဝါးခင်တော့ တန်ဖိုးထားခြင်းပဲ မဟုတ်ဘူးလား။ ဝါးပြီးရင်တော့ တဗျစ်ဗျစ်နဲ့ ထွေးထုတ်နေကြတာပဲလေ”

“အဲဒါ ဘာဆိုင်လို့လဲ”





“ဆိုင်တာပေါ့။ နင့်ကို ငါ့အဖေလိုလူမျိုးနဲ့ တွေ့မှာကို ငါ စိုးရိမ်တယ်။ လူဆိုတာ အပေါ်ယံလွှာကြည့်ပြီး အတွင်းစိတ်ကို သိနိုင်တဲ့အရာမှမဟုတ်တာ”

ဒီတစ်ခါ တွေခနဲဖြစ်သွားရသူက ဖယောင်းပါ။ အမုန်းပြောသလို လူဆိုတာ အပေါ်ယံကြည့်ရုံနဲ့ အတွင်းစိတ်ကို သိနိုင်တာမှမဟုတ်တာ။

အမုန်းရဲ့အဖေလိုလူမျိုးနဲ့ တွေ့မှာတော့ ဖယောင်းလည်းကြောက်သည်လေ။ ဒါပေမဲ့ . . . ဖန်နေမင်းကတော့ အဲဒီလိုလူမျိုးဖြစ်နိုင်ပါဘူး။

“နင်ပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ယောကျ်ားတိုင်းက အဲဒီလိုမျိုးမှမဟုတ်ဘဲ အမုန်းရဲ့။ သူက အဲဒီလိုလူမျိုးတော့ဖြစ်နိုင်ပါဘူး”

“အံမယ် . . . နင်က ခုကတည်းက သူ့ဘက်ကပေါ့လေ၊ ဟုတ်လား ဖယောင်း”

“မဟုတ်ပါဘူး ငါလည်း နည်းနည်းပါးပါးတော့ အကဲခတ်တတ်ပါတယ်ဟ”

“လူကဲခတ်ရတာ မလွယ်ဘူးလေ။ နင်က သူ့အလုပ်နဲ့ ရုပ်ကိုကြည့်ပြီး အဲဒီလိုသတ်မှတ်တာလား”



www.burmeseclassic.com

www.burmeseclassic.com



"အမုန်းရယ် ... သူကဖြင့် တကယ် လာ ,မလာ မသိသေးဘဲနဲ့။ တော်ပြီ သူ့အကြောင်း မပြောတော့ဘူး"

မပြောတော့ဘူးဆိုလည်း ကောင်းတာပေါ့။ အမုန်းက ဒီလိုကိစ္စမျိုးတွေကို ဆွေးနွေးတိုင်ပင်ချင်သူမှ မဟုတ်တာပဲလေ။ အားမပေးချင်သလို ဖျက်လည်းမဖျက်ချင်တာ အချစ်နဲ့ပတ်သက်လာရင် လူအချို့က မိတ်ဆွေကိုတောင် ရန်သူအဖြစ် သတ်မှတ်ချင်ကြတာမျိုးမို့ပါ။

❋



## အခန်း (၁၀)

ဖယောင်း မှန်ရှေ့မှာရပ်၍ ကိုယ်ကို ဟိုဘက်စောင်းကြည့် လိုက် ဒီဘက်စောင်းကြည့်လိုက်နှင့် မှန်ထဲက ကိုယ့်ပုံကိုယ်ကြည့်ပြီး ကြည့်လို့မဝနိုင်ပေ။

ကျောင်းတုန်းကတည်းက အမုန်းနဲ့ဖယောင်းဆိုရင် ဖယောင်းက ပိုလှသည်လို့ ပြောတဲ့သူက ပိုများတာပါ။

ဖယောင်းကို ပိုးကြတဲ့ကောင်လေးတွေလည်း အများကြီးပါ ပဲ။

အမုန်းက ဖယောင်းကိုပိုးတဲ့သူရော သူ့ကို ပိုးတဲ့သူရော နားကပ်လို့မရဲအောင်ကိုပဲ ပိုးစိုးပက်စက် ပြောလွှတ်တတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



အချို့ဆို အမုန်းကို ကြောက်ပြီး ဖယောင်းကို မစရဲကြတော့တာ။ ဖင်ကျော့်ရှိန်းဆိုတဲ့ကောင်လေးဆို ဖယောင်းအချစ်ကိုရဖို့ ဖွဲကောင်းကောင်းနဲ့ကို လိုက်ခဲ့တာပါ။

ဒါကို ...

အမုန်းက ပါးရိုက်လွှတ်ခဲ့သည်လေ။ ဖယောင်းလည်း အမုန်းမကြိုက်တာဆို ဘာမှမလုပ်ချင်တာနဲ့ အခုထိ ချစ်သူရည်းစားတစ်ယောက်မှ မရှိခဲ့ပေ။

"သမီးရေ ... ဖယောင်း"

"____"

"သမီး"

"ဟင်"

"ဖယောင်း"

"ရှင် မေမေ"

မိခင် အခန်းထဲကိုဝင်လာမှပဲ ဖယောင်း မှန်ကိုကျောခိုင်းလိုက်မိသည်။ ဒေါ်မြလေးငုံက သမီးဖြစ်သူကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ...

"လှလိုက်တာ သမီးရယ်၊ မေမေ့သမီးလေးက ဘယ်အချိန်ပဲကြည့်ကြည့် ချစ်စရာကောင်းပြီး အေးချမ်းနေတာပဲ"





"အပွန်း ... မေမေကလည်း သားအမိချင်း မြှောက်နေပြန်ပါပြီ"

"မြှောက်စရာလား သမီးရယ်။ ကဲထားပါ ... ဧည့်ခန်းထဲမှာ သမီးရဲ့ဧည့်သည်ရောက်နေတယ်"

"ဟင် ... သမီးရဲ့ဧည့်သည် ဟုတ်လား"

ခေါင်းညိတ်ပြလိုက်တဲ့ ဒေါ်မြလေးငုံရဲ့နှုတ်ခမ်းပေါ်မှာ အပြုံးက ချိုနေသည်။ လာတဲ့ဧည့်သည်က ဘယ်သူဘယ်ဝါ ဘယ်လိုပတ်သက်မှုနဲ့လာတယ်ဆိုတာကို သူမ သိပြီးပြီလေ။ ဖယောင်းကတော့ အံ့သြနေရသည်ပေါ့။ သူမရဲ့ဧည့်သည်ဆိုတော့ ဘယ်သူများပါလိမ့်။

ဖယောင်းရဲ့ဧည့်သည်ဆိုပြီး အိမ်ကိုရောက်လာတဲ့လူက နှားသည်ပဲလေ။

"ဘယ်သူလဲ မေမေ"

"ဖန်နေမင်းတဲ့"

"ဟင်"

ဖယောင်း မျက်လုံးလေး ဝိုင်းသွားရလေသည်။ သူ သူဘာကယ်လာတာပါလား။ ဖန်နေမင်းဆိုတာနှင့် ဖယောင်းမျက်နှာလေး နွဲ့ဝဲဝဲဖြစ်လျက် ရင်တွေခုန်လာသည်လေ။ ဖယောင်း မျှော်လင့်ထားပါဘူး သူရယ်။ အခုတော့ ရှင် တကယ်ပဲ ရောက်လာပြီပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင်"

"ညှို့သည်စောင့်နေရတာ အားနာစရာကွယ်။ လာ . . . သွားရအောင်နော်"

"ခဏလေး မမေ"

ဖယောင်း မှန်ဘက်ကို မျက်နှာပြန်မူပြီး အင်္ကျီခါးကို ဆွဲချ ဆံပင်ကို ဟိုသပ် ဒီသပ်လုပ်ပြီးမှပဲ ထွက်လာဖြစ်တော့၏။ ရင်ခုန်သံ တဒိတ်ဒိတ်နှင့်အတူ ခြေလှမ်းတွေက မရဲတရဲနှင့်ပါ။ ဖယောင်း ဒီလိုမျိုး မဖြစ်ခဲ့ဖူးပါဘူး။ အချို့ကတော့ ပြောကြပါတယ်၊ ရင်ခုန်တာ အချစ်တဲ့

ချစ်တာ မချစ်တာတော့ ဖယောင်းမသိပါဘူး။

စိတ်ဝင်စားမိတာကတော့ အမှန်ပါ။ သူအလည်လာတယ်ဆို တော့ ပျော်လိုက်တာ။ ညှို့ခန်းထဲကိုရောက်တော့ ထိုင်စောင့်နေတဲ့ သူက တကယ်ပဲသူပါ။

"ကိုဖန်"

ဖန်က အပြုံးနှင့် ခေါင်းညိတ်ပြလေသည်။

"ကိုဖန် တကယ်လာတယ်နော်"

"ဘာလဲ . . . ဖယောင်းက ကိုယ်ညာမယ်ထင်လို့လား"

"ညာမယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ လာမယ်လို့လည်း





မမျှော်လင့်ရဲဘူးလေ"

"အခုရောက်လာပြီလေ သမီးရဲ့။ ကဲ . . . စကားပြောကြဦး နော်။ မေမေ မောင်ဖန်ကို ညှို့ခံဖို့ တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်။ မောင်ဖန် ဘာသောက်မလဲ၊ အပူလား, အအေးလား"

"အပူပဲဖြစ်ဖြစ် အအေးပဲဖြစ်ဖြစ် ရပါတယ် အန်တီ။ ကျွန်တော် အစားအသောက် ချေးမများတတ်ပါဘူး"

"ကောင်းတာပေါ့ကွယ်။ အန်တီ့သမီးကတော့ အစား အသောက် ဂျေးများပေါ့"

"မေမေကလည်း"

"ခဏနော်"

ဒေါ်မြလေးငုံ ထသွားလေတော့ နှစ်ယောက်တည်းကျန်ခဲ့ သည့်အချိန်မှာ ဖယောင်း သူ့မျက်နှာကို ရဲရဲမကြည့်ရဲပေ။ ဘယ်ကနေ ဘာစကားစပြောရမှန်းမသိလို့ ခေါင်းလေးငုံ့ပြီး လက်ဆစ်ကလေးတွေ ကို ချိုးနေမိသည်။

"ဖယောင်း"

သူခေါ်တော့ ဖယောင်း မရဲတရဲမော့ကြည့်ကာ –

"ရှင်"

ဖန်မှာလည်း စကားမရှိ စကားရှာ ဘယ်ကနေစပြောရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတာကြောင့် –

"ဖယောင်းရဲ့ facebook အကောင့်က ပျက်သွားတာလား။ ကိုယ်ရှာတာ ရှာလို့မတွေ့တော့ဘူး"

"ရှင်"

"အရင်ကတော့ မြဖယောင်းသွင်နာမည်နဲ့ ကိုယ်ရှာလို့ တွေ့လိုက်သေးတယ်။ နောက်တော့ မတွေ့တော့ဘူး။ ဟို သူငယ်ချင်း လုပ်ဖို့လည်း အပ်မထားမိဘူးလေ။ အဲဒါကြောင့် မေးကြည့်တာပါ"

"ကိုဖန်က ဖယောင်းအကောင့်ကို သိတယ်"

"မိတ်ဆွေတစ်ယောက် ပြောပြတာပါ"

ဖယောင်း သူ့ကို ခပ်တွေတွေကြည့်လိုက်မိ၏။ သူက ဖယောင်းရဲ့ ပထမ facebook အကောင့်ကိုတောင် သိတယ်ဆိုတော့ ဖယောင်းအကြောင်းကို စုံစမ်းနေတာလား။ ဖယောင်းက သိမနေပေမယ့် သူက ဖယောင်းကို အရင်ကတည်းက သိနေလို့ ခုလို ရင်းနှီးဖို့ ကြိုးစားတာလား။ ရှေ့ဆက် ဖယောင်း မစဉ်းစားတတ်တော့ပေ။

"ဟုတ်တယ် ... ဖယောင်းရဲ့ပထမအကောင့်က ပျက်သွားတာပါ။ အခု ဖယောင်းနဲ့ပဲ သုံးနေတာလေ။ မြဖယောင်းသွင် မဟုတ်တော့ပါဘူး"

"ဪ"





"ဒါနဲ့ ကိုဖန်ကရော ဘာအကောင့်နဲ့သုံးတာလဲ"

"ဖန်နေမင်းနဲ့ပါ"

"ဒါဆို ဖယောင်းရှာကြည့်လိုက်မယ်လေ ခဏနော်"

ဖယောင်းက သူမ ဖုန်းကိုဖွင့်ပြီး ဖန့်အကောင့်ကိုရှာလေသည်။ တွေ့ပြီဆိုတာနှင့် Add လုပ်ပြီး ဖန်ကလည်း လက်ခံလိုက်တာနှင့် သူငယ်ချင်းတွေဖြစ်သွားကြလေသည်။ ပြီးတော့ တစ်ယောက်တင်တဲ့ post ကို တစ်ယောက်က like ပေးကြသည်လေ။

ဒါကို ...

တစ်ဖက်မှာ facebook သုံးနေတဲ့ အမုန်း တွေ့သွားလေသော့ –

"ဪ ... သူတို့က facebook မှာတောင် သူငယ်ချင်း ဖြစ်နေကြပြီကိုး"

"ဟင်"

သတင်းစာဖတ်နေတဲ့ ဦးဖြိုးပိုင်ဦး တစ်ဦးတည်း ရေရွတ်နေတဲ့ တူမချောကို လှည့်ကြည့်ပြီး –

"ကလေး ဘာပြောတာလဲ"

"အင်း ... လေးလေးကို ဘာမှမပြောပါဘူး"

"ဒါဆို တစ်ယောက်တည်း ဘာတွေ ဆီမန်း မန်းနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး လေးလေးရဲ့။ ဒီမှာလေ လေးလေးရဲ့ facebook မှာ ဖယောင်းနဲ့ဖန်နေမင်း သူငယ်ချင်းဖြစ်သွားတာကို ပြောတာပါ"

အမုန်းက လေးလေးမျက်နှာရှေ့ကို ဖုန်းလေးထိုးပြလေတော့ ဦးဖြိုးပိုင်ကလည်း ကြည့်လေသည်။

ပြီးမှ –

"နာမည်က ဖန်နေမင်းလား"

"ဟုတ်"

"လန်းလှချည်လား။ ကလေးနဲ့သိလို့လား။ ဖယောင်းနဲ့ရော ဘယ်လိုပတ်သက်နေတာလဲ"

"အမုန်းနဲ့တော့ သိပ်မရင်းနှီးပါဘူး။ ဖယောင်းနဲ့တော့ အဲဒီလူက ဖယောင်းကို စိတ်ဝင်စားနေတယ်လို့တော့ အမုန်းထင်တာပဲ"

ဦးဖြိုးပိုင် လက်ထဲကသတင်းစာကိုချပြီး တူမဖြစ်သူဘက်သို့ လှည့်ထိုင်လိုက်သည်။ အရင်ကတည်းက ကိုယ်ပဲ ဆုံးမသွန်သင်လာခဲ့တာမို့ အခုလည်း အကြောင်းအပေါင်းသင့်တုန်း ပြောချင်တာလေးတွေ ပြောပြရဦးမည်သာ။

"ကလေး"

"ရှင်"





"ကလေးလည်း စိတ်ဝင်စားတဲ့လူရှိရင် လေးလေးကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောပြီး တိုင်ပင်နော်။ သူငယ်ချင်းလို သဘောထားပြီးတော့ပေါ့။ လေးလေးက ကလေးရဲ့အိမ်ထောင်ဘက်ကို ဘာနဲ့မှ တိုင်းတာခွဲခြားမပေးပါဘူး။ ဒါပေမဲ့ ... ရိုးသားပြီး ကြိုးစားချင်တဲ့ စိတ်ရှိတဲ့ လူဖြစ်ဖို့တော့ လိုတယ်။ လေးလေး ဘာကြောင့် ဒီလို ပြောတယ်ဆိုတာကို ကလေး သိမှာပါ"

"ဟုတ်ကဲ့ ... အမုန်း သိပါတယ် လေးလေး။ အခုထိ အမုန်း အဲဒီအချစ်ဆိုတာကို စိတ်မဝင်စားပါဘူး"

အဲဒါ တကယ်ပါ။ အမုန်း တတ်နိုင်သလောက် အချစ်နဲ့ကင်းအောင် နေမယ်လို့ ဆုံးဖြတ်ထားခဲ့သည်လေ။ လေးလေးကလည်း ခဲမှန်ဖူးတဲ့စာသူငယ်မို့ နောက်ထပ်မှန်မှာစိုးလို့ ရှယ်ရုံနဲ့ကြောက်နေတာလေ။

အချစ်ဆုံးညီမဖြစ်သူ သူများခြေတော်တင်တာ ခံလိုက်ရပြီး ဘာဝန်မယူနိုင်ဘူးဆိုတော့ –

အဲဒီလူကို သတ်မယ်တောင် လုပ်ခဲ့တာတဲ့။

အဲဒီလူက အမုန်းရဲ့ဖေဖေဆိုတဲ့လူပဲပေါ့။ တကယ်တော့ ဖြိုးပိုင်ဦးရယ်၊ စောနောင်ရယ်၊ ဖယောင်းရဲ့ဖေဖေ ဝင်းထိန်ရယ်က အချစ်ဆုံးသူငယ်ချင်းတွေတဲ့လေ။ စောနောင်က သူငယ်ချင်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောကို ဓားနှင့်ထိုးခဲ့သူ။ သူငယ်ချင်းညီမကို သွေးဆောင်ဖြားယောင်းပြီး ဖျက်ဆီးပစ်ခဲ့တာ။

ပြီးတော့ တာဝန်မယူခဲ့သူ။ ဒါကြောင့် လေးလေးက အမုန်းကို စိုးရိမ်တာလေ။ မေမေ့ဘဝမျိုးရောက်မှာစိုးလို့တဲ့။

"အခု စိတ်မဝင်စားပေမယ့် နောက်ဆို ပြောလို့မရဘူးလေ။ စိတ်ဆိုတာ အစိုးမရဘူး ကလေး။ အဲဒါကြောင့် လေးလေးက မီးကို မလောင်ခင်တားတဲ့သဘောပါ"

"အမုန်း သဘောပေါက်ပါတယ်"

တူဝရီးနှစ်ယောက် အသံတွေတိတ်သွားကြပြီး အတွေးကိုယ်စီနှင့်ပေါ့လေ။ တကယ်တော့ အမုန်းဆိုတာ အပေါ်ယံမှာသာ မာနကြီးပြီး ဘဝက မလှပခဲ့ဘူးပေါ့။ အဖေမရှိဘဲ ဘဝကို ရပ်တည်လာခဲ့ရတာပဲလေ။

❋



## အခန်း (၁၁)

"ဝယ်လာတာတွေကများလိုက်တာ မြေးရယ်။ မြေးရဲ့ စေတနာကို အဘွား အသိအမှတ်ပြုပါတယ်ကွယ်။ နောက်ကို ဒီယောက်အများကြီး ဝယ်မလာပါနဲ့နော်။ ဘာမှ သွေးမတော်သားမစပ်စုနဲ့ အခုလို အဘွားကိုလာကြည့်တာအတွက်ပဲ အဘွားဝမ်းသာလှပါပြီ"

ပြောရင်းပဲ ဒေါ်ကျင်ခမှာ မျက်ရည်လည်ရသည်သာ။ ကိုယ့်သားအရင်းခေါက်ခေါက်နဲ့ မြေးတွေက မိမိကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့မမှတ်ဘဲ လူရာမသွင်းသလို ဥပေက္ခာပြုခဲ့သမျှ အခု ဖန်ခင်းဆိုတဲ့ဒီကလေးက ကိုယ့်ကို ဘာသွေးသားမှ မတော်စပ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဘွား နေကောင်းရဲ့လား၊ နေရတာအဆင်မပြေရဲ့လားလို့ လာကြည့်တာတဲ့။ သူမ ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်သာပေ့။ သူစိမ်းကောင်းတော့ ဆွေမျိုးမမီဆိုသလိုပါပဲ။ အခုဝယ်လာလိုက်တာ မုန့်တွေ ပန်းသီးတွေ၊ သူမအတွက် လိုအပ်သည့်ဆေးတွေ။ ကိုယ်မွေးထားတဲ့ သားနဲ့ သူ့သားသမီးတွေသာ ကိုယ့်အပေါ် ဒီလောက်ကောင်းရင် သူမ ဘယ်လောက်များ ဝမ်းသာပီတိဖြစ်လိုက်ရပါ့မလဲ။

ခုတော့ –

"ဩော် အဘွားရယ် . . . အဘွားအတွက် အခုလို ဝယ်လာလို့ ကျွန်တော် စီးပွားပျက်သွားမှာမှ မဟုတ်တာ။ သက်ကြီးရွယ်အိုကို ခုလို ကူညီလှူဒါန်းခွင့်ရတာ ကုသိုလ်တောင်ရသေးတယ်။ နောက်လည်း အဘွားဆီကို ကျွန်တော် ခဏခဏလာခဲ့မှာပါ"

"သာဓုပါကွယ် . . . သာဓု သာဓု၊ ငါ့မြေးကြီး သွားလေရာ လာလေရာမှာ ခလုတ်မထိ ဆူးမငြိနဲ့ အန္တရာယ်ကင်းဘေးရှင်းပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။ ရတနာ စိန်ကျောက် ဖယ်တောက်တမ်း ကစားနိုင်သူဖြစ်၍ စိတ်သွားလို့ကိုယ်ပါ လိုရာရနိုင်သူ ဖြစ်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘွား"

ဖန် အစကအညီးက အဘွားလိုတာ သုံးဖို့ပေးမည်ဟု





စုထားသော တစ်သောင်းတန်ငါးရွက်ကို ပိုက်ဆံအိတ်ထဲမှ ခွဲထုတ်လိုက်ပြီး –

"အဘွား"

"ဟင်"

"ဒါလေးပါ ကျွန်တော် ကန်တော့ပါရစေ။ အဘွားသုံးချင်တဲ့ နေရာမှာသုံးဖို့ပါ"

"မဟုတ်တာ မြေးရယ်"

"ဟုတ်ပါတယ် အဘွားရဲ့၊ လက်ခံပါနော်။ အဘွားတို့လို သက်ကြီးရွယ်အို အလှူခံပုဂ္ဂိုလ်တွေရှိမှ ကျွန်တော်တို့လို လူငယ်တွေက ကုသိုလ်ရမှာပေါ့ အဘွားရဲ့၊ လက်ခံပါနော်"

လက်ထဲကို အတင်းထည့်ပေးပြီး ဖန် အဘွားရဲ့လက်ကို ဆုပ်ကိုင်ထားလိုက်မိသည်။ သူ့ရဲ့လက်သည် အဘွားအတွက် အင်အားဖြစ်ပြီး အသက်ရှည်ပါစေ။ ဆိုရိုးစကားကတော့ ကြွေးဟောင်းကိုလည်း ဆပ်ရ၏။ ကြွေးမှိုကိုလည်း ချေးရ၏တဲ့။ အချို့လူတွေက ကြွေးမှိုကိုသာချေးပြီး ကြွေးဟောင်းကို မဆပ်ချင်ကြဘူးလေ။

တကယ်ဆိုရင် . . .

ကြွေးမှိုချေးတယ်ဆိုတာ ကိုယ့်ကို ပြန်ဆပ်မယ်၊ မဆပ်မယ်ဆိုတာ မသေချာပါဘူး။ ကိုယ်ယူထားတဲ့ ကြွေးဟောင်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကို ဆပ်ရမှာပဲလေ။ ဒါကို မသိတတ်တဲ့သားသမီးအတွက်တော့ ဝဋ်ဆိုတာ လည်ကြဦးမှာပါ။

''ငါးသောင်းကြီးများတောင် များလိုက်တာ မြေးရယ်၊ အဘွား အဲဒီလောက် မယူပါရစေနဲ့ကွယ်။ တစ်သောင်း၊ နှစ်သောင်းဆို တော်ရောပေါ့''

''ယူပါ အဘွားရဲ့၊ ဒီငွေက အဘွားအတွက် များတယ်ထင်ရပေမယ့် ကျွန်တော့်အတွက်က ပါးပါးလေးပါ။ ဒီလိုပြောလို့ ကျွန်တော့်ကို ကြွားတယ်လို့တော့ မထင်နဲ့နော် အဘွား။ ကျွန်တော်တို့လူငယ်တွေအတွက်က ငွေဆိုတာ မရှိရင်ရှာလို့ရတယ် အဘွားက အသက်ကြီးတော့ မရှာနိုင်တော့ဘူးလေ။ အဲဒါကိုပြောတာပါ''

''မြေးကို ကြွားတယ်လို့ မထင်ပါဘူးကွယ်။ အဘွားကလည်း ဒီငွေတွေ ပေးတာထက် ငါ့မြေး အဘွားဆီ မကြာမကြာလာခဲ့မယ်ဆိုတာကိုပဲ ဝမ်းသာနေတာပါ''

ပြောရင်း ဒေါ်ကျင်ခ မျက်ရည်ကျပြန်လေသည်။ မျက်ရည်ကျရင်းပဲ ပိုက်ဆံကို သူမ ထိုင်နေသည့် သင်ဖြူးဖျာအောက်သို့ ထိုးထားလေလျှင် –

''ပျောက်နေဦးမယ်နော် အဘွား''

''ရတယ်မြေး၊ မပျောက်ပါဘူး''





သြော် . . . ဖန် မကြာခဏလာမယ်ဆိုတာကိုပဲ အဘွား ဝမ်းသာနေရှာမှာပေါ့။ သက်ကြီးရွယ်အိုဆိုတာ ပြည့်စုံချမ်းသာတဲ့ လူတွေတောင်မှ လူငယ်တွေက စကားပြော အဖော်မကပ်လို့ အနားတောင် မကပ်ချင် ရှောင်ဖယ်ဖယ် အလုပ်ခံရသူတွေပါ။ ဒါကြောင့် အထီးကျန်ဆန်ကြသည်လေ။

အဘွားက ပိုဆိုးမှာပေါ့။

တစ်ယောက်တည်းနေတာဆိုတော့လေ။

''အဘွား''

''_____''

''အဘွားရေ အဘွား''

''အိမ်ရှေ့ကခေါ်သံကြားတယ် ဘယ်သူပါလိမ့်''

''အဘွား''

''ဘယ်သူလဲ ဝင်လာခဲ့လေ အဘွားရှိတယ်''

အဘွား ဒေါ်ကျင်ခပဲ ပြန်ပြောလိုက်တော့ ဖန် ငြိမ်သက်စွာပဲ အိမ်တံခါးဝဆီသို့ ကြည့်နေမိသည်။ ခဏအကြာမှာ အိမ်ပေါ်သို့ တက်လာသူကတော့ . . .

''သမီး အမုန်းပါ . . . အဘွားရဲ့''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



အမုန်းက ဖန်ကိုမြင်သွားပြီး မျက်နှာတည်သွားလေသည်။ ကိုယ့်ကိုမျှား ကမ္ဘာ့ရန်ဘက် ကျနေတာပါပဲ။ မျက်နှာဖြစ်သွားပုံက လေ။ အဘွားဒေါ်ကျင်ခကတော့ မျက်မှောင်ကြုတ်ပြီး စဉ်းစားဟန်နှင့် အမုန်းကိုလည်း စူးစူးစိုက်စိုက်ကြည့်ကာ –

"အမုန်း . . . ဟုတ်လား"

အမုန်း ဖန်နေမင်းကို ဂရုမစိုက်သလို အဘွားဘေးမှာ ဝင်ထိုင်လိုက်ပြီး –

"ဟုတ်တယ် . . . အမုန်းလေ အဘွားရဲ့။ အဘွား မမှတ်မိဘူး ထင်တယ်။ ဟိုတစ်ခါတုန်းက ဖယောင်းနဲ့အတူတူ အဘွားကို ကူညီခဲ့တုန်းက တစ်ယောက်လေ။ ဖယောင်းကိုရော အဘွား မှတ်မိလား"

"မြေးကို မမှတ်မိတာတော့ စိတ်မရှိပါနဲ့ မြေးရယ်။ အဲဒီတုန်းက အဘွား ခေါင်းမူးနေလို့ပါ။ ပြီးတော့ မြေးနာမည်ကို မမေး လိုက်မိဘူးလေ"

"ဟုတ်တာပေါ့၊ အမုန်းလည်း မပြောလိုက်မိဘူးလေ။ ပြီး တော့ အမုန်းနဲ့အဘွားက ခဏပဲတွေ့လိုက်တာဥစ္စာ။ ဖယောင်းက သာ အဘွားကို အိမ်အထိလိုက်ပို့တာဆိုတော့ သူ့ကိုတော့ အဘွား မှတ်မိမှာပေါ့"





"အင်း . . . ဖယောင်းကိုတော့ မှတ်မိပါတယ်။ သူ့နာမည် ပြောတော့ အဘွားက ဖယောင်းတိုင်ကိုပဲ မှတ်ထားလိုက်တာလေ"

ဖယောင်းတိုင်ကိုပဲ မှတ်ထားတယ်ဆိုတော့ ဖန် ပြုံးလိုက်မိ ပါသည်။ ဒါကိုပဲ အမုန်းကမြင်ပြီး မျက်စောင်းထိုးလေတော့ –

"ရေစက်ဆိုတာကို မင်း ယုံပြီလား အမုန်း"

"ဘာ"

"ဟုတ်တယ်လေ၊ မင်းနဲ့ကို ချိန်းထားရင်တောင်မှ လွဲချင် လွဲဦးမယ်။ အခု မချိန်းဘဲနဲ့ ဒီမှာ လာဆုံတာ ရေစက်ရှိလို့ပေါ့ မဟုတ်ဘူးလား"

"ဟွန်း . . . အဲဒီရေစက်ကလည်း အခုထိ မကုန်နိုင်သေး ဘူး။ မြင်ရတဲ့အရာသာဆို အကုန်သွန်ချပြီး ရေတစ်ပေါက်တောင် မကျန်အောင် နေနဲ့ခြောက်အောင် လှမ်းပစ်တယ်"

"ရှေ့ဘဝက ရေစက်လေ၊ နောင်ဘဝ ရေစက်ထပ်မဆုံချင် သော့ရင်တော့ ကိုယ်နဲ့ထပ်ပြီး အတူတူမလှူနဲ့ပေါ့"

အမုန်း သူ့ဘာသာသူပြောချင်ရာပြောဆိုပြီး ဂရုမစိုက်သလို စကားမပြောတော့ဘဲ သူမ အဘွားအတွက် ဝယ်လာတာတွေကို အဘွားရှေ့သို့ ချပေးလိုက်စဉ် –

"သေချာတယ်၊ နောက်ဘဝလည်း ထပ်ဆုံဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

အမုန်း သူ့ကို ပြန်အကြည့်မှာ ရယ်ကျဲကျဲမျက်နှာကို မြင်လိုက်ရတော့ သဘောပေါက်သွားလေသည်။ အခုမှ သတိထားမိတယ် ဟုတ်တာပေါ့။ အဘွားရှေ့မှာရှိနေတဲ့ အရာတွေက သူဝယ်လာပေးတာပဲဖြစ်မှာ။ ဟူး . . . ခုမှခက်ပြီ၊ ကိုယ်ဝယ်လာတာတွေကို သူနဲ့ ရေစက်မဆုံချင်လို့ဆိုပြီး ပြန်ယူသွားလို့လည်း မဖြစ်တော့ဘူးလေ။ အဘွားကို အားနာစရာကြီး။ ဒီတော့ ရေစက်ရှိရင် မြန်မြန်ဆုံပြီး မြန်မြန်ကုန်ရပါလို၏လို့ပဲ ဆုတောင်းကာ။

''အဘွား''

''ပြောလေ မြေး''

''ဒါ အဘွားအတွက် လိုအပ်မယ်ထင်တာတွေ အမုန်းဝယ်လာခဲ့တာပါ။ လက်ခံပါနော် အဘွား''

''အင်း . . . ဝယ်လာပြန်ပြီ တစ်ယောက်။ ခုတစ်လော အဘွားတော့ ကံကောင်းလာပြီထင်တယ်။ ကူညီမယ့်သူ လှူဒါန်းမယ့် သူတွေ ပေါ်လာလို့လေ''

''အခုတစ်လောတင် ကံကောင်းတယ်လို့ မမှတ်ပါနဲ့ အဘွားရယ်။ အမြဲတမ်း ကံကောင်းပြီလို့သာ မှတ်လိုက်တော့။ အခု အဘွားဆီကို မကြာခဏ လာပါ့မယ်''





''ခုလိုကြားရတာ အဘွား ဝမ်းသာလိုက်တာ မြေးရယ်။ ပြော် . . . မြေးတို့ဆီက ဘာမျှော်လင့်ချက်နဲ့မှ အဘွားက ပြောတာ မဟုတ်ဘူးနော်။ တစ်ယောက်တည်းအထီးကျန်နေရတဲ့ အဘွားဆီကို ခဏခဏ လာကြမယ်ဆိုလို့ အဘွားက ပြောတာပါ။ နောက်လာရင် ဘာမှဝယ်မလာကြပါနဲ့။ လူရောက်လာတယ်ဆိုရင်ပဲ အဘွား ကျေနပ်ပါတယ်ကွယ်''

ဒေါ်ကျင်ခ၏အသံက နောက်ဆုံးမှာ တိုးလျသွားလေသည်။ အသက်ကြီးလာတော့ သားက ရောက်နိုးနိုး၊ မြေးတွေရောက်လာနိုးနိုး အမျိုးသားချင်းတွေကပဲ ရောက်လာနိုးနိုးနဲ့ မျှော်ခဲ့ရတဲ့အဖြစ်တွေကို ဘယ်သူက သိခဲ့သလဲ။ မလာတဲ့အဆုံး ကိုယ်က သတိရလို့သွားတာ အောင် နှင်ထုတ်ကြတယ်လေ။

အမုန်းလည်း . . . အဘွားကိုကြည့်ပြီး သနားလိုက်တာ။ ကိုယ့်မှာ ပစ္စည်းဥစ္စာ မချမ်းသာရင် အမိတော်ခဲ သားတော်ခဲဆိုတာ ဆော်တော်မှန်တဲ့စကားပါပဲ။ သားသမီးမှာမရှိရင်သာ မိဘက ပေးတာ၊ မိဘမှာမရှိရင်တော့ သားသမီးတိုင်းကပေးတာ နည်းမှနည်းပါပဲ။ အဲ့လူကြီးတွေ ပြောတတ်ကြပါသေးတယ်။ သားမွေးထားရင် သား အပြင်လူမို့ မိဘဆီကို ဘာတွေ ဘယ်လောက်များ ပေးနိုင်လို့လဲ။ သမီးမွေးထားရင် သမီးက ဟိုဟာမဖြစ်တောင် မိဘကစားရတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ... သားမွေးထားလည်း သားတိုင်း မဟုတ်သလို သမီးမွေးထားလည်း သမီးတိုင်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးမိန်းကလေးအများစုကတော့ မိဘကို ဥပေက္ခာပြုမထားနိုင်ကြဘူးလို့ အမုန်းတော့ ထင်ပါသည်။ အခု အဘွားဒေါ်ကျင်ခက သားမွေးထားတဲ့သူပါ။

"အေးလေ ... တစ်ယောက်လျှုတာကို လက်ခံထားပြီးပြီဆိုတော့ နောက်တစ်ယောက် လျှုတာကိုလည်း လက်ခံရတော့မှာပေါ့။ အဘွား မြေးလျှုတာတွေကို လက်ခံပါတယ်ကွယ်"

ဆိုပြီး ဒေါ်ကျင်ခ ဆုတွေတစ်သီကြီး ပေးလေတော့သည်။ အမုန်းကလည်း ပိုက်ဆံအိတ်လေး ဖွင့်ကာ –

"အဘွား"

"––––"

"ဒါက အဘွားအသုံးလိုရင် သုံးဖို့ပါ အဘွား"

"နေ နေပါစေ မြေးရယ်။ အဲဒါတော့ အဘွားမယူပါရစေနဲ့။ စောစောကပဲ မြေးဖန်နေ ပေးတာ အဘွား ယူထားပြီးပါပြီ"

"အဘွားကလည်း သူကသူ၊ အမုန်းက အမုန်းပဲလေ။ ဘာဆိုင်တာမှတ်လို့။ သူ့ကိုလက်ခံရင် အမုန်းကိုလည်း လက်ခံရမှာပေါ့။ ယူပါနော်"





"မင်းနဲ့ငါ မဆိုင်တာကို ငါကလည်း ဆိုင်တယ်လို့ မပြောမိပါဘူး"

"ဆိုင်လို့ရော ရမလားရှင့်"

"မင်း ငါ့ကို စိန်ခေါ်တာလား"

အမုန်း ပေစောင်းစောင်းနှင့် ပြန်ကြည့်ပစ်လိုက်၏။ သူနဲ့မဆိုင်လည်း ဝင်ပြောလိုက်ရင် ဘုကန့်လန့်ချည်းပဲလေ။ အမုန်းကလည်း မဟုတ်မခံဆိုတော့ –

"ဒီမှာ ကိုဖန်နေမင်း"

"ပြော"

"ကျွန်မကတော့ စပြီး စိန်မခေါ်ပါဘူး။ ဒါပေမဲ့ ရှင် စိန်ခေါ်ရင်တော့ နောက်တွန့်မှာမဟုတ်ဘူး။ ကျွန်မနာမည် အမုန်းမပြယ်ရင် ဘာဖြစ်ချင်လဲ"

ဟူး မလွယ်ပါလား။ ကိုယ်က စိန်ခေါ်ရင် ဒီမိန်းကလေး ဘာကိုမှ ဘွာခတ်မည့်ပုံ မပေါ်ပေ။ မင်း ယောက်ျားတွေကို လျှော့တွက်နေတာလား အမုန်းမပြယ်။ မိန်းမတွေ ဘယ်လောက်ပဲတော်နေ တတ်နေပါစေ မိန်းမတစ်ယောက်ရဲ့ဘဝကို ယောက်ျားတစ်ယောက်က အညွှန့်ချိုးစားပြီး ဖျက်ဆီးလို့ရတယ်ဆိုတာ နားမလည်ဘူးလား။

ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖန်နေမင်းဆိုတဲ့ကောင်ကတော့ အဲဒီလိုလူမျိုးမဟုတ်ပေ။ လူကြီးတွေ သဘောတူထားတာက မြဖယောင်းဖြစ်နေတဲ့အတွက် မင်းကို ကိုယ်စိန်မခေါ်ပါဘူး

''ဘာဖြစ်ချင်လဲဆိုတော့ ဘာမှမဖြစ်ချင်ပါဘူး။ မင်း ကိုယ့်ကိုယ်ကိုယ် သိပ်တော့ အထင်မကြီးနဲ့ အမှန်းမပြယ်။ ငါက သတိပေးတာပါ။ မိန်းတစ်ယောက် ဘယ်လောက်ပဲ တော်တော် မိန်းမတွေရဲ့ ဘဝကို ယောက်ျားက အညွန့်ချိုးနိုင်တယ်ဆိုတာ မင်းမမေ့နဲ့''

''ဘာ''

''မင်းနဲ့ငါ ဘာမှမဖြစ်ချင်ဘူးဆိုတာ ငါ မင်းကို ကြောက်လို့ မဟုတ်ဘူးနော်။ မိန်းမတစ်ယောက်နဲ့ တုပြိုင်ရမယ့်အလုပ်ကိုလုပ်ဖို့ အောက်တန်းကျတယ်ထင်လို့ ရှက်လို့ နားလည်လား''

ပြောပြီး ဖန် ထသွားလိုက်တာ အဘွားကိုပင် ပြန်တော့မယ်လို့ နှုတ်မဆက်ဖြစ်ခဲ့ပေ။ စိန်ခေါ်တဲ့စကားတွေ ရှေ့ဆက်မပြောချင်တော့လို့ပါ။ ဖန်ကလည်း မာနကြီးတဲ့ယောက်ျားပါပဲ။

''ဖန်နေမင်း''

❋



## အခန်း (၁၂)

''တီ တီ''

''------''

''တီ တီ''

ကားဟွန်းတီးသံကြောင့် ဒေါ်မြလေးငုံ ထိုင်နေရာမှ လည်…ခဲ့၍ ခါးမတ်သွားလေသည်။ သမီးက သူမမ အလင်းရောင်အိမ်ကို …သည့်သွားတာလေ။ အသွားတုန်းကတော့ သူ့အဖေကိုယ်တိုင် လိုက်…ပြီး အပြန်မှာ လာမခေါ်နဲ့ဆိုတော့ ဘယ်သူများ လိုက်ပို့မှာလဲ။ …သူမမ အလင်းရောင်လား။ ဒါမှမဟုတ် အလင်းရောင်ရဲ့ယောက်ျား …လင်းသက်လား။



www.burmeseclassic.com

www.burmeseclassic.com



''မေမေ''

''သမီး''

သမီးကို ထအကြိုမှာ နောက်ကဝင်လာတဲ့သူကို မြင်လိုက်ရတော့ ဒေါ်မြလေးငုံ အံ့သြသွားရလေသည်။

''ဟင် . . . မောင်ဖန်က ဘယ်ကနေ ဘယ်လို''

''သမီး ဖုန်းဆက်ပြီး ခေါ်လိုက်တာပါ မေမေ။ သူ့ကို အားလားမေးတော့ အားတယ်ဆိုတာနဲ့လေ။ အဲဒါကြောင့် မမတို့အိမ်ကိုလာခေါ်ခိုင်းလိုက်တာ။ ပြန်လာတာတော့ စောပါတယ်၊ သမီး မြို့ထဲသွားချင်တယ်ဆိုတာနဲ့ ကိုဖန်က လိုက်ပို့ပေးလို့ နောက်ကျနေတာပါ''

''ဟုတ်လား . . . သမီးက မြို့ထဲကို ဘာသွားလုပ်တာလဲ မောင်ဖန်ကို အားနာစရာကွယ်''

''ရပါတယ် အန်တီ၊ အားနာစရာမလိုပါဘူး။ ကျွန်တော်လည်း အလုပ်နားရက်မို့လို့ အားနေတာနဲ့ ဖယောင်းဆန္ဒကို လိုက်လျှောခဲ့တာပါ။ မြို့ထဲသွားတာလည်း ဘာရယ်လို့တော့ တိတိကျကျ မဟုတ်ပါဘူး။ သွားရင်းလာရင်း စားချင်တာရှိရင် ဝင်စား ဝယ်ချင်တာရှိရင် ဝင်ဝယ်ပေါ့''

''ဟုတ်လား၊ ဒါဆို သမီးက ကလေးဆိုးကြီး လုပ်နေတာပေါ့''





''ဟာ . . . မေမေကလည်း သမီးက မဆိုးပါဘူး''

''ကဲ . . . ဟုတ်ပါပြီ . . . ဟုတ်ပါပြီ''

ဒေါ်မြလေးငုံ သမီးဖြစ်သူရဲ့ခေါင်းလေးကို ပွတ်ပေးပြီး ကျေနပ်ပီတိ ဖြစ်နေရသည်သာ။ သူမ ဖြစ်ချင်တာ ဒီအတိုင်းပဲလေ။ ဖန်နေမင်းနဲ့သမီးကို ခုလို ရင်းနှီးနွေးထွေးစေချင်တာပါ။ ဒါမှ နောင်တစ်ချိန်မှာ ဘာပြဿနာမှ မရှိနိုင်မှာပေါ့။ အစိမ်းသက်သက်ကြီး သက်ထပ်ပေးဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။

''မောင်ဖန်''

''ဗျာ''

''မတ်တတ်ကြီးနဲ့ ထိုင်လေကွယ်''

''ထိုင်မနေတော့ဘူး အန်တီ။ ဖယောင်း အိမ်ပြန်ရောက်ပြီဆိုတော့ ကျွန်တော်လည်း ပြန်တော့မယ်''

''ချက်ချင်းကြီးပါလား''

''ဟုတ်ကဲ့ . . . ကျွန်တော် သွားစရာလေးရှိသေးလို့ပါ အန်တီ''

''ဪ . . . အေး အေး၊ ဒါဆိုလည်း အန်တီ မတားတော့ပါဘူးကွယ်။ အိမ်ကို စောစောပြန်နော် သား။ တော်ကြာ စန္ဒာ စိတ်ပူနေလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဒေါ်မြလေးငုံ ခေါင်းညိတ်ပြတော့ ဖန်ကထွက်သွားလေပြီ။ ဖယောင်းကတော့ မျက်ခုံးလေးစုကျုံ့ပြီး တစ်ခုခုကို စဉ်းစားနေမိသည်လေ။ မေမေပြောလိုက်တာ စန္ဒာစိတ်ပူနေလိမ့်မယ်တဲ့။ စန္ဒာဆိုတာက ဘယ်သူလဲ။ ကိုဖန်နဲ့ ဘယ်လိုတော်စပ်ပြီး မေမေက ဘယ်လိုသိနေတာလဲ။

ပြီးတော့ . . .

စတွေ့ကတည်းက မေမေနဲ့ကိုဖန် ဆက်ဆံပုံက တွေ့ဖူးမြင်ဖူးပြီးသားလို ရင်းနှီးနေကြသည်လေ။ ဘာတွေလဲ မေမေနဲ့ ကိုဖန့်ကြားမှာ လျှို့ဝှက်ချက်တစ်ခုခုများ ရှိနေသလား။

"မေမေ"

"ဟင်"

"ကိုဖန်နဲ့ မေမေက အရင်ကတည်းက သိနေကြတာလား ဟင်။ မေမေ ကိုဖန်ကို ဆက်ဆံတာ ရင်းရင်းနှီးနှီး ရှိနေသလိုပဲလို့ သမီးထင်တယ်"

"အဟွန်း"

ဒီစကားကို မေးမှမေးပါ့မလားလို့။ ဖန်နေက ဘာမှမပြောနဲ့လို့တားပေမယ့် သူမက ပြောချင်နေတာလေ။ ဒီလို ဒီအကြောင်းပါလို့





သမီးလေးသိထားမှ ရှောင်သင့်တာကို ရှောင်လို့ရမှာပေါ့။ မသိရင် ဖန်နေအပေါ်မှာ ဆိုးနေမှာစိုးလို့ပါ။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဖန်နေနဲ့သမီးကိစ္စကို သူမ အပျက်မခံနိုင်ဘူးလေ။

"ဟုတ်တယ် သမီး၊ ဒီအကြောင်းကို မေမေ ပြောချင်နေတာကြာပြီ။ မောင်ဖန်က မပြောပါနဲ့ဆိုလို့သာ နေရတာ"

"ရှင်"

"တကယ်တော့ မောင်ဖန်နဲ့သမီးကို မေမေတို့ လူကြီးချင်းသဘောတူထားကြတာလေ။ တစ်နေ့ သမီးလက်ထပ်ရမယ့်ယောက်ျားဟာ ဖန်နေမင်းပဲဖြစ်ရမယ်။ အဲဒါကြောင့် သမီးနဲ့ရင်းနှီးအောင် သူနဲ့သမီး ဘယ်ကိုပဲသွားသွား မေမေ မတားခဲ့တာပေါ့"

ဖယောင်းမျက်နှာလေးပေါ်မှာ ရှက်သွေးရောင်သမ်းသွားလေသည်။ ရင်ထဲမှာလည်း အေးသလို နွေးသလိုလိုနှင့်ပါ။ မေမေပြောတဲ့စကားဟာ သူမအတွက် မင်္ဂလာစကားပါပဲ။ ကိုဖန်က ငြင်းစရာအပြစ်အနာအဆာရှိတဲ့လူမှ မဟုတ်ဘဲလေ။ ပြီးတော့ ဖယောင်းလည်းသူ့ကို စိတ်ဝင်စားနေတာပဲဥစ္စာ။

"မေမေကလေ တကယ်လျှို့တယ်သိလား၊ အဲဒါ သမီးကိုကြိုပြောတာမဟုတ်ဘူး"

"မောင်ဖန်က မပြောနဲ့ဆိုလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူကရော ဒီကိစ္စကို ဘာလို့လျှို့ထားချင်ရတာလဲ"

"ဩော် သမီးရယ် . . . မောင်ဖန်က လူတစ်မျိုးလေ။ မိန်းမတစ်ယောက်ကို မိဘပေးစားလို့ ယူလိုက်ရတာမျိုး၊ ကိုယ် စိတ်မပါဘဲ မဖြစ်ချင်ဘူးတဲ့။ သူကိုယ်တိုင်က ချစ်လို့လက်ထပ်တာမျိုးပဲ ဖြစ်ချင်တယ်တဲ့။ အဲဒါကြောင့် သူ သမီးကို အနီးကပ်လေ့လာနေတာလေ။ အခုအခြေအနေက ဘယ်လိုလဲ မေမေ့ကို ပြောပြပါဦး"

ဖယောင်း ရယ်ကျဲကျဲနှင့် လည်ပင်းကိုပွတ်ကာ –

"ဒီလိုပါပဲ"

"ဟင် . . . ဘာ ဒီလိုပါပဲလဲ"

"အခုက မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ ရှိသေးတာ မေမေရဲ့ ... ခင်တာက မကြာသေးဘူးဆိုတော့ သူလည်း ဘယ်ပြောဦးမှာလဲ ... သမီးကတော့ အမှန်ကိုဝင်ခံရရင် သူ့ကိုစိတ်ဝင်စားပါတယ်"

စကားသံအဆုံးမှာ ဖယောင်းအသံက တိုးလျှသွားလေသည် ... ဒီအကြောင်းကို ကိုယ့်သားအမိချင်းမို့လို့သာ ဖယောင်း ဝန်ခံရဲတာ ... အခြားသူရှေ့မှာတော့ ဖယောင်း မပြောရဲပါဘူး။ သွားရင်း လာရင်း ... တောင် ဖယောင်း သူ့ကို ငေးကြည့်ခဲ့ရတာတွေ၊ သူနဲ့အတူရှိနေမိုင်း... ဘယ်အပျော်နဲ့မှမတူအောင် ပျော်ခဲ့တာတွေ။

အဲဒါအချစ်လား။





ဖယောင်းကတော့ ချစ်တယ်။ သူကရော ဖယောင်းလိုပဲ ... ရှိနေမလားဆိုတာတော့ ကိုယ်မဟုတ်တဲ့ သူ့စိတ်ကိုမသိနိုင်ဘူးလေ။

"သူလည်း သမီးကို စိတ်ဝင်စားမှာသေချာပါတယ်"

"ရှင်"

"ဟုတ်တယ်လေ။ မေမေ့သမီးလေးက ဒီလောက်ဖူးစင် ... ပြီး လှနေတာကို။ မေမေ ယုံကြည်တယ်။ သူ သမီးကို ချစ်လာမှာပါ"

"ဟုတ်ပါ့မလား မေမေရယ်"

"သိပ်ဟုတ်တာပေါ့ သမီးရယ်၊ မယုံရင်စောင့်ကြည့်။ သူ ... မကြာခင်မှာ သမီးကိုချစ်တယ်လို့ ပြောလာလိမ့်မယ်။ အဲဒီအခါ ... သမီးကသာ သူလိုချင်တဲ့အဖြေ ပေးလိုက်။ အားလုံး Ok သွားမှာပါ"

ဒေါ်မြလေးငုံကတော့ သူ့သမီးရဲ့အလှကို ယုံကြည်စွာနှင့် ... ဆောက်ချက်ချလိုက်ပြီလေ။ လှတဲ့လူတွေကို လူတိုင်းကချစ်သတဲ့ ... သား။ လူတိုင်းက မြတ်နိုးတွယ်တာတတ်သတဲ့လား။ ပြီးပြည့်စုံတဲ့ ... အလှပိုင်ရှင်သည် ထိုအလှနှင့် ညှို့ယူဖမ်းစားပြီး လူတိုင်း၏စိတ်ကို ... သိမ်းပိုက်ထားနိုင်သည်လို့ သတ်မှတ်လိုက်သည်မှာ အသေအချာ ...

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကာစတန်မာတစ်ယောက်ကို အမုန်း အင်္ကျီတွေပြနေတုန်း ဆိုင်ထဲသို့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ယောက် ဝင်လာတာကို မျက်လုံးထောင့်ကနေမြင်ပေမယ့် သေသေချာချာ လှည့်မကြည့်ဖြစ်ပေ။ အဲဒီဘက်မှာ ဖယောင်းရှိနေလို့ ကိုယ့်ရှေ့က ကာစတန်မာနဲ့ပဲ ဂရုစိုက်နေတာပါ။

"အစ်မက အသားညိုတော့ ဒီအရောင်နဲ့ လိုက်ပါ့မလား မသိဘူးနော်"

"လိုက်ပါတယ် အစ်မရဲ့။ အစ်မက အရမ်းကြီး အသားညိုပါဘူး။ အလတ်ထဲမှာပါတာပဲဥစ္စာ"





ကာစတန်မာက သူမလက်မောင်း အသားအရေကို ပြန်ငုံ့ကြည့်ပြီး လက်မောင်းပေါ်သို့ အင်္ကျီကိုတင်ကြည့်ကာ –

"ဟုတ်တယ်နော်၊ လိုက်မယ်တော့ ထင်တာပဲ"

"လိုက်ပါတယ် အစ်မရဲ့၊ အမုန်းက တကယ်ပြောတာပါ။ ကိုယ်ရောင်းရပြီးရောဆိုပြီး အတင်းတိုက်တွန်းတာမျိုး မဟုတ်ပါဘူး"

"ဒါဆို ယူမယ်နော်"

"ဟုတ်ကဲ့"

ဒီဘက်မှာ အမုန်းကရောင်းနေတုန်း ဟိုဘက်ကအသံထွက်လာသည်မှာ –

"ဒီအင်္ကျီက ဘယ်လောက်လဲ"

"သောင်းနှစ်ထောင်ပါ အန်တီ"

"ဟင် ... ဈေးက များလိုက်တာ"

"မများပါဘူး အန်တီရဲ့။ ဖယောင်းတို့ဆိုင်က ဈေးမှန်ပါ။ သူများထက် ပိုမရောင်းပါဘူး"

"ရောင်းတဲ့လူတိုင်းကတော့ ဒီလိုပဲ ဈေးမှန်လို့ပြောကြတာပဲ သေ။ တစ်သောင်းအတိနဲ့ ရမလား၊ ရရင် ယူလိုက်မယ်"

"ဟို အဲဒီလောက်အထိတော့ လျှော့လို့မရဘူး အန်တီရဲ့။ သောင်းတစ်ထောင့်ငါးရာနဲ့တော့ ပေးလို့ရပါတယ်။ ဘယ်ဆိုင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ကြည့် ဒီအမျိုးအစားက ဒီဈေးပါပဲ။ ဈေးမများစေရပါဘူး''

အမုန်းရောင်းပေးနေတဲ့ ကာစတန်မာထွက်သွားလေတော့ အမုန်း ဒီဘက်သို့ လှည့်လိုက်စဉ် -

''ဟင်''

ဦးစောနောင်နဲ့ သူ့ဇနီးပါလား။ အမုန်း ချက်ချင်းပဲ ဖယောင်း ဘက်သို့ လျှောက်လာခဲ့တော့၏။

''တစ်သောင်းအတိမှမရရင် မယူဘူး။ အခြားဆိုင်မှာပဲ သွား ဝယ်တော့မယ်''

''မင်းကလည်း အဲဒါ အစကတည်းက အခြားဆိုင်မှာ ဝယ် လိုက် ပြီးရော။ ငါကတော့ ဒီဆိုင်မှာပဲ ဝယ်မယ်၊ ဒီအင်္ကျီ ငါကြိုက် တယ်''

ဦးစောနောင်ကလည်း သူ့အတွက် တီရှပ်တစ်ထည်ကိုရွေး ပြီး ကိုင်ထားရင်းပြောပေမယ့် မျက်လုံးက အင်္ကျီဆီမှာမရှိဘဲ ဖယောင်း ဆီမှ မခွာပေ။ ကြည့်ပုံက ပြီတီတီနဲ့မို့ အမုန်း အမြင်ကတ်စွာပဲ -

''ရှင်တို့ပိုက်ဆံက ရွှေကွပ်ထားတယ်ဆိုလည်း တစ်ထည် မရောင်းဘူး။ အခြားဆိုင်မှာ သွားဝယ်ကြ''

''ဟယ် ... အမုန်း''

''ဟင်''





''ဘာ''

ဦးစောနောင် လက်ထဲက အင်္ကျီကိုရော သူ့မိန်းမလက်ထဲ က အင်္ကျီကိုရော အမုန်း ဆတ်ခနဲ ဆတ်ခနဲဆွဲယူပစ်လိုက်သည်။ သမတော့ ကြောင်ကြည့်နေကြရာမှ နောက်တော့ နှစ်ယောက်စလုံး အမုန်းကို မှတ်မိသွားကြဟန်ရှိကာ -

''မင်း''

''နင်''

''ဟုတ်တယ် ... ကျွန်မ အမုန်းမပြယ်ပဲ။ အင်္ကျီမပြောနဲ့ ...တို့မုန်းသိရင် စောစောကတည်းက ဆိုင်ထဲကို အဝင်မခံဘူး သိ ...''

''အောင်မယ် ... ကောင်မ နင်ကများ ပြောရတယ်ရှိသေး။ ...လည်း နင့်ဆိုင်မှန်းသိရင် ဆိုင်ထဲဝင်ဖို့မပြောနဲ့ ဆိုင်ရှေ့မှာ ...လည်ချင်ရင်တောင် နင့်ဆီအနံ့ထွက်မှာစိုးလို့ ချုပ်ထားတယ် ...''

''ချုပ်ထားလေ ချုပ်ထားပေါ့။ ကျွန်မကလည်း လေမပြောနဲ့ ... ရွှေပေးမယ်ဆိုရင်တောင် ရှင်တို့လိုမိဘမေတ္တာစူးရှခံရမယ့်လူ ...ဆီက အလကားရတောင် မလိုချင်ဘူး။ အခု ကျွန်မဆိုင်ထဲကနေ ...သွား''



www.burmeseclassic.com

www.burmeseclassic.com



"အမုန်း"

ဖယောင်းက အားနာသလိုပြောပေမယ့် အမုန်းက အကြောင်းသိမို့ မျက်နှာကို တံတွေးနှင့်ထွေးပစ်ချင်လောက်အောင်တောင် ဖြစ်နေသူလေ။

"မင်းနှင့်စရာမလိုဘူး မိန်းကလေး။ မင်းလို ယဉ်ကျေးမှုမရှိတဲ့ မိန်းကလေးနဲ့ဆုံရတာ တို့ အရမ်းကံဆိုးတာပဲ။ မင်း ဆိုင်မှာ ဘယ်လို ကာစတန်မှာမျိုးတွေ ဝယ်လည်းတော့ မသိဘူး။ တို့ကတော့ ခြေသုတ်ဖို့ပေးတောင် မယူဘူး နားလည်လား"

"ကြည့်စမ်း ... ယောကျ်ားကြီးတန်မဲ့ နှုတ်သီးကောင်းလိုက်တာ။ ရှင့်ကို မိဘကို မိဘမှန်းမသိ၊ သေရင်တောင် မြေမြှုပ်ပြီး သေရမလား။ မိုးကြိုးပစ်ခံပြီး သေရမလား မသိတဲ့လူကို ကျွန်မဆိုက အကျီ သနခံပြီး မျက်နှာသုတ်ဖို့တောင် မပေးဘူးရှင့်။ စက်ကွင်းမလွတ်မှာစိုးလို့လေ"

"တောက်"

"ကောင်မ လူပါးဝလို့"

ဒေါသကိုယ်စီထွက်ကြတဲ့နေရာမှာ ဦးစောနောင်၏ ဒေါ်နှင်းပြည့်စုံ၏လက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွားပေမဲ့ အမုန်းပါးပြင်ဆီသို့ လက်ဝါးက ရောက်ခွင့်မရလိုက်ပေ။





အမုန်းကလည်း လျှင်ပါ့။ ကိုယ်က မမြန်ရင် ခံရမှာပဲလေ။ ဒေါ်နှင်းပြည့်စုံ၏လက်ကောက်ဝတ်ကို ဖိဆုပ်ပစ်လိုက်တော့ –

"အ"

"မင်း"

ဒေါ်နှင်းပြည့်စုံ၏မျက်နှာမှာ ရှုံ့မဲ့သွားပြီး ဦးစောနောင်က သူ့မိန်းမလက်ပေါ်က အမုန်းလက်ကို ခပ်ကြမ်းကြမ်း ဆွဲဖယ်လေလျှင်

"မိန်းကလေးတစ်ယောက်ရဲ့လက်ကို ယောကျ်ား တစ်ယောက် ဆုပ်ကိုင်လိုက်ပြီဆိုကတည်းက မိန်းကလေးဘက်က အောက်ကျစ်ရင် ပါးစပ်ကလေးဟပြီး အော်လိုက်တာနဲ့ ဘာဖြစ်သွားမယ်ဆိုတာ ခင်ဗျားမသိဘူးလား ဦးစောနောင်"

"ဟင်"

"ကိုဖန်"

မှန်ပါသည်။ ထိုစကားကိုဆိုရင်း ဆိုင်ထဲသို့ဝင်လာသူက ဖန်နေမင်းပါ။ ဖယောင်းက ဖန်ကို လုပ်ပါဦးဆိုသောသဘောနှင့် ကြည့်နေပုံက အားကိုးတကြီးနှင့်ပါ။ ရန်ဖြစ်ရင် ဖယောင်းက ကြောက်တယ်သည်လေ။ ဖန်ပြောလိုက်မှ ဦးစောနောင်လည်း အမုန်းလက်ကို လွှတ်၊ အမုန်းကလည်း သူ့မိန်းမလက်ကိုလွှတ်လိုက်ပြီးလေလျှင် –

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



အမုန်း နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီးမှ –

“ရှင်တို့မှာတင် လက်ပါတယ်မထင်နဲ့။ ကျွန်မမှာလည်း လက်ပါတယ်”

“နင် အခွင့်သာတုန်း နေလိုက်ဦးပေါ့”

“ဒါဆို အမုန်းတစ်ခုခုဖြစ်တာနဲ့ တရားခံရှာစရာမလိုတော့ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ပဲ”

“ဘာ”

“တော်ပြီ နင်း သွားမယ်”

ဦးစောနောင် သူ့မိန်းမလက်ကိုဆွဲပြီး ခေါ်သွားလေတော့သည်။ ဒီနေရာမှာ ဆုံမှဆုံတတ်လေပါ့။ အမုန်းကလည်း ကြည့်မ ဘူးဆိုရင် အရိပ်အယောင်တောင်မြင်ချင်သူမဟုတ်ပေ။

“ကိုယ့်ဆိုင်လာတဲ့ ကာစတန်မာကို အဲဒီလို ဆက်ဆံ အားနာဖို့ကောင်းလိုက်တာ အမုန်းရယ်”

“ဖယောင်း”

ဖယောင်းက လေသံပျော့နှင့်ပြောပေမယ့် အမုန်းအသံ မညင်သာပေ။ မျက်ဝန်းထဲမှာလည်း ဒေါသရိပ်က မပြယ်သေးစွာ

“အဲဒီလူတွေကို မရောင်းရလို့ တိုးပြီး တို့တွေ ဆင်းရဲမသွား ပါဘူး။ သူတို့ ဘယ်သူတွေလဲ နင်သိလား”





“ဟင့်အင်း ... မသိဘူးလေ”

“မသိရင် မှတ်ထား ... အဲဒါ အဘွားဒေါ်ကျင်ခရဲ့သားနဲ့ ချွေးမပဲ”

“ဟယ်”

မသိလိုက်ရလေခြင်းဆိုတဲ့ သဘောလားတော့မသိပါဘူး။ ထွက်သွားပြီလို့ မမြင်ရမှန်းသိသိနဲ့ ဖယောင်း သူတို့ထွက်သွားရာ လမ်းကို လိုက်ကြည့်မိသည်သာ။ လူတွေကြည့်တော့ တကယ့် အထိ အရ သူဌေးကြီးဆိုက်ဂိုက်နဲ့ မိခင်အိုတစ်ယောက်ကိုတောင် မကျွေး နိုင် မပေးနိုင်သည့်သူတွေ။

မပေးတာ မကျွေးတာထားပါဦး သတိရလို့ သွားတာကို တောင် နှင်ထုတ်ကြသည့်သူတွေ။

“မိဘကို မိဘမှန်းမသိတဲ့ သားသမီးတွေနဲ့၊ သားသမီးကို သားသမီးမှန်း မသိတဲ့မိဘတွေရှိနေသရွေ့ အမုန်းမပြယ်ဆိုတဲ့ ငါ လည်း ဘယ်တော့မှ နူးညံ့သိမ်မွေ့လာမှာမဟုတ်ဘူး။ ဥပဒေသာမရှိ ရင် အဲဒီလိုလူတွေကို ဓားတုံးတုံးနဲ့ မသေမချင်း ကျိတ်လှီးပြီး သတ် ပစ်ချင်တာ”

“အမုန်းရယ်”

ဖယောင်း စိတ်မကောင်းစွာ ခေါ်လိုက်မိစဉ်မှာပဲ အမုန်းက



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားလေပြီ။

"အမုန်းက တော်တော်စိတ်ပြင်းတာပဲနော်"

ဖန်ပြောလိုက်တော့ –

"ဟုတ်တယ် ကိုဖန်၊ အမုန်း အဲဒီလို မာနကြီးပြီး စိတ်ပြင်းတာ အကြောင်းရင်းရှိပါတယ်"

"ဟုတ်လား၊ အပန်းမကြီးရင် ကိုယ့်ကို ပြောပြပါလား"

ဖယောင်း ခေါင်းညိတ်ပြလိုက်ပြီး အမုန်းဘက်သို့ တစ်ချက်ပြန်ငဲ့ကြည့်ကာ –

"အမုန်းမှာ အဖေမရှိဘူး ကိုဖန်"

"ဟုတ်လား . . . ဒါများ အဆန်းလုပ်လို့ ဖယောင်းရယ်၊ ဒီလိုပဲ လောကမှာ အဖေမရှိတဲ့သူတွေ၊ အမေမရှိတဲ့သူတွေ အများကြီးပဲဥစ္စာ"

"မဟုတ်ဘူး ကိုဖန်၊ ဖယောင်းပြောချင်တာက"

ဆက်ပြောရမှာ မပြောရက်သလိုရှိတာကြောင့် ဖယောင်းစကားစကို ဖြတ်ထားလေလျှင် –

"ဆက်ပြောလေ ဘာဖြစ်လဲ"

ဖယောင်း သက်ပြင်းလေးချလိုက်ပြီး –

"အမုန်းရဲ့မေမေက အမုန်းကို မွေးခဲ့တာ၊ ဟိုလေ အမုန်း





အ . . . အဖေဆိုတဲ့လူက တာဝန်မယူလို့ အမုန်းမှာ အဖေမရှိဘူးလို့ ပြောတာပါ"

"ဟင်"

ဖန် ကွက်ခနဲ မျက်နှာပျက်သွားမိ၏။ သူတစ်ပါးရဲ့ အားနည်းချက်ကို ဖန် အစဖော်ပေးလိုက်သလိုဖြစ်ပြီ။ စိတ်မကောင်းလိုက်တာ အမုန်းရယ်။ ဖန် သနားကရုဏာသက်စွာနှင့် အမုန်းရှိနေရာဘက်သို့ ခပ်ငေးငေးလေး ကြည့်လိုက်မိသည်။

ဒါကို အမုန်းများ သိရင် –

ဩော် . . . မင်းမုန်းတယ်လိုပဲ သတ်မှတ်လိုက်ပါ့မယ် အမုန်းရယ်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သမီး"

ဒေါ်မျိုးနိုင်ဖူး သူမ ခြေသလုံးကိုနှိပ်ပေးနေတဲ့ သမီးရဲ့ လက်ကလေးကိုဆုပ်ကိုင်ပြီး ခေါ်လိုက်တာဖြစ်၏။ အမုန်းက ခါးလေး ဆန့်ပြီး မိခင်၏မျက်နှာကို စိုးရိမ်စွာကြည့်၍ –

"မေမေ ဘာဖြစ်လို့လဲ၊ သမီးနှိပ်တာနာလို့လားဟင်"

"မဟုတ်ပါဘူး သမီးရယ်၊ သမီးက နေ့ဘက်ကျတော့ သွားလာ လှုပ်ရှားနေရတာ၊ ညဘက်ကျပင်ပန်းပြီး အိပ်ချင်နေရောပေါ့ မေမေ့ကိုနှိပ်ပေးနေရတာကြာပြီပဲဥစ္စာ။ အိပ်ချင်အိပ်တော့လေ"

"ရပါတယ် မေမေ၊ သမီး မအိပ်ချင်သေးပါဘူး"





ပြောပြီး အမုန်း မိခင်၏ခြေသလုံးလေးကို ဆက်၍ နှိပ်ပေး လိုက်သည်။ အမုန်းဘဝမှာ မေမေက ပထမ၊ အဖေဆိုတဲ့နေရာမှာ တော့ လေးလေးက အစားထိုးလို့ အမုန်းဖြစ်ချင်ရာဆန္ဒကို ဖြည့်ဆည်း ပေးနေသူက လေးလေးပါ။ အမုန်းဘဝမှာ အဖေဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်တော့ပါဘူး။

မေမေ့ကိုချစ်သလောက်

အဖေဆိုတဲ့ လူကို အမုန်း သေလောက်အောင် မုန်းသည် လေ။ အဲဒီလူ လူ့လောကကြီးထဲမှာ ရှိနေသေးလား။ ရှိနေသေးတယ် ဆိုရင် အမုန်း တွေ့ချင်လိုက်တာ။ အဖေလို့ခေါ်ပြီး မိဘတစ်ယောက် အဖြစ် ဆီကရလာမယ့် မေတ္တာကို မျက်နှာငယ်ငယ်နဲ့ တောင်းခံဖို့တော့ မဟုတ်ပါဘူး။ မျက်နှာကိုတည့်တည့်ကြည့်ပြီး –

တာဝန်မကျေ၊ သတ္တိမရှိ လူယုတ်မာအဖြစ်နဲ့ လက်ညှိုးငေါက် ငေါက်ထိုးပြီး ပက်ပက်စက်စက် ပြောပစ်ချင်တာ၊ သားသမီးကောင်း မိဘမယားကောင်းနဲ့ မထိုက်တန်သူ။ တန်ပြန်အတုံ့အလှည့်အဖြစ်နဲ့ ဘဝပေါင်းစုံနဲ့ ကြုံတွေ့ပါစေ။

"သမီး"

"ရှင်"

"သမီးကို မေမေ တစ်ခုတော့ပြောချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ပြောပါ မေမေ၊ သမီးနားထောင်နေပါတယ်"

"သမီး သမီးအဖေကို စိတ်နာတာနဲ့ စိတ်ထဲကနေ ကျိန်တာတွေ၊ မေတ္တာပို့တာတွေ မလုပ်နဲ့နော်။ ဘာပဲဖြစ်ဖြစ် မိဘကမိဘပဲ သမီး။ မေမေက သမီးကို ကံကြီးထိုက်မှာစိုးလို့ ပြောတာပါ"

အမုန်း အံ့သြသလိုလေး ဖြစ်သွားရသည်။ မေမေက အမုန်းစိတ်ကိုမြင်နေရတဲ့အတိုင်းပါလေ။ ဒါမုန်းပြောတာနဲ့ တိုက်ဆိုင်သွားတာပဲ ဖြစ်မှာပေါ့။

"သူမကောင်းတာ သူ့အကြောင်းပဲ။ သမီးက သားသမီးအနေနဲ့ မေတ္တာမပျက်ပါနဲ့"

"ဟုတ်ကဲ့ပါ မေမေ"

ဟုတ်ကဲ့ဆိုတာ မေမေစိတ်ချမ်းသာအောင် ပြောလိုက်တာပါ။ တကယ်တော့ အမုန်းက ပုထုဇဉ်လူသားပဲဥစ္စာ။ ငယ်ငယ်ကတည်းက လေးလေးပြောပြလို့ အမုန်းကြားခဲ့ရတာသည် အဖေဆိုတဲ့လူ လူယုတ်မာအဖြစ်နဲ့ပါ။

ဒါကြောင့်

လေးလေးက အဲဒီလူကိုမုန်းလွန်းလို့ အမုန်းနာမည်ကိုတောင် အမုန်းမပြယ်လို့ မှည့်ပေးထားခဲ့တာ။ နာမည်အတိုင်းပဲ အမုန်းရင်ထဲက အဲဒီလူကို မုန်းတဲ့အမုန်းတွေ ဘယ်တော့မှ ပြယ်သွားမှာ မဟုတ်ပါဘူး





"မေမေ"

"–––"

"မေမေ သူ့ကို မမုန်းဘူးလားဟင်"

အမုန်းစကားကြောင့် ဒေါ်မျိုးခိုင်ဖူးမျက်နှာမှာ တည်တင်းသွားလေသည်။

"မုန်းတာပေါ့၊ မုန်းတာမှ သတ်ပစ်ချင်လောက်အောင်ကိုပဲ မုန်းခဲ့တာ"

"သူ လူ့လောကကြီးထဲမှာ ရှိနေသေးလား မေမေ"

အမုန်း မေမေ့နှုတ်ကအဖြေကို စောင့်စားနေပေမယ့် ဒေါ်မျိုးခိုင်ဖူးက တော်တော်နှင့်မဖြေပေ။ အတန်ကြာမှ –

"ရှိတယ် သမီး"

"ဟင်"

"သမီးကိုမွေးကာနီး တစ်ပတ်လောက်အလိုမှာ သူ ထောင်ထဲဝင်သွားတယ်လို့ သတင်းကြားတယ်။ မေမေ လုံးဝမငိုခဲ့ဘူး သမီး။ ဘာဖြစ်လို့လဲဆိုရင် မေမေ သူ့ကိုမချစ်ခဲ့လို့ပဲ"

"ရှင်"

"ဟုတ်တယ်၊ မေမေက အလိုမတူဘဲ အမွေအကျင့်ခံလိုက်ရတာ သမီးရဲ့။ အဲဒါ မေမေ အနေအထိုင်မတတ်ခဲ့လို့လို့ပဲ ဆိုရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အိပ်တော့လေ။ မေမေလည်း သက်သာသွားပါပြီ''

''ဟုတ်ကဲ့ မေမေ''

အမုန်း မေမေ့ကို နှုတ်ဆက်ပြီးထွက်လာခဲ့ပေမယ့် နားထဲမှာ မေမေ့စကားတွေက မထွက်သေးပေ။ သူ့မှာ သမီးတွေမွေးထားတယ်တဲ့။ အဟွန်း ... ရှင် ဝဋ်မလည်ပါစေနဲ့ ဦးစောနောင်။

''ကလေး''

''ဩော် ... လေးလေး''

''ညည်းအမေ သက်သာရဲ့လား''

''ဟုတ် ... သက်သာပါတယ် လေးလေး။ အမုန်း ဆေးတိုက်ပြီးပါပြီ''

''အေး အေး ... သက်သာတယ်ဆိုလည်း ပြီးတာပါပဲ။ မသက်သာရင်တော့ ဆေးရုံသွားသင့် သွားရအောင် မေးကြည့်တာပါ''

ဦးဖြိုးပိုင်ဦးမှာလည်း ရောဂါသည်ညီမကတစ်ဖက် အလုပ်ကတစ်ဖက်နှင့် ဒီကြားထဲ တူမလေးကို စိတ်မချလို့ စိတ်ပူရတာတစ်မျိုးနှင့်လေ။ လူပင်ပန်းတာထက် စိတ်က ပိုပင်ပန်းတယ်လို့ပဲ ပြောရတော့မှာပေါ့။

❋



## အခန်း (၁၅)

''ဘယ်လို ဖယောင်း၊ ဖန်နေမင်းက နင်နဲ့ လူကြီးတွေ သဘောတူထားတာ ဟုတ်လား''

''ဟုတ်တယ် အမုန်း၊ ငါလည်း ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်တာ။ ခုမှပဲ ပြောဖြစ်တော့တယ်''

''ဘယ်ပြောဖြစ်မှာလဲ။ ဝမ်းသာလုံးဆို့ပြီး သူ့အကြောင်း ဆွေးနေရတာနဲ့ ပြောဖို့မေ့နေတာ မဟုတ်လား''

''အဟွန်း''

ဖယောင်းက ရယ်ပြီး အမုန်းရဲ့လက်မောင်းကို ဖက်ထားလေသည်။ သူတို့နှစ်ယောက်မှာ ဖယောင်းက ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ချွဲနွဲ့ပြီး အပြစ်ကင်းစင်သူလေးပါ။ အမုန်းက ဘာမဆို ရဲရင့်ခြင်းနဲ့ လှုကြီးဆန်သူလေ။ ဒါ တမင်စိတ်ကြီးဝင်နေတာတော့ မဟုတ်ပါဘူး။ ဘဝပေးသင်ခန်းစာတွေကြောင့် ရင့်ကျက်နေခဲ့တာပါ။

"ဒါနဲ့ နေပါဦး ... နင့်ကို ငါ မေးပါဦးမယ်"

"အင်း ... မေးလေ"

"သူက နင့်အပေါ် ဘယ်လိုလဲ"

မေးတော့ ဖယောင်း တွေတွေကလေးဖြစ်သွားကာ –

"သူက ငါ့ကို အလိုလိုက်တယ်။ အတူသွား အတူလာ နေ တယ်။ အိမ်ကိုလည်း အဝင်အထွက်ရှိတယ်။ ချစ်တယ်လို့ မပြောသေး တာတစ်ခုပဲ"

"နင်ကရော"

"ဟင် ... ဘာလဲ"

"သူ့ကို ချစ်လားလို့"

ဖယောင်း ခေါင်းလေးငုံ့သွားပြီးမှ –

"ချစ်တာပေါ့လို့"

ပြောရင်း အမုန်းရဲ့လက်မောင်းကို ဖွဖွထုလေသည်။ အမုန်း က ရွှံ့သလို ခပ်မဲ့မဲ့လေးဖြစ်သွားပြီး –

"ထင်သားပဲ၊ မျက်နှာကိုကြည့်တာနဲ့ သိတယ်။ ရှက်ကိုး





ရှက်ကန်းနဲ့ ပြောလိုက်ရင် ပီတိဖြစ်နေတဲ့ပုံကြီး။ ဟိုက ဖုန်းဆက်ရင် တို့၊ ဆိုင်လာရင်တို့ဆို မျက်နှာက ထီပေါက်တဲ့သတင်း ကြားလိုက် သလိုပဲ"

"နင်ကလည်း မခံစားဖူးတော့ ကိုယ်ချင်းမစာ မပြောနဲ့နော်။ နင့်အလှည့်ကျမှတွေ့မယ် သိလား"

"ငါ့အလှည့် ဟုတ်လား"

"အင်း"

ဖယောင်း ခေါင်းညိတ်ပြလေတော့ အမုန်းက ခေါင်းကို မော့၍ ရယ်လေသည်။ သူမဘဝမှာ အချစ်ဆိုတာ ရှိလာဦးမှာလား။ ရှိလာခဲ့ရင်တောင် အဲဒီအချစ်ဆိုတာသည် အက်ကြောင်းရာထင်လျက်နဲ့ ရှိလာခဲ့မှာပါ။ ဘာဖြစ်လို့လဲဆိုရင် အမုန်းက ယောကျ်ားတွေကို အထင် ကြီးသလို။

အချစ်ဆိုတာကိုလည်း အယုံအကြည်မရှိဘူးလေ။ ပြီးတော့ သူမဘဝမှာ ယောကျ်ားတစ်ယောက်ကို အားကိုးဖို့ မရှိမဖြစ်လိုအပ်တဲ့ အရာလို့ မထင်ပါဘူး။ ဘယ်အချိန်မဆို အမုန်းဆိုတဲ့မိန်းမက ကိုယ့် အားကိုယ်ကိုးနေမှာလေ။

"နင်က ဘာကိုရယ်တာလဲ"

"ငါ့အလှည့်ကျ တွေ့မယ်ဆိုလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဘယ်သူကများ အချစ်နဲ့ကင်းလို့လဲ"

"လူတိုင်း အချစ်နဲ့မကင်းကြတာကို ငါလက်ခံပါတယ် ဒါပေမဲ့ ငါ့ဘဝမှာ အဲဒီအချစ်ဆိုတာ ရှိလာခဲ့ရင်တောင် အက်ကြောင်း ရာပါတဲ့အချစ်ပဲ ဖြစ်လာမှာ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"ငါက ယောကျ်ားတွေကို အထင်မကြီးဘူးလေ။ အဲဒီတော့ ဘယ်ယောကျ်ားက သူ့ကိုအထင်သေးခံပြီး ငါနဲ့လက်တွဲမှာလဲ။ စဉ်းစား ကြည့်ပါဦး"

"အချစ်က အရာရာကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိတယ်လေ အမုန်းရဲ့။ တကယ် အချစ်နဲ့တွေ့ရင် နင့်စိတ်တွေ ပြောင်းလဲလာနိုင် သလို တစ်ဖက်ကလည်း သည်းခံနိုင်စွမ်းရှိမှာပါ၊ ငါ ယုံကြည်တယ် နင့်ရင်ထဲမှာ တစ်နေ့နေ့ အချစ်ဆိုတာ ရှိကိုရှိလာလိမ့်မယ်"

အမုန်း ခေါင်းခါလိုက်မိသည်။ ဒါ လက်မခံတဲ့သဘောပဲပေါ့ အဲဒီလို မချစ်တတ်ဘူးဆိုတဲ့ မိန်းမတွေပဲ အချစ်ဇော်လာပြီဆိုတော့ သူများတွေ ချစ်တာထက် ပိုပြီး ချစ်တတ်ကြတာလေ။ အချို့ မိန်းမကြမ်းကြီးတွေပင်ဖြစ်လို့။ သူ့အယူအဆနဲ့ ကိုယ့်အယူအဆ မတူ သလို။

ဖယောင်းကတော့ အချစ်ကို ယုံကြည်သည်။





အမုန်းက အယုံအကြည်မရှိဘူးတဲ့။ ဒါ အမုန်းမချစ်တတ် သေးလို့ ပြောတာဆိုတာထက် သူချစ်တဲ့သူ မတွေ့သေးလို့ ဒီစကား တွေ ပြောနိုင်တာပေါ့။ ဖယောင်းကတော့ အချစ်ကို ရှာဖွေတွေ့ရှိခဲ့ ပါပြီ။ အဲဒီလူက ဖန်နေမင်းပါပဲ။

"နင် အပြောမကြီးနဲ့နော် အမုန်း"

"ကဲပါ ... အဲဒါတွေ ထားပါတော့။ ဖြစ်မလာသေးတာကို ကြိုပြောနေတာ လေထွားရာကျတယ်။ အခုပြန်ရင် ငါ အဘွား ဒေါ်ကျင်ခဆီကို သွားဦးမှာ နင်လိုက်မလား"

"လိုက်မယ်လေ"

"ဒါဆို သွားရအောင်"

အမုန်းက အချစ်ကို စိတ်မဝင်စားသူမို့ အဲဒီအချစ်အကြောင်း ကို ဆက်ပြီး ဆွေးနွေးမနေချင်တော့ပေ။ ချစ်တတ်တဲ့ ဖယောင်းကို လည်း အပြစ်မပြောပါဘူး။ ဒါ သူ့ရဲ့လွတ်လပ်ခွင့်ပဲလေ။ ပြီးတော့ ဖန်နေမင်းကလည်း မိန်းတစ်ယောက်အတွက် အားကိုးထိုက်သည့် အရည်အချင်းပြည့် ယောကျ်ားဖြစ်သည့်အပြင် –

ရုပ်ကလည်း ချောတာကိုး။

ဘော်ဒီကလည်း ဖြောင့်၊ ဥစ္စာဓနကလည်း တောင့်တင်း နိုင်မာမှုရှိတော့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲပေါ့။ ဖယောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်လူသားတစ်ယောက်ပဲလေ။

"အမုန်း"

"ဟင်"

"နင် အဘွားဒေါ်ကျင်ခဆီကို ခဏခဏ ရောက်တယ်လား"

"ဟုတ်တယ်၊ အားကိုးရာမဲ့နေတဲ့ အဘွားအိုတစ်ယောက်ကို ငါ ဥပေက္ခာပြုမထားနိုင်ဘူး။ ကိုယ်နဲ့ သွေးသားမတော်စပ်ပေမယ့် သူ့အကြောင်းကို မသိရရင်ထား။ သိနေတော့ ပစ်မထားနိုင်လောက်အောင် ငါ အရမ်းသနားတယ်။ အဲဒါကြောင့် ငါ တတ်နိုင်သလောက် ကူညီနေတာပါ"

"ငါ မလုပ်နိုင်တဲ့အလုပ်ကို နင်လုပ်နေတာ။ နင့်စိတ်ဓာတ်ကို ငါ လေးစားပါတယ် အမုန်းရယ်"

နှစ်ယောက်သား ကားပေါ်မှာ စကားတပြောပြောနှင့်ပင်၊ မိုးပွိုင့်မိတော့လည်း ဖယောင်းက ဟိုကြည့် ဒီကြည့်နှင့် စကားပြောကတော့ မပျက်ပေ။ ဒီလိုနဲ့ အဘွားဒေါ်ကျင်ခအိမ်ကို ရောက်လာခဲ့သည်တွင် အိမ်ပေါ်သို့ တက်လိုက်တာနှင့် ကြားလိုက်ရသည့်အသံက-

"အမေ့ကို အိမ်မလာခိုင်းတာ ကလေးတွေက ရှုပ်တတ်တယ် အမေရဲ့။ အမေ့ကိုပြောမိဆိုမိတော့ ကလေးတွေပဲအပြစ်ရှိဦးမှာ။ အဲဒါကြောင့် မလာပါနဲ့ဆိုတာကို အမေက ကျွန်တော်တို့ မကောင်းကြောင်း





ဘယ်သူတွေကို လျှောက်ပြောနေတာလဲ"

"မဟုတ်ပါဘူး သားရယ်၊ သားတို့ မကောင်းကြောင်းကို အမေ ဘယ်သူ့ကိုမှ မပြောပါဘူး။ ဘုရားပေးပေး ကျမ်းပေးပေးပါ"

"ဘုရားတွေ, ကျမ်းတွေ ပေးနေစရာ မလိုပါဘူး။ အမေ ပြောဘဲနဲ့ ဘယ်သူက သိမှာလဲ။ အခု အမေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ခဏခဏ အပြောခံနေရတာ မိဘမေတ္တာ ရူးရှမယ်တို့၊ မိဘကို ပစ်ထားတာတို့ ရှုပ်နေတာပဲ"

ဦးစောနောင်က မိခင်ကို နင်ပဲငဆ ပြောနေပေမယ့် မိခင်ကတော့ မျက်ရည်တွေကျလို့ပါ။ မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲရင်တစ်သက်တဲ့။ ဒါကို တကယ်မသိလေရော့သလား။

"သားတို့မကြိုက်ရင် နောက်ကို အမေ သားတို့အိမ်ကို ဘယ်တော့မှမလာပါဘူးကွယ်။ အမေ့ကို ရန်တွေ့သလိုတော့ ငါ့သား မပြောပါနဲ့"

"ပြောတော့ ဘာဖြစ်လဲ။ မလာနဲ့ အမေ ကျွန်တော်တို့ အိမ်ကို ဘယ်တော့မှမလာခဲ့နဲ့"

"အဟင့်"

"ရှုပ်ပါတယ်ဗျာ၊ ခင်ဗျား ကျွန်တော့်ကို သားလို့ မသတ်မှတ်နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သာဖြစ်စွာနှင့် အမုန်း ခြေလှမ်းစလိုက်သည်တွင် ဖယောင်းက အမုန်းလက်မောင်းကို ဆွဲထားလေသည်။ သူများသားအမိကြားမှာ မပါစေချင်ပါဘူး။ ကြားသုံးကြား မဝင်နဲ့ဆိုတဲ့စကားက ရှိနေတယ်လေ။

"ဘယ်လိုပြောလိုက်တာလဲ သားရယ်။ အမေလေ"

"တော်တော့ . . . ခင်ဗျားအသံ ထပ်မကြားချင်ဘူး"

"သေရင်တောင် မီးသွေးခဲလို မည်းမည်းတုံးတုံးဘဝနဲ့ သင်္ချိုင်းသွားရမယ့်လူကို ပြောမနေနဲ့တော့ အဘွား။ ဒီလို ဂါရဝတရား မရှိတဲ့သားကို အမေ့သားလို့ သတ်မှတ်စရာမလိုပါဘူး"

"ဟင်"

"မြေးလေး အမုန်း"

အမုန်းကိုမြင်တာနှင့် အဘွားက အားတက်သရောခေါ်လိုက်ပေမယ့် ဦးစောနောင်က ကြည့်လိုက်တာကိုက စားတော့ဝါးတော့ မတတ်မျက်လုံးနှင့်ပါ။

"မင်း"

"အဘွားကို ရှင် အမေလို့ မသတ်မှတ်တော့ဘူးဆိုရင် အဲဒီအိမ်ပေါ်က ဆင်းသွားလိုက်"

"အောင်မာ . . . ငါ့ဘာသာငါ ဆင်းဆင်း, မဆင်းဆင်း





နင့်အကြောင်းလား။ ဒါ . . . ငါ့အမေအိမ်၊ ငါ့အမေအိမ်က ငါ့အိမ်ပဲ၊ ဆင်းရမှာက နင် အခုဆင်းသွား"

"သား"

"အမေဖယ်စမ်းပါ"

ဦးစောနောင် ထရပ်လိုက်တော့ ဒေါ်ကျင်ခက သူ့သားကို ကမန်းကတန်း ဆွဲလေသည်။ တစ်ဖက်က သား၊ တစ်ဖက်က သူမဘက်ကနာလို့ပြောနေတဲ့ မိန်းကလေးလေ။ ပြီးတော့ ကိုယ့်သား ဥပေက္ခာပြုထားသမျှ အမုန်းကပဲ ခဏခဏလာအားပေးပြီး လိုအပ်တာတွေ ဖြည့်ဆည်းလှူဒါန်းနေသူပါ။

အမုန်းကလည်း သူများအိမ်ဆိုပြီး မကြောက်ပါဘူး။ မှန်တာ ပြောရမယ်ဆို ဘယ်သူ့နယ်မှ မရှောင်ဘူးလေ။

"ဩော် . . . ဒါဆို ရှင်က အမေကိုပြုစုဖို့ကျ သတိမရဘဲ ဒီအိမ်နဲ့မြေကိုတော့ အမွေလိုချင်သေးတယ်ပေါ့လေ၊ ဟုတ်လား"

"ဟုတ်တယ်၊ ငါ့အမေပစ္စည်း ငါပိုင်တယ် ဘာဖြစ်လဲ"

"တော် . . . တော်ကြပါတော့၊ စောနောင် နင်သွားတော့"

"အမေ"

"တော်ပြီ . . . ဘာမှထပ်မပြောနဲ့တော့၊ နင်သွားတော့ . . . သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်ခက ဦးစောနောင်ကို တွန်းလှွတ်လေသည်။ သူမ တကယ်တော့ ဒီသားကို စိတ်နာနေတာကြာခဲ့ပါပြီ။ မွေးထားမိတာ ဝမ်းရေစပ်ရုံကလွဲပြီး မိဘကို အကျိုးမပေး ဒုက္ခအမျိုးမျိုးသာပေးခဲ့သူ

"သွားလို့ပြောနေတယ်လေ"

ဦးစောနောင် အမုန်းကို ရူးရူးရဲရဲကြည့်ပြီး –

"တောက်"

တက်ခေါက်ပြီး ဦးစောနောင် ထွက်သွားလေတော့ အမုန်း အဘွားရဲ့ ပခုံးကို ဖက်လိုက်သည်တွင် အဘွားက ငိုပါလေတော့၏

"အဘွား ... မငိုပါနဲ့ အဘွားရယ်"

အဘွားကို အမုန်းနဲ့ဖယောင်း နှစ်သိမ့်ပေးနေချိန်မှာ ဦးစောနောင်ရင်ထဲမှာတော့ –

"မင်း ထမင်းဝအောင် စားထား မိန်းကလေး။ တစ်နေ့ စောနောင် ဘာကောင်ဆိုတာ မင်းသိစေရမယ်"

❋



## အခန်း (၁၆)

ဖန် နဖူးပေါ်လက်တင်ပြီး အတွေးက ဟိုရောက်ဒီရောက် နှင့် အိပ်လို့မပျော်ပေ။ မေမေက မေးနေပြီလေ။ ဖယောင်းနဲ့အခြေအနေ ဘယ်လိုလဲတဲ့။ ဖယောင်းနဲ့ဖန် အဆင်ပြေတာနဲ့ လက်ထပ်ပေးချင်ပြီတဲ့လေ။ ဖန် ဘာလုပ်ရမလဲ။ ဖယောင်းက နူးညံ့ပြီး ရိုးသားအေးချမ်းသူလေးပါ။

ဘာမှငြင်းစရာမရှိပါဘူး။

ဒါပေမဲ့ ခက်တာက အခုချက်ချင်းကြီး ဖန် အိမ်ထောင်မပြုချင်သေးဘူးလေ။ ချစ်သူဘဝနဲ့ နေချင်သေးတာပေါ့။ အင်း ဖယောင်းကို ချစ်တယ်လို့ ဖွင့်ပြောရင်ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖုန်းမြည်သံကြောင့် ဖန် ကမန်းကတန်းပဲ ဖုန်းကိုယူကာ ကြည့်လိုက်တော့ ပေါ်လာတဲ့ဖုန်းနံပါတ်က ဖယောင်းရဲ့ဖုန်းနံပါတ်ပါ။

"ဟယ်လို"

"ကိုဖန် မအိပ်သေးဘူးလား"

"အင်း . . . အိပ်မပျော်သေးလို့ ဖယောင်းရဲ့။ ဖယောင်းရော မအိပ်သေးဘူးလား"

"ဖယောင်းလည်း အိပ်မပျော်သေးလို့ပေါ့။ အဲဒါကြောင့် ကိုဖန့်ဖုန်းကို ခေါ်ကြည့်မိတာ။ အနှောင့်အယှက်ဖြစ်သွားလား မသိဘူး။ ဖယောင်း တောင်းပန်ပါတယ်နော်"

"ရပါတယ် ဖယောင်းရဲ့။ အိမ်မပျော်တဲ့သူချင်းပဲ စကားပြောတော့ အဖော်ရတာပေါ့"

"ကိုဖန်က ဘာတွေတွေးနေလို့ အိပ်မပျော်တာလဲ ပြောပါဦး"

"စီးပွားရေးကိစ္စ၊ ဟိုကိစ္စ ဒီကိစ္စတွေပေါ့"

မင်းအကြောင်းတွေးနေတာဆိုရင် မင်း ဘာပြောမလဲ ဖယောင်း။

"ဟင် . . . စီးပွားရေးကိစ္စဆိုတာက ဟုတ်ပါပြီ။ ဟိုကိစ္စ





ဒီကိစ္စဆိုတာက ဘာလဲ"

ဖန် ရယ်လိုက်မိ၏။ မင်းမသိချင်ပါနဲ့ဦး ဖယောင်းရယ်။ ကိုယ်တွေးနေတာ ကိုယ့်ရဲ့တစ်ဘဝလုံးကိစ္စအတွက်ပါ။ မင်းကတော့ သိဦးမယ် မဟုတ်သေးဘူးနော်။ သိရဲ့နဲ့ မသိချင်ယောင်ဆောင်နေတာ လား။ မင်းနဲ့ငါ့ကို လက်ထပ်ပေးဖို့ လူကြီးတွေက လောနေကြပြီ ဖယောင်း"

"ပြောလေ ကိုဖန်ရဲ့"

ထပ်မေးပြန်ပြီ ဘယ်လိုဖြေရမလဲ။

"သူများကိုချည်းပဲ မေးမနေနဲ့လေ။ ဖယောင်းကရော ဘာတွေ တွေးနေလို့ အိပ်မပျော်သေးတာလဲ"

"ကြည့် . . . ကိုဖန်နော်၊ စကားလမ်းကြောင်း လွှဲမပစ်နဲ့"

"မလွှဲပါဘူးဗျာ။ ဟိုကိစ္စ ဒီကိစ္စဆိုတာ ရောက်တတ်ရာရာ ကိုပြောတာပါ။ ငယ်ငယ်ကအကြောင်းတွေ ပြန်တွေးမိတာတို့ ရှေ့ရေး ကို ကြိုတွေးကြည့်တာတို့ပေါ့"

"ဟုတ်လား"

"အင်း"

ဖယောင်း အသံလေးတိတ်သွားလေတော့ –

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"-----"

"ဖယောင်း"

"ရှင်"

"ဘာလို့ အသံတိတ်သွားတာလဲ"

ဖယောင်းရဲ့ တိုးတိုးညှက်ညှက်ရယ်သံကို ကြားလိုက်ရပြီး-

"ဖယောင်းက ကိုဖန့်အကြောင်းကို တွေးနေတာ ကိုဖန်ရဲ့"

"ဟုတ်လား ... ဘာအကြောင်းလဲ"

"အကြောင်းဆိုတာထက် သတိရနေတယ်ဆိုရင် ပိုပြီးမှန်လိမ့်မယ် ထင်တယ်"

"ဩော်"

သူက အဲဒီလိုပြောတော့ ကိုယ်က ဘာပြန်ပြောရမလဲ၊ ကိုယ်လည်း မင်းကို သတိရနေတာပါလို့ ပြန်ပြောရမလား။

ဖယောင်းကတော့ -

ကိုယ့်ဘက်က သတိရကြောင်းစပြောရတာ ရှက်တော့ရှက်သွားပေ့ါ။ ဒါပေမဲ့ သူ့ကို သိစေချင်လို့ ပြောပြီးပြီလေ။ တကယ်ဆိုရင် ဖယောင်းက အရှက်အကြောက်ကြီးတတ်သူပါ။ အချစ်နဲ့ပတ်သက်လာတော့ ကြိုက်မရှက် ဖြစ်သွားခဲ့ပြီလေ။ ဖယောင်း သိထားတာသည် အချစ်က အရာရာကိုပြောင်းလဲစေနိုင်တယ်လို့ပေ့ါ။





လောလောဆယ်ပဲ -

ဖယောင်း မရှက်မကြောက် ဝန်ခံလိုက်မိတာ ပြောင်းလဲခြင်းတစ်ခုပဲပေ့ါ။

"ကိုဖန်"

"ဟင်"

"ကိုဖန်ကရော"

"ဘာကိုလဲ ဖယောင်းရဲ့"

"ဖယောင်းကို သတိမရဘူးလားလို့"

ဖန် တွေခနဲဖြစ်သွားပြီးမှ -

"ရပါတယ်"

"ဖြေပုံကြီးကလည်း"

ဖယောင်း နှုတ်ခမ်းလေးစူပြီး မကျေနပ်သံနဲ့ပြောလိုက်တာကို အသံသာကြားပြီး ဖန် မမြင်နိုင်ပေ။

"ဘာဖြစ်လို့လဲ"

"ရင်ထဲကမပါတဲ့ အသံကြီးနဲ့မို့လို့လေ။ ဖယောင်းကို ဖော်ကျေတမ်းကျေ စကားပြောနေတာလားလို့"

"မဟုတ်ပါဘူး ဖယောင်းရယ်။ တကယ်သတိရလို့ ရတယ်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



''တကယ်နော်''

''တကယ်ပေါ့''

''မယုံပါဘူး''

''ဟောဗျာ''

တကယ့်ကလေးဆိုးလေး ပုံစံမို့ ဖန် ရယ်လိုက်မိသည်။ ဖန့်ရယ်သံက ဖယောင်းနားထဲမှာ နာဝင်ပီယံသွလက်သံဖြစ်နေသည်သာ။ စကားပြောရင်လည်း နားထောင်ကောင်းပြီး ရယ်ပြန်တော့လည်း နားထောင်ကောင်းနေသည်လေ။

''ယုံအောင် ဘယ်လိုပြောရမလဲ။ ဖယောင်းပြောတတ်ရင် သင်ပေးပါဦး''

''မသင်ပေးတတ်ပါဘူး။ ဖယောင်းက မညာတတ်တော့ ယုံအောင်ပြောနည်းလည်းမတတ်ဘူး''

''ဖယောင်းပြောပုံက ကိုယ်ကတော့ လိမ်နေသလိုပဲ''

''ဖယောင်းက အဲဒီလိုပြောတာမဟုတ်ပါဘူး။ ဖယောင်း မညာတတ်တဲ့အကြောင်းကို ပြောပြတာပါ ကိုဖန်ရဲ့''

''ကဲ ... ဟုတ်ပါပြီ''

''ကိုဖန်''

''ဟင်''





''ယုံအောင် တစ်ခုလုပ်ပြ''

''ဟင် ... ဘာလုပ်ပြရမလဲ''

''ရယ်ပြ''

ဖယောင်း ယုံအောင်ရယ်ပြဖြစ်တာ မဟုတ်ဘဲ ဖန် ရယ်နေမိသည်သာ။ ကြိုကြိုဖန်ဖန် ယုံအောင် ရယ်ပြရမယ်ဆိုလို့လေ။ ကိုယ် ရယ်တော့ရော ကိုယ့်နှုတ်ခမ်းနဲ့ သွားတွေကို သူ မြင်ရမှာမို့လို့လား။

''ကိုဖန့် ရယ်သံက အရမ်းနားထောင်လို့ကောင်းတာပဲ''

ဖန် အရယ်ရပ်သွားပြီး မျက်ခုံးနှစ်ဖက် မြင့်တက်သွားတာ..

''ဒီမယ် ကလေးမ''

''----''

''ကျုပ်အသံက ဆည်းလည်းသံလို ဥဩတွန်သံလို ဖြစ်နေသာ။ အဲဒါဆို မနက်ဖြန်တစ်နေ့လုံး ရယ်ပြမယ်။ အခုတော့ အိပ်ချင်လာပြီ၊ ဖုန်းချလိုက်တော့မယ်နော်''

''ပြောတော့ အိပ်မပျော်လို့ဆို''

''အခု အိပ်ချင်လာပြီ ဖယောင်းရဲ့''

''ပြီးရော အဲဒါဆိုလည်း Goodnight''



www.burmeseclassic.com

www.burmeseclassic.com



"Goodnight ပါဗျာ"

ဖန် ဖုန်းချသွားတော့ ဖယောင်းမှာ မကျေမနပ်ဖြစ်ရသည်သာ။ စောစောကတော့ အိပ်မပျော်ဘူးဆိုပြီး အခုကျတော့ အိပ်ချင်လာပြီဆိုလို့လေ။

တတ်လည်း တတ်နိုင်တဲ့လူကြီး။

✻



## အခန်း (၁၇)

အမှန်း ဆိုင်သို့သွားကာနီးမှာ မေမေ့ကို ဆေးသောက်တာ မမေ့ဖို့ တတွတ်တွတ် မှာရင်း လိုအပ်တာတွေလည်း လုပ်ကိုင်ပေးခဲ့သည်။ မေမေ့ကိုပြုစုဖို့ ကောင်မလေးတစ်ယောက် ခေါ်ထားပေမယ့် အိမ်အလုပ်တွေတစ်ဖက်နဲ့ဆိုတော့ သိပ်စိတ်မချဘူးလေ။

တန်ရာတန်ကြေးလစာပေးပြီး ခေါ်ထားတာပေမယ့် သူများသားသမီးကို အလုပ်တွေအများကြီးလည်း မခိုင်းချင်ပါဘူး။ ကိုယ်ချင်းစာစိတ်နဲ့ အမှန်း အမြဲတမ်း ကိုယ် အိမ်မှာရှိနေတဲ့အချိန်ဆို ကိုယ်ပဲ လုပ်ပစ်လိုက်တာပါ။

"ဇာလေး"



www.burmeseclassic.com

www.burmeseclassic.com



''ရှင် မမ''

''မေမေ့ကို ခဏခဏ လာကြည့်ပေးနော်။ တော်ကြာ တစ်ခုခုနိုင်းချင်ရင် ခေါ်မရဖြစ်နေဦးမယ်''

''ဟုတ်ကဲ့ပါ မမ''

''ငါ စိတ်ချနေမယ်နော်''

''စိတ်ချပါ မမရဲ့''

''စိတ်ချလက်ချသာ သွားစမ်းပါသမီးရယ်။ မေမေက သမီးရိုးရိုးသလောက် အိပ်ရာထဲလဲနေတဲ့ လူမမာကြီးမှမဟုတ်တာ။ သွားနိုင် လာနိုင် စားနိုင်သောက်နိုင်ပဲဥစ္စာ''

''မေမေက ဖြစ်ချင်ရင် ဘာမဟုတ်တာလေးနဲ့ဖြစ်ရင်ဖြစ်နေတာလေ။ တော်ကြာ သွားရင်းလာရင်း မူးတာ မောတာဖြစ်မှာစိုးလို့ ပြောနေရတာပေါ့ မေမေရဲ့''

''စိတ်ချလက်ချသာ သွားစမ်းပါ သမီးရယ်။ မေမေ ဘာမှ မဖြစ်ဘူး''

အမုန်း သက်ပြင်းလေးချပြီး ထွက်လာခဲ့တော့သည်။ အပြင်ရောက်လို့ ကားပေါ်တက်ကာနီးမှ ဖုန်းလာသဖြင့် အမုန်းကိုင်လိုက်စဉ်။

''ဟယ်လို''





''_____''

''ဟုတ်ကဲ့ ပြောပါ အန်တီ''

''_____''

''ဖယောင်း ဆိုင်ကိုမလိုက်နိုင်ဘူး ဟုတ်လား။ ဘာဖြစ်လို့လဲ အန်တီ''

''_____''

''ဘာဖြစ်တာလဲ အန်တီ ဖျားတာလား''

''_____''

''ဩော် . . . ဟုတ်ကဲ့။ အဲဒါဆိုလည်း ဂရုစိုက်ပါ အန်တီ။ အမုန်းပဲ သွားလိုက်ပါ့မယ်။ ဆိုင်မှာ ကောင်မလေးတွေလည်း ရှိနေတာပဲဥစ္စာ။ ရပါတယ်''

''_____''

''ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ အမုန်းလည်း အခုပဲ လာခဲ့ပါဦးမယ်''

''_____''

''ဟုတ်ကဲ့၊ ဒါဆို ဒါပဲနော် အန်တီ''

အမုန်း ဖုန်းချပြီး ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့သည်မှာ ဖယောင်းတို့အိမ်သို့ အရင်ပါ။ ဖယောင်း ဖျားနေသည့်တဲ့။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



. . . ဆိုင်မသွားခင် သတင်းသွားမေးဦးမှပေါ့။ ဖယောင်းတို့ခြံရှေ့ ရောက်တော့ ဟိုဘက်ကလာတဲ့ကားနှင့် ဆုံနေသဖြင့် အမှန်းက ခြံထဲကို အရင်ကွေ့ဝင်ပစ်လိုက်သည်။

ဟိုကားကလည်း ဒီခြံထဲပဲ ဝင်လာပြီး ရှေ့ဆင့်နောက်ဆင့် ရပ်ကာ ကားပေါ်က ဆင်းလိုက်ကြတော့ –

"အမှန်း"

ခေါ်သံကြောင့် အမှန်း လှည့်ကြည့်လိုက်သည့်တွင် –

"ဖယောင်းဆီကို လာတာလား"

"ဟုတ်တယ်"

ဒါပဲပြောပြီး အမှန်း ဆက်လျှောက်လာခဲ့တော့၏။ သူ့ကိုယ် ရှည်ရှည်ဝေးဝေးစကားပြောနေစရာအကြောင်းမှ မရှိပဲလေ

"အန်တီ"

"သြော် . . . အမှန်း . . . လာ သမီး လာ"

"ဖယောင်း သူ့အခန်းထဲမှာလား"

"ဟုတ်တယ် အမှန်းရဲ့"

အမှန်းကိုပြောနေရင်း အကြည့်က နောက်မှဝင်လာသူဆီ ရောက်သွားလေလျှင် –

"ဟော . . . မောင်ဖန်လည်း လာတာကိုး"





"ဟုတ်ကဲ့ အန်တီ၊ ဖယောင်း နေမကောင်းဘူးဆိုလို လှည့်ဝင်လာတာပါ"

"သြော် . . . အေး . . . ဒါဆို တစ်ခါတည်း လိုက်ခဲ့လေ။ အခုပဲ ဖယောင်း အခန်းထဲသွားမလို့ သားရဲ့"

"ကျွန်တော် လိုက်လို့မဖြစ်ဘူး ထင်တယ်"

"ဘာလို့မဖြစ်ရမှာလဲ သားရဲ့။ ကဲ လာပါ အန်တီတို့နဲ့ လိုက်ခဲ့"

ဖန်က သင့်တော်ပါ့မလားလို့ မလိုက်ချင်တာပါ။ ဒါကို ဖြစ်တယ် လိုက်ခဲ့ဆိုတော့ ဆက်ငြင်းမနေချင်တော့ပါဘူး။ တော်ကြာ တစ်မျိုးထင်နေမှာစိုးလို့လေ။ လှေကားအတက်မှာ ခေါ်မြလေးငုံက ရှေ့မှသွားပြီး အမှန်းနဲ့ သူက ဘေးချင်းယှဉ်၍ တက်လိုက်ခဲ့ရာ နှစ်ယောက်သား လက်မောင်းချင်းထိမိသွားတော့ –

ခြေလှမ်းတွေ ရပ်တန့်သွားကြလေသည်။

ဖန်ကလည်း အမှန်းသွားပါစေဆိုပြီး ရပ်နေကာ အမှန်းကလည်း ဖန် အရင်တက်ပါစေဆိုပြီး ရပ်နေပေးတာလေ။ ဒီတော့ နှစ်ယောက်စလုံးပဲ ရပ်နေဖြစ်ပြီး အမှန်းက –

"သွားလေ"

"မင်းသွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပဲ အရင်တက်စမ်းပါ"

"မင်းပဲ အရင်တက်ပါ"

"ရှင် သွားပါဆို"

"မင်း သွားပါ"

သူသွား ငါသွားနှင့် စိတ်မရှည်လို့ တက်မယ်ဆိုတော့ အငေ
တူပဲဖြစ်ပြန်ပြီး –

"အင့်"

"ဟာ"

ဖန်က ရှေ့မှအတက် အမုန်းရင်ဘတ်နှင့် ဝင်တိုက်မိဒေ
လျှင် ယိုင်ခနဲဖြစ်သွားတဲ့ အမုန်းလက်မောင်းကို ဖန် ကမန်းကတာ
ဆွဲထားလိုက်ရ၏။ အမုန်း ကိုယ်ကိုမတ်ပြီး ပြန်ထိန်းလိုက်မိချိန်
သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်ကာ –

"ဖယ်ပါ"

"ဟာ ... စေတနာနဲ့လည်း ထိန်းပေးရသေး"

"ဘာစေတနာလဲ မလိုဘူး"

ဒေါ်မြလေးငုံ နောက်သို့ ပြန်လှည့်ကြည့်ပြီး –

"ဘာဖြစ်လို့လဲ အမုန်း"

ဦးတည်မေးတာက အမုန်းကိုပဲမို့ အမုန်းပဲ –





"ဘာမှမဖြစ်ပါဘူး အန်တီ၊ ဝင်တိုက်မိတာပါ"

"ဪ"

ပြောပြီး အမုန်းတက်သွားလေတော့ ဖန် ပြုံးလိုက်မိသည်။
ခုင်ထဲမှာ တစ်မျိုးတော့တစ်မျိုးပါပဲ။ ဘယ်လိုတစ်မျိုးလဲတော့မသိပါ
ဘူး။ အသားချင်းထိတာနဲ့ မင်းအသားတွေ ပွန်းပဲ့မသွားပါဘူး အမုန်း
ရယ်။ ဘာလို့များ ဒီလောက်တောင် ကြီးကျယ်နေရတာလဲ။

လူများတဲ့နေရာတွေသွားရင် ယောက်ျားနဲ့မိန်းမ ဒီလိုပဲ တိုးမိ
တိုက်မိတာတွေ ရှိနေတာပဲလေ။ မင်းရဲ့အသားက ဘယ်ယောက်ျားမှ
မထိဖူး မကိုင်ဖူးဘူးတဲ့လား အမုန်းမပြယ်။ ဒါဆို ငါက ပထမဆုံး
ထိဖူးတဲ့သူဆိုပြီး အရပ်တကာလှည့်အော်ပြီး ကြွားလိုက်ချင်ပါသေး
တယ်။

အမုန်းမပြယ်ရဲ့အသားကို ငါထိခွင့်ရတယ်ဆိုပြီးတော့လေ။

"ဖယောင်း"

"-----"

"ဖယောင်း"

အမုန်းခေါ်တော့ ဖယောင်းမျက်လုံးလေးတွေ ဖြည်းဖြည်း
ချင်း ဖွင့်လာကာ –

"ဖယောင်း"



www.burmeseclassic.com

www.burmeseclassic.com



''အမုန်း''

''နင်သက်သာရဲ့လားဟင်''

ဖယောင်းက ခေါင်းလေးညိတ်ပြီး –

''သက်သာပါတယ်။ ဘာဖြစ်တာလဲ မသိဘူး၊ ငါ ဘာ မလုပ်မိဘဲနဲ့ ညက ကိုယ်တွေလက်တွေ ကိုက်ပြီး ဖျားတော့တာ''

''ဘာမှမလုပ်လည်း သူ ဖျားချင် ဖျားမှာပဲပေါ့ ဖယောင်းရဲ့''

''သမီး''

''_____''

''မောင်ဖန်လည်း လာတယ် သမီးရဲ့''

''ဟုတ်လား''

ဖယောင်း အတင်းထမယ်လုပ်တော့ အမုန်းက ထိန်းမ ထူပေးလေသည်။ အမုန်းနဲ့ပြောနေတော့ လေသံပျော့ပျော့လေး မထနိုင်သည့်ပုံဖြစ်နေတာကိုး။ ဖန်နေမင်းလာတယ်ဆိုတော့ လူ လှုပ်ရှားရှားနဲ့ အားတက်သရောဖြစ်သွားတာလေ။ ကိုယ်မချစ်တ ပေမယ့် ချစ်တတ်တဲ့ ဖယောင်းကို အမုန်း အပြစ်မပြောလိုပါဘူး။

လူတိုင်း တစ်ယောက်နဲ့တစ်ယောက် ခံယူချက်တွေ ဖြတ်ချက်တွေက တူမှမတူကြဘဲဥစ္စာ။

''ကိုဖန်''





''ဘာဖြစ်တာလဲ ဖယောင်း''

''ကိုယ်တွေ လက်တွေ ကိုက်ပြီး ဖျားတာ ကိုဖန်ရဲ့''

''ဟုတ်လား၊ ဆေးခန်းမသွားဘူးလား''

''ဒေါက်တာမျိုးဇော်ကို လာကြည့်သွားတယ် မောင်ဖန်ရဲ့။ ဆေးလည်း ထိုးပေးတယ်၊ သောက်ဆေးတွေလည်း ပေးခဲ့တယ်လေ''

''ဪ''

ဒီထက် ဖန့်မှာ ပိုပြောခွင့်မရှိဘူးလေ။ နေမကောင်းလို့ ဝင်လာမေးတယ် မေးပြီးတော့လည်း ပြီးသွားပြီပေါ့။ ပြုစုယုယနေ အောင် သူနဲ့ကိုယ်က ဘာမှမတော်စပ်တဲ့သူစိမ်းတွေ။ ဒီအခန်းထဲကို ဝင်လာမိတာတောင် အလွန်ကြီးပါပဲ။

''ဖယောင်း''

''ဟင်''

''နင် သက်သာတယ်ဆိုရင် ငါ သွားလိုက်ဦးမယ်နော်''

''အင်း ... သွားလေ အမုန်းရဲ့။ ငါ့အတွက် စိတ်မပူပါ

အမုန်း ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့သည်။ အခုချိန်မှာ အမုန်းက ဖယောင်းအတွက် ဖန်နေမင်းလောက် အရေးမပါတော့တဲ့ ဘူး အဲဒီအတွက် အမုန်း ဝမ်းမနည်းပါဘူး။ အမုန်းအတွက် အထီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်ဆန်ခြင်းဆိုတာက ရှိုးနေပြီပဲလေ။ ရှေ့ဆက်လည်း ကိုယ့်လမ်း ကိုယ်လျှောက်ကြမှာပဲဥစ္စာ။

သူတို့အတွက် ...

ကိုယ်က အနှောင့်အယှက်မဖြစ်စေချင်ပါဘူး။ ဒါကြောင့် အမြန်ဆုံးပဲ ထွက်လာခဲ့တာပါ။

"ကိုဖန် ထိုင်လေ"

"မထိုင်တော့ဘူး ဖယောင်း။ ကိုယ် အလုပ်သွားရဦးမှာ လေ။ ညနေမှ တစ်ခါဝင်လာခဲ့မယ် ဟုတ်ပြီလား"

"တကယ်နော်"

"အင်း ... ဘာဝယ်လာရမလဲ"

ဖယောင်းက ခေါင်းလေးခါပြီး –

"ဘာမှဝယ်မလာပါနဲ့။ ညနေ ကိုဖန် ဝင်လာရင် ကျေနပ်ပြီ"

ဖန် ဖယောင်းရဲ့ခေါင်းလေးကို ကလေးလို ပွတ်သပ်ပေးလိုက်မိသည်။ ဒါကိုကြည့်၍ ဒေါ်မြလေးငုံမှာတော့ အကျေနပ်ကြီး ကျေနပ်နေလို့သာ။

❋



## အခန်း (၁၈)

ဒီနေ့ ဆိုင်ကို ဖယောင်းမလာနိုင်သလို ဝေဝေမောကလည်း မလာနိုင်ပေ။ သီတာပြောတာကတော့ –

"မမ ဝေဝေ့အမေ အူအတက်ပေါက်လို့ ဆေးရုံတင်ထားရတယ်တဲ့။ အဲဒါကြောင့် သူ အလုပ်မဆင်းနိုင်တဲ့အကြောင်း ပြောပေးပါတဲ့လေ"

"ဟုတ်လား ... ဆေးရုံတင်ထားရတယ်ဆိုတော့ ပိုက်ဆံ ကုန်ဦးမှာပေါ့"

"နည်းတာ များတာသာမသိတာ ကုန်တာတော့ ကုန်ဦးမှာ သေချာပေါ့ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



အမုန်း တွေခနဲဖြစ်သွားရလေသည်။ ဝေဝေက မအေ မုဆိုးမကြီးကို လုပ်ကျွေးနေတဲ့သူလေ။ ဒီကြားထဲ ညီမက ဆယ်တန်း ကျောင်းသူ၊ ရှစ်တန်းကျောင်းသားမောင်လေးကလည်း ရှိသေး။ မိသားစုတာဝန်ကို ဝေဝေတို့သားအမိပဲ လက်တွဲဖြေရှင်းနေတာ၊ အခု သူ့အမေက အူအတက်ပေါက်လို့ ဆေးရုံတင်ထားရတယ်ဆိုတော့-

တစ်ယောက်တည်း အားငယ်နေမလား။

အမုန်း ကိုယ့်ဆိုင်မှာ အလုပ်ခန့်ထားတာလည်း သူမဘဝ လေးကို သနားလို့ပဲလေ၊ ဝေဝေက အလုပ်ကြိုးစားပြီး သစ္စာရှိသူလေး ပါ။

''သူ့မှာ ပိုက်ဆံရှိပါ့မလား မသိဘူး''

''ရှိမှာမဟုတ်ဘူး မမ။ ဖြစ်လာတော့လည်း ဘာတတ်နိုင်မှာ လဲ မမရယ်။ ဒူးရေစွတ်ခုန်ရတယ်ဆိုတာမျိုးပဲ ဖြစ်မှာပေါ့''

''အေးပါ ... ငါ ညနေ ဆိုင်ပိတ်ပြီးမှသွားလိုက်ဦးမယ်''

အမုန်း ကူညီရဦးမှာပေါ့။ ဒီလို သူများတွေကိုကူညီတာ ကိုယ့်မှာ ပိုက်ဆံတွေ သုံးမကုန် ဖြုန်းမကုန်နိုင်အောင် ရှိနေလို့ မဟုတ်ပါဘူး။ ကိုယ်ချင်းစာစိတ်နဲ့ ကိုယ်စားမယ့်တစ်လုပ်ထဲကနေ တစ်ဖဲ့ခွဲပေးရတာပါ။

''မမ''





သီတာက အနားကပ်လာပြီး ခေါ်လေလျှင် -

''ပြောလေ''

''မမက မာနကြီးပေမယ့် စိတ်ရင်းက အရမ်းကောင်းတာပဲ နော်''

''ဟုတ်လား ဘာဖြစ်လို့လဲ''

''မမ မာနကြီးတဲ့နေရာမှာ ကြီးပေမယ့် သူများကို ကူညီတဲ့ နေရာမှာလည်း တတ်နိုင်သလောက် ကူညီတာပဲလေ။ မမရဲ့စိတ် က ဖြူစင်တော့ မမကို ဘယ်အချိန်ကြည့်ကြည့် အရမ်းလှနေတာပဲ လေ။ မမက သူများတွေလို ခြယ်သတာသတာ မရှိဘဲကိုလှနေတာ''

အမုန်း ပြုံးလိုက်မိပါသည်၊ သီတာက စကားအတတ်သားပဲ၊ ခုတိုင်း ဒီလိုစကားမျိုးတွေ တစ်ခါမှ မပြောဖူးပါဘူး။ အမုန်းကို လှတယ်လို့ပြောတဲ့လူတွေ ရှိကြပါတယ်။ ဒါပေမဲ့ ဖယောင်းနဲ့အတူတူ ဆိုင်တော့ ဖယောင်းက ပိုလှသည်လို့ပဲ ပြောကြတာပဲလေ။ အမုန်း လည်း လက်ခံပါတယ်။

ဖယောင်းက ဖူးစင်နေအောင်လှပသူပါ။

အမုန်းကတော့ အလှအပဆိုတာကို သိပ်စိတ်ဝင်စားတဲ့သူမှ မဟုတ်တာ။ ဒါကြောင့် ထွေထွေထူးထူး ပြင်တာဆင်တာတွေလည်း မရှိပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောချင်တာက စိတ်လှလို့ လူလှတယ်ဆိုတဲ့သဘော
လား"

"ဒါပေါ့ မမရဲ့ . . . စိတ်မလှရင် အပေါ်ယံ ဘယ်လောက်ပဲ
လှလှ လူချစ်လူခင် မပေါများဘူးလေ"

"မှတ်ထားပါ့မယ်"

ပြုံးခဲ့ ရယ်ခဲ့လှတဲ့ အမုန်းပြုံးတာကိုမြင်ရလေတော့ သီတာ
မှာ ငေးနေမိသည်သာ။ တစ်နေကုန် နှစ်ယောက်နဲ့သာဆိုင်မှာ ရောင်း
နေကြပြီး ညနေကျတော့ စောစော ဆိုင်ပိတ်ဖြစ်ခဲ့သည်။ အမုန်းက
ဝေဝေတို့ရှိတဲ့ ဆေးရုံကိုဝင်ခဲ့သည်လေ။ လိုအပ်တာတွေ လိုက်လုပ်ပေး
နေရတာနှင့် –

အိမ်အပြန်နောက်ကျရင် စိတ်မပူဖို့လည်း အိမ်ကိုပြန်ပြီး
ဖုန်းဆက်ရသေးသည်။ အမုန်း ပြန်လာတော့ နေဝင်နေပြီပေါ့။ ကား
ကို ဂရုစိုက်မောင်းနေရင်းပဲ တုံ့ခနဲ ရပ်သွားလေတော့ –

"တောက် . . . ဘာဖြစ်ပြန်ပြီမသိဘူး"

အမုန်း ကားပေါ်ကဆင်းပြီး ကိုယ့်ကားဘာဖြစ်သလဲလို့ စစ်
ပြန်သည်လေ။

"ဟော့ကောင်တွေ . . . ကားခဏရပ်စမ်း"

"ဘာဖြစ်လို့လဲ အာစရိ"





"ရှေ့မှာ မင်း မမြင်ဘူးလား"

ကျော်မျိုး ခုမှပဲမြင်သွားပြီး –

"အာစရိမျက်လုံးက တော်တော်အမြင်စူးရှတာပဲ။ ဟဲ ဟဲ
. . . ရပ်ပေးမယ် ရပ်ပေးမယ်"

ပြောရင်းပဲ ကျော်မျိုးက ကားရပ်ပေးလေသည်။ ဦးစောနောင်
ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းသွားလေတော့ –

"ဟင်"

သူက အနားအရောက် အမုန်းက လှည့်အကြည့်နှင့် တိုးလေ
သျှင် –

"သြော် . . . လတ်စသတ်တော့ ဘယ်သူများလဲ မှတ်တယ်
ခင်းကိုး"

"ကျွန်မဖြစ်နေတော့ ရှင့်အတွက် ဘာထူးခြားသွားလဲ"

ဦးစောနောင် မေးစေ့ကိုပွတ်ပြီး ပြုံးနေချိန်မှာ ကျော်မျိုး
သည်း အနားသို့ရောက်လာလေသည်။ အမုန်းက နှစ်ယောက်စလုံးကို
ဒူးရဲရဲ ကြည့်နေ၏။

"ဘာထူးခြားလဲဆိုတော့ ဟော့ကောင်ကျော်မျိုး"

"ဗျာ . . . အာစရိ"

"ပြောပြလိုက်စမ်းပါကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးက ပခုံးကိုတွန့်လိုက်ပြီး –

''ပြောပြရမယ်ဆိုရင် စားရက်ကြုံလို့ မှတ်ဆိတ်ပျားစွဲတယ် လို့ ခေါ်ရမှာပေါ့။ မင်းလို မိန်းမလှလေးကို လမ်းပေါ်မှာ တစ်ယောက်တည်းတွေ့ရတာ အဟွန်း''

''ဟား ဟား ဟား ဟား''

အမုန်း လက်နက်တစ်ခုရဖို့အတွက် ဘေးဘီကို ဝေ့ကြည့်လိုက်လေသည်။ ဒီစကားမျိုးတွေ ပြောလာပြီဆိုတာတည်းက ကိုယ့်ကို ကူညီမှာမဟုတ်ဘူးဆိုတာ သိတာပေါ့။ ဒါကြောင့် လက်နက်ရှာရတာလေ။ လက်နက်ဖြစ်နိုင်မယ့်အရာက ဘာမှမတွေ့ပါလား။

ဒီတော့ –

အမုန်း ထွက်ပြေးမှဖြစ်မှာပေါ့။ ယောကျ်ားနှစ်ယောက်နဲ့မိန်းမ တစ်ယောက် အင်အားချင်းမှမမျှပဲလေ။ အမုန်း ချာခနဲလှည့်ထွက်ပြေးလေလျှင် –

''ဟာ ပြေးပြီး''

''လိုက် လိုက် . . . မိအောင်လိုက်''

အမုန်း ဘာမှစဉ်းစားမနေတော့ပါဘူး။ ကိုယ်လွတ်သွားဖို့က အဓိကပဲမို့ ပြေးမိပြေးရာပဲပြေးခဲ့ရသည်လေ။ နောက်ကလည်း လိုက်လာတာ ထပ်ကြပ်မကွာမို့ ခြံတံခါးပိတ်မထားသည့် ခြံတစ်ခုထဲသို့





ဝင်ပြေးခဲ့လေတော့သည့်တွင် –

''ဟာ . . . ခြံထဲဝင်သွားပြီ''

''မလိုက်နဲ့တော့ ကျော်မျိုး''

''တောက် . . . သွားပါပြီကွာ''

အမုန်း ခြံထဲဝင်အပြေးမှာ တစ်ခုခုကို ခလုတ်တိုက်မိပြီး ခြေချင်းဝတ်ဆီမှာ ဆစ်ခနဲ နာကျင်သွားခြင်းနှင့်အတူ –

''အား''

''ဝုန်း''

အမုန်း လဲကျသွားတာ သွပ်ပြားတစ်ချပ်အပေါ်ကိုပါ။

''အား ကျွတ် ကျွတ်''

ချက်ချင်း ကုန်းထဖို့ကြိုးစားပေမယ့် အမုန်း ထလို့ မရပေ။ ထိုစဉ်မှာပဲ –

''ဟင်''

မီးရောင်ပျပျက ဖျတ်ခနဲပိတ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားလေတော့သည်။

ဒါ . . . မီးပျက်တာ၊ ဘုရားသိကြားမလို့ မြန်မြန်ပြန်ကောင်းပါစေ။

''အား ကျွတ် ကျွတ်''



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်က နာကျင်မှုဝေဒနာကြောင့် လက်နှင့်စမ်းကြည့်လိုက်တော့ စိုရွှဲရွှဲအရာတွေ။

"ဒုက္ခပါပဲ သွေးတွေထင်တယ်"

တစ်ယောက်တည်း ညည်းညူရင်း ဘာလုပ်ရမှန်းမသိ။ အော်လိုက်ရကောင်းမလား။ ဒီအိမ်ထဲမှာ လူရှိရဲ့လားမသိပါဘူး။ အိမ်အိမ်မှန်ရင် လူရှိမှာပဲပေါ့။ သူမ အော်လိုက်လို့ ထွက်လာတဲ့လူဟာ လူကောင်းဖြစ်နေရင်တော့ တော်တာပေါ့။ တော်ကြာ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲနေရင် တစ်ဒုက္ခ။

"အား"

အမုန်း ဘယ်လောက်အထိတောင့်ခံနေရမှာလဲ။ ခြေထောက်ကလည်း နာနေတော့ သွပ်ပြားပေါ်ကနေတောင် လေးဘက်ထောက်ပြီး တရွတ်တိုက်ဆင်းရတဲ့အဖြစ်ပဲလေ။

"ဟင်"

မျက်နှာပေါ်သို့ အလင်းရောင်းက စူးခနဲ ကျလာလေသဖြင့် အမုန်းလက်နှင့် ကာထားလိုက်မိသည်။ ခြေသံကြားရပြီး ကိုယ်နှင့်နီးကပ်လာပြီမို့ –

"ဘုရား ဘုရား ... အခုလာတဲ့သူသည် သူတော်ကောင်းဖြစ်ပါစေ"





လို့ ရင်ထဲမှာ ဆုတောင်းလိုက်မိ၏။

"ဟော့ ... မင်းဘယ်သူလဲ၊ ဒီခြံထဲကို ဘာကိစ္စဝင်လာတာလဲ"

"-----"

"ဟော့ ... မေးနေတာဖြေလေကွာ"

"ကျွန်မ ကျွန်မ ... ဒုက္ခရောက်လာလို့ပါရှင်၊ ကျွန်မကို ကူညီပါ။ အား ကျွတ် ကျွတ်"

မျက်စိရှေ့မှာ လက်ကကာထားဆဲမို့ အမုန်းထရပ်ဖို့ ကြိုးစားပေမယ့် မရပေ။

"မင်း လက်ကို ဖယ်လိုက်စမ်း"

သူက လက်နှိပ်ဓာတ်မီးရောင်ကို အမုန်း မျက်နှာပေါ်မှ လွှဲပေးပြီး လက်ကိုဖယ်ခိုင်းလေလျှင် အမုန်း လက်ကိုဖယ်ပစ်လိုက်၏။

"ဟင် ... အမုန်း"

သူ ချက်ချင်းပဲ အမုန်းရှေ့မှာ ထိုင်လိုက်ပြီး –

"မင်း မင်း ... ဘယ်လိုဖြစ်လာတာလဲ အမုန်း၊ ကိုယ့်ကို ပြောစမ်းပါ"

"ရှင် ရှင် ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကို ဖန်နေမင်းပါ''

''ရှင်''

''မင်း ဘာဖြစ်လာတာလဲ''

''အဲဒါတွေ ကျွန်မ ပြီးမှပြောပြပါရစေ၊ ကျွန်မ ခြေထောက်မှာ သွပ်ပြားရှတာထင်တယ်။ ဒဏ်ရာရထားတယ်။ ကျွန်မ ထကြည့်တာ ထလို့မရလို့''

''ဟုတ်လား''

ပြောရင်း ဖန်က အမုန်းခြေထောက်ကို မီးထိုးကြည့်လေသည်။ တကယ်တော့ ထမယ်ဆိုရင် အမုန်းထနိုင်မယ် ထင်ပါရဲ့။ မှောင်နေတာကတစ်ကြောင်း၊ ဘယ်ကိုဆက်သွားရမှန်းမသိတာတစ်ကြောင်း ပြီးတော့ ပြေးလာရတာ မောလည်းမောနေပြီလေ။ သူ့ကိုပါ တွေ့လိုက်ရတော့ စိတ်ကို ဒုန်းဒုန်းချလိုက်မိပြီး သတ္တိတွေ ခွန်အားတွေ ကုန်ခမ်းသွားသလိုပါ။

ဒါ အားကိုးစိတ်ကြောင့် ထင်ပါရဲ့။

ယောကျ်ားတွေကို အားမကိုးဘူးဆိုတဲ့ အမုန်း ဒုက္ခရောက်လာတော့ ဖန်နေမင်းဆိုတဲ့ ယောကျ်ားကို အားကိုးလိုက်မိပါပြီ။

''ဟာ ... သွေးတွေ အများကြီးထွက်နေတာပဲ။ ဒဏ်ရာများတယ်ထင်တယ်''





သူ သေသေချာချာကြည့်ပြီး –

''ဟုတ်တယ်၊ ဒဏ်ရာကတော်တော်များတာပဲ။ အကြောတွေ ဘာတွေ မပြတ်တာ ကံကောင်းပဲ''

''အား''

''ကိုယ်တွဲထူမယ်နော်''

''အင်း''

သူ တွဲထူလေတော့ အမုန်းအားပြုတဲ့အနေဖြင့် သူ့လည်ပင်းကို ဖက်လိုက်မိ၏။ ခြေထောက်လှမ်းကြည့်တော့ အရမ်းနာနေပြီး ထော့နဲ့ ထော့နဲ့နှင့်လေ။

''ရော့ ... မင်း ဓာတ်မီးကိုင်ထား''

သူပေးတဲ့ဓာတ်မီးကို အမုန်းယူလိုက်တာနှင့် –

''ရှေ့ကို ထိုးပြနော်''

''ဟင်''

အမုန်းမီးရောင်ကို ရှေ့ဘက်သို့ ထိုးပြလိုက်စဉ်မှာပဲ သူက အမုန်းကိုယ်လေးကို ဇွေ့ခနဲ ပွေ့ချီသွားလေတော့သည်။

''ဖန်နေမင်း''

''ဒါ မင်းနဲ့ကိုယ် စကားများရန်ဖြစ်ရမယ့်အချိန် မဟုတ်ဘူး၊ ငြိမ်ငြိမ်နေ''



www.burmeseclassic.com

www.burmeseclassic.com



ဖန် ပြောလိုက်တော့မှပဲ အမုန်း အသံတိတ်တိတ်ပျောက်သွားလေတော့သည်။ မပျောက်လို့လည်း မရဘူးလေ၊ ဒီနေရာမှာ သူနဲ့ အမုန်း နှစ်ယောက်တည်းပဲဥစ္စာ။ ကူညီတာကို ကြီးကျယ်ပြနေရင် အမြင့်ကာတ်ပုဒ်မနဲ့ သူ ဒုက္ခပေးမှ သူပေးတဲ့ဒုက္ခအရောင်က ပိုရင့်နေရင် ဒုက္ခ။

''မင်း ဒီမှာ ခဏနေဦး၊ ငါ ဆေးသွားယူလိုက်ဦးမယ်၊ ဆေးခန်းသွားသင့်တာပေမယ့် ဘယ်လိုမှမဖြစ်နိုင်တော့ ဖြစ်သလို လုပ်ရမှာပဲ။ သွားရင်လည်း ဟိုစစ် ဒီစစ်နဲ့ ဖြစ်ဦးမှာ''

''ဟုတ်တယ်၊ ကျွန်မလည်း မသွားချင်ပါဘူး။ ဖယားတွေ ရှုပ်လာရင် ကျွန်မ အချိန်မပေးနိုင်ဘူး''

''ဒါနဲ့ အမှောင်ထဲမှာ မင်းနေခဲ့ရဲလား''

''နေရဲပါတယ်''

''ပြီးတာပဲ''

ဖန် ထသွားလေတော့ အမုန်းတစ်ယောက်တည်း ကျန်ခဲ့ပြီလေ။ မီးပျက်သွားတာက အခုထိ ပြန်မလာသေးပေ။ သူ့ရဲ့ သွားလာလှုပ်ရှားနေသံတွေကို ကြားနေရပေမယ့် အမုန်း ကြောက်သလို ခံစားလာရ၏။ ကျောထဲမှာ စိမ့်လာတာလေ။ သူမ ဝင်လာတုန်းက ခြံတံခါးမရှိ ဓားမရှိပုံစံ ဟာလာဟင်းလင်းကြီး။





သူ ဘာလို့ ခြံတံခါးပိတ်မထားတာလဲ။ အခုနေများ ဟိုလူတွေ လိုက်လာရင် –

''အမယ်လေး''

မီးက ဖျတ်ခနဲပြန်လင်းလာတာကိုပဲ အမုန်းလန့်ပြီး အော်လိုက်မိတာပါ။

''ဘာဖြစ်တာလဲ''

''ဘာ ဘာမှမဖြစ်ပါဘူး''

''အဲဒါနဲ့ ဘာလို့အော်တာလဲ''

''မီးက ဖျတ်ခနဲပြန်လင်းလာတော့ လန့်သွားတာ''

ဖန် လက်နှိပ်ဓာတ်မီးကို ချထားလိုက်ပြီး သူမ ခြေထောက်ကို ကိုင်ကာ ဆေးပေးလေတော့ အမုန်းက သူ့လက်ကို ဖယ်ချပြီး . . .

''ကျွန်မဘာသာ ဆေးပါ့မယ်''

''ငါဆေးတာ ဘာဖြစ်လို့လဲ''

''အပြစ်ရမှာစိုးလို့ပါ''

''လုပ်မနေနဲ့ ဒါ မင်းကို ခြေထောက်မစင်ပေလို့ ဆေးပေးနေတာမဟုတ်ဘူး။ ဒဏ်ရာနဲ့မို့လို့ ဆေးပေးနေတာ''

အမုန်း ဘာမှ ဆက်မပြောတော့ပါဘူး၊ ပြောရင် စေတနာကို



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူးလို့ ထင်ဦးမှာလေ။ ဒါပေမဲ့ ဆိုဖာပေါ်ကနေ အောက်[illegible] ဆင်းထိုင်လိုက်၏။ သီတာပြောသလိုပဲ စိတ်ထားဖြူစင်ရင် လူ[illegible] လှတယ်ဆိုတာ ဟုတ်မယ်ထင်ပါရဲ့။ အမုန်းမီးရောင်အောက်မှာ [illegible] မျက်နှာကို နီးနီးကပ်ကပ် မြင်ခွင့်ရလိုက်တော့ –

သူ ချောလိုက်တာ။

ဖယောင်း စွဲလန်းမယ်ဆိုလည်း စွဲလန်းစရာပါပဲလေ။ [illegible] အမုန်းအဏ်ရာကို ဆေးထည့်ပြီး ပတ်တီးစည်းပေးနေစဉ် အ[illegible] အံကြိတ်ပြီး တင်းခံနေရ၏။

''ဒီအိမ်မှာရှိနေတဲ့လူက ငါဖြစ်နေလို့ တော်သေးတာ[illegible] အဲဒါကြောင့် မင်းကိုပြောတာ။ ရေစက်ဆိုတာကိုယုံပါလို့''

ဟူး အရေးထဲ ဒီရေစက်က တစ်မျိုးပါလားနော်။

❋



## အခန်း (၁၉)

ဒဏ်ရာပတ်တီးစည်းပြီးသွားတော့ အမုန်းက ဖြစ်ကြောင်း [illegible]နီစဉ်ပြောပြလေလျှင် –

''တောက် ... တော်တော်ယုတ်မာတဲ့လူကြီးပဲ။ မိဘကို [illegible]မုန်းမသိ ပစ်ထားရုံတင်မကဘူး၊ သူများသားပျို့ သမီးပျိုကို ဖျက် [illegible]အထိ ယုတ်မာအောက်တန်းကျတာ ရှုံ့ဖို့ကောင်းလိုက်တာကွာ''

တကယ့်ကို ဖန် ဒေါသထွက်ရသည်သာ။ ဥပဒေသာမရှိရင် [illegible]ချင်းတောင် သွားသတ်ပစ်ချင်တာ။ ရုပ်ကိုက ကြာကူလီရုပ်နဲ့။ [illegible] သမီးတွေရှိတာတောင် သမီးချင်းကိုယ်ချင်းမစာတတ်။ ဘယ် [illegible] ဝဋ်လည်လိမ့်မယ်မသိဘူး။ ဝဋ်ကတော့ လည်ကိုလည်ဦးမှာပါ။

''ကျွန်မလည်း သူတို့လက်ကလွတ် ပြီးရောဆိုပြီး ဒီခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးဝင်လာတာ။ ခြံတံခါးက ပွင့်နေတော့လေ''

''အဲဒါ မင်း ကံကောင်းတာပဲ။ ငါလည်း မေ့ပြီး တံခါးမပိတ်မိတာ''

''ဒါနဲ့ ရှင်က ဒီမှာ ဘာလာလုပ်နေတာလဲ''

''ဒီအိမ်က ငါ့သူငယ်ချင်းအိမ်ပါ။ သူ ခရီးသွားမလို့ တစ်ည လောက် လာစောင့်အိပ်ပေးပါဆိုလို့ ဒီမှာလာအိပ်တာ။ ဒီကောင်က မိဘတွေမရှိကြတော့ဘူး။ တစ်ယောက်တည်းနေတာလေ။ ဥစ္စာ ခြောက်ပြီး သူ့အိမ်ကို စိတ်မချလို့ ငါ့ကို အကူအညီတောင်းတာပဲ''

''သြော်''

သြော်ဆိုပြီး အမုန်း သတိရသွားသည်က အိမ်ကို အန္တရာယ်ကလွတ်ပြီဆိုပြီး စိတ်အေးလက်အေးနဲ့ စကားပြောနေ တာ။ အခုလောက်ဆို အိမ်ကလူကြီးတွေ စိတ်ပူနေရောပေါ့။ ဖုန်း ဆက်ပြောဦးမှပါ။

''ဟင်''

''ဘာလဲ''

''ဖုန်း ကျွန်မဖုန်း ဘယ်ထွက်ကျန်ခဲ့တယ် မသိဘူး။ ဒုက္ခ ပါပဲ။ အိမ်ကလူကြီးတွေ စိတ်ပူနေရော့မယ်''

ဖုန်းဆိုတာနှင့် ဖန် သူ့ဖုန်းကို သွားယူလိုက်သည်။ ဟုတ်တာ





ပေါ့။ အခုလောက်ဆို အမုန်းအိမ်က စိတ်ပူနေတော့မည်။ ကိုယ် ယောက်ျားလေးတောင် အိမ်ပြန်နောက်ကျရင် မေမေက စိတ်ပူတတ် သည်ပဲလေ။

''ငါလည်း ညတွင်းချင်းတော့ မင်းကို လိုက်မပို့နိုင်ဘူး။ ဒီမှာ ကားမရှိဘူးလေ။ ငါ့ကားက ငါ့သူငယ်ချင်းယူသွားတယ်။ အဲဒီ တော့ မင်းအိမ်ကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြလိုက်ပေါ့''

ပြောရင်း ဖန်က ဖုန်းကိုပေးလေလျှင် အမုန်း အိမ်က သေးလေးဖုန်းကို လှမ်းခေါ်လိုက်၏။

''ကလေး ကလေး ခုထိမပြန်သေးဘူးလား။ ဘယ်ရောက် နေတာလဲ။ ဒီမှာ လေးလေးတို့ စိတ်ပူနေကြတာ။ လေးလေး လိုက် လာရမလား။ ဘယ်ကိုလိုက်လာရမလဲ''

မေးလိုက်တာ မနားတမ်းပါပဲ။ အသက်မှရှူရဲ့လားမသိပေ။

''လိုက်မလာနဲ့ လေးလေး။ အခု အမုန်း ဘာမှမဖြစ်ပါဘူး ချိုးစိတ်ချရတဲ့နေရာကို ရောက်နေပါပြီ။ အမုန်း ကားပျက်နေတာ သေးလေး။ လေးလေး ကားဆီကိုပဲ သွားချင်သွားလိုက်ပါ၊ ကားက''

ကားပျက်နေတဲ့နေရာကို အမုန်း ပြောပြလိုက်သည်။ ပျက်နေ တဲ့ကားကို တွန်းယူလို့မရပေမယ့် ဟိုလူတွေ တစ်ခုခုလုပ်ခဲ့ရင် ဒုက္ခ။

''အေးပါ ... ကားက ထား၊ လူက အခု ဘယ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး သမီးပြောပြတာကို သေသေချာချာ နားထောင်နော်"

ဆိုပြီး အမုန်း ရှင်းပြလိုက်တာသည် မှန်တာလည်း မှန်၊ ညာတာလည်းညာပါပဲ။ ဟိုလူတွေနဲ့ကိစ္စကိုတော့ အမုန်အတိုင်းပြောပြပြီး အခု ဖန်နေမင်းနဲ့အတူ ရှိနေတာကိုတော့ ပြောမပြပေ။ အိမ်ရှင်က အပျိုကြီးလို့ပြောပြီး ခုည ထိုအပျိုကြီးနှင့် အိပ်မှာပါလို့ပဲ ပြောရတာပေါ့။ ဒဏ်ရာရထားတာကိုလည်း မပြောပေ။ စိတ်ပူနေမှာစိုးလို့လေ။ ဖန်ကတော့ သူ့ကို အပျိုကြီးအဖြစ် ပြောလိုက်တာကိုပဲ ပြုံးစိစိနှင့်

"ဒါဆို ... လေးလေး စိတ်ချနေမယ်နော် ကလေး"

"ဟုတ်ကဲ့ လေးလေး ... ဒါပဲနော်"

အမုန်း ဖုန်းချပြီး သူ့ကို ပြန်ပေးလိုက်တော့ –

"အခုည မင်း ဒီအိမ်မှာရှိနေတဲ့ အပျိုကြီးနဲ့အတူတူအိပ်မယ်ဆိုတာ တကယ်လား"

ဖန်က စလိုက်တာပေမယ့် အမုန်းမျက်နှာ တင်းခနဲဖြစ်သွားကာ –

"ရှင် ဘာစကားပြောတာလဲ။ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း ရှိတယ်ဆိုပြီး ယီးတီးယားတားမလုပ်နဲ့နော်။ အသက်ချင်း လဲပစ်လိုက်မယ်"





"ဟင် ... ကိုယ် ဘာပြောမိလို့လဲ"

"ရှင့်စကားကို ရှင်ပြန်စဉ်းစားကြည့်လေ"

"ကိုယ်က အပျိုကြီးနဲ့အိပ်မှာလားလို့ မေးတာကို၊ ကိုယ်နဲ့အိပ်မှာလားလို့ မေးတာ မဟုတ်ဘူးလေ"

"ရှင်နော် ... ပြောရင်းက"

"မပြောတော့ဘူး"

"ဟင်"

အမုန်းနှုတ်က 'ဟင်' လို့ အသံထွက်သွားတာ သူ့စကားကြောင့် မဟုတ်ပေ။ မီးကပျက်သွားပြန်ပြီလေ။ ဒါကြောင့် 'ဟင်ခနဲ' ဖြစ်သွားတာပါ။

"ဝါး"

အရေးထဲ မောင်မင်းကြီးသားက သမ်းနေသေးတယ်။

"အမုန်း"

"––––"

"ငါ အိပ်ချင်လာပြီ"

"ရှင့်ဘာသာရှင် အိပ်ချင်တာ ကိုယ့်မျက်လုံးနဲ့ကိုယ် အိပ်ပါ [illegible]"

"မင်းကရော မအိပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ဘူး မအိပ်ဘူး"

စိတ်တိုတိုနှင့် အမုန်း အော်ပစ်လိုက်သည်၊ ပြောပုံကကြည့်ဦး လေ။ သူနဲ့ကိုယ်ကပဲ ဘာလိုလိုနဲ့ –

"ဒါဆို ငါသွားအိပ်တော့မယ်။ မင်းတစ်ယောက်တည်း နေခဲ့ ပေတော့"

ဖန်ခါတ်မီးကို လက်နှင့်စမ်းလေတော့ အမုန်းရဲ့ဒူးကို သွား စမ်း မိလေလျှင် အမုန်းက သူ့လက်ကို ရိုက်ချပြီး –

"အား"

"ရှင် ဘာလုပ်တာလဲ"

ချက်ချင်း ပြန်မဖြေနိုင်ဘဲ ဖန် လက်ခုံကိုပွတ်ရင်း မျက်နှာက ရှုံ့မဲ့နေသည်သာ။ ဒါကို အမှောင်ထဲမှာမို့ အမုန်းက မမြင်နိုင်ပေ။

"ဘာဖြစ်တာလဲ ခါတ်မီးရှာတာကွ"

"ခါတ်မီးက ဟိုဘက်မှာမဟုတ်ဘူးလား"

"ဒီဘက်မှာမှတ်လို့ပေါ့ကွ"

ဒီဘက်ကို ပြန်စမ်းကြည့်ပြီး ခါတ်မီးကို တွေ့သွားလေတော့ ဖန် ထသွားလေလျှင် –

"ဖန်နေမင်း"

"ဘာလဲ"





"ရှင် ဘယ်သွားအိပ်မှာလဲ"

"ဟ အခန်းထဲသွားအိပ်မှာပေါ့"

"မသွားပါနဲ့ ဒီမှာပဲအိပ်။ ဆိုဖာပေါ်မှာ အိပ်လို့ရတာပဲဥစ္စာ"

ဖန် အသံတိတ်သွားလေသည်။ တမင်သက်သက်သာ သွား ဟန်လုပ်ပြတာ ဖန် သူမကို မထားခဲ့ရက်ပါဘူး။ ဘယ်လောက်ပဲ ကြီးကြီး၊ ဘယ်လောက်ပဲ သတ္တိရှိပါတယ်ပြောပြော အမှောင်ထဲ မှာ မိန်းကလေးတစ်ယောက်တည်းဆိုတော့ ကြောက်ရှာမှာပေါ့။

"ငါက မင်းမကြိုက်မှာစိုးလို့ပါ"

"ရပါတယ်၊ ရှင်က အခြားသူမှမဟုတ်တာ။ ဖယောင်းရဲ့ င်ပွန်းလောင်းပဲလေ။ ယုံကြည်ပါတယ်"

"ဟင် . . . ဖယောင်းနဲ့ကိုယ့်ကိစ္စ မင်းသိတယ်လား"

"ဟုတ်တယ်"

အမုန်းတောင် သိနေပြီဆိုတော့ ဖယောင်းလည်း သိနေမှာ ပေါ့။ ဖယောင်းနဲ့ကိုယ့်ကို လူကြီးတွေ သဘောတူထားကြတယ်ဆိုတာ ကိုလေ။ ဖယောင်းကို ဖယောင်းအမေပြောတာပဲ ဖြစ်မှာပေါ့။ ဒါပေမဲ့ လေ ဆိုရိုးစကားရှိတာပဲဥစ္စာ။ ဗူးတစ်ရာအပေါက်ကိုသာ ပိတ်လို့ရမယ် သူတစ်ယောက်ရဲ့ပါးစပ်ပေါက်ကို ပိတ်လို့မရဘူးတဲ့။

"အဲဒါကြောင့် . . . မင်းအိမ်ကို အပျိုကြီးနဲ့ အိပ်မှာလို့



www.burmeseclassic.com

www.burmeseclassic.com



ညာလိုက်တာလား''

''ဟုတ်တယ်လေ။ ရှင်နဲ့ကျွန်မ အခုလိုအတူရှိနေတာကို ဖယောင်းသိလို့ ဘယ်ဖြစ်မှာလဲ။ ဖယောင်းက ထိလွယ်ရှလွယ် ခံစားလွယ်တယ်။ သူ့ကို ဘယ်လိုအကြောင်းနဲ့မှ မခံစားစေချင်ဘူး''

''အဲဒါတွေကိုပဲ ငါမကြိုက်တာ''

''ဘာ''

''ဘာမှမဟုတ်ဘူး၊ ငါအိပ်တော့မယ်''

ပြောပြီး ဖန် ဆိုဖာပေါ်မှာ မှီပြီးအိပ်ပေမယ့် အိပ်လို့မပျော်ပေ။ ဘယ်လိုလုပ်ပြီး အိပ်လို့ပျော်မှာလဲ၊ သူ့အတွေးထဲမှာ ဖယောင်းအကြောင်း၊ အမုန်းအကြောင်းတွေက နေရာယူထားသည်ပဲလေ။

''ဟော''

မီးက ဖျတ်ခနဲပြန်လင်းလာပြန်ပြီ။ မီးရောင်အောက်မှာ အမုန်းကိုငုံ့ကြည့်လိုက်တော့ –

''ဟောဗျာ''

အမုန်းက အိပ်ပျော်နေရှာပြီ။ ကိုယ့်ကိုစိတ်ချယုံကြည်လို့ အိပ်ပျော်သွားသည်ထင်ပါ့။ အဟွန်း အိပ်ချင်တယ်ပြောတာက ကိုယ်၊ တကယ်တမ်း အိပ်ပျော်သွားတာကသူ။

❋



## အခန်း (၂၀)

''တော်ပါသေးရဲ့သမီးရယ် . . . မေမေ့သမီးလေး ဘာမှမဖြစ်လို့။ သမီးကို ကူညီလိုက်တဲ့အပျိုကြီးကို မေမေ သွားတွေ့ပြီး ကျေးဇူးဆပ်ပါ့မယ်ကွယ်''

''ဟင်''

ဒေါ်မျိုးခိုင်ဖူးက သမီးဖြစ်သူရဲ့ ခေါင်းလေးကို ကိုင်လိုက်၊ ပါးလေးကိုပွတ်လိုက်နှင့် မျက်ရည်တွေ တွေတွေကျရင်း ပြောနေတာပါ။ အမုန်းကတော့ အပျိုကြီးကို မေမေသွားတွေ့ပြီး ကျေးဇူးဆပ်ပါ့မယ်ဆိုတဲ့စကားကြောင့် ကိုယ်လေးတောင့်ခနဲ ဖြစ်သွားရသည်သာ။

အင်း . . . လောလောဆယ် မသွားရအောင် တစ်မျိုးညှိ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နောက်မှသွားမည်ဆိုလျှင် ပြောင်းသွားကြပြီလို့ပဲ ပြော တော့မှာပေါ့။

"ယုတ်မာလိုက်တာ၊ နှမချင်းမစာနာတတ်တဲ့လူ သူတို့သားသမီးတွေကျရင် ဝဋ်လည်ပါစေတော်"

"မေမေ"

ဒေါ်မျိုးခိုင်ဖူး သမီးမျက်နှာလေးကို ငုံ့ကြည့်လေသည်။ အ က ဝဋ်လည်ပါစေဆိုတဲ့စကားကြောင့် ဦးစောနောင်ကို သတိရ တာလေ။ သူ့မှာ သမီးအပျိုတွေနဲ့ပဲဥစ္စာ။

"ပြောလေသမီး"

"သမီးကို နှောင့်ယှက်တဲ့နှစ်ယောက်မှာ တစ်ယောက် လူကြီးမေမေရဲ့။ အဲဒီလူကြီးမှာ သမီးအပျိုနှစ်ယောက် ရှိတယ်

"ဟုတ်လား"

အမုန်း ခေါင်းညိတ်ပြလိုက်သည်။ ဦးစောနောင်ဆိုတဲ့နာမ ကို ထည့်မပြောတာက ဒီနာမည်ကို မေမေကြားချင်မှာမဟုတ်ဘူး ဒီနာမည်က မေမေ အမုန်းဆုံးနာမည်ပဲဥစ္စာ။ မေမေက ပြောထ သွားပဲ။ ဒီနာမည်မျိုး နာမည်တူတောင် မကြားချင်ဘူးတဲ့။

ဒါကြောင့် –

အမုန်း နာမည်ကို ထည့်မပြောတာပါ။





"ကောင်းတာပေါ့၊ ကိုယ့်မှာ သမီးအပျိုတွေရှိတာတောင် သမီးချင်းမစာနာတတ်လိုက်တာ။ သေချာပါတယ်၊ ဝဋ်ကိုလည်ဦးမှာ"

ကိုယ့်သွေးထိတော့ မချိအောင်နာ၊ မထိသေးပေမယ့် ဒေါသ ဖြစ်လွန်းလို့ ပြောနေမိတာပါ။

"ကလေး"

"ဟင်"

"ဒဏ်ရာသက်သာရဲ့လား"

"သက်သာပါတယ် လေးလေး"

"နောက်ကို သတိထားပေါ့ကလေးရယ်။ အဖော်မပါဘဲနဲ့ နေဝင်မိုးချုပ် အပြင်မှာမနေပါနဲ့။ ကလေးတစ်ခုခုဖြစ်သွားရင် လေးလေးတို့ ရင်ကျိုးရမှာ"

"ဟုတ်ကဲ့ပါ လေးလေး၊ အခုလည်း အမုန်း ဆေးရုံကိုဝင်နေ လို့ပါ။ ဝေဝေမှာမေမေ ဆေးရုံတင်ထားရလို့ လိုအပ်တာတွေ ကူညီ ပေးနေတာလေ"

ဦးဖြိုးပိုင်ဦး ခေါင်းညိတ်လိုက်ပြီး –

"သူများကို ကူညီတာတော့ ကူညီပေါ့ကလေးရယ်။ ကိုယ့် အန္တရာယ်လည်း ကိုယ်ကြည့်ဦးပေါ့။ သွားသတိ လာသတိနဲ့ သတိ သတိ ချပ်နိုင်မှ တန်ကာကျတာ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီလူကြီးက သမီးကို အငြိုးအတေးထားတာပါ''

''ဘယ်လိုသမီး''

အမုန်း လွှတ်ခနဲထွက်သွားပြီးမှ ပါးစပ်ကို အမြန်ပိတ်လိုက်သည်။ မိခင်က စိုးရိမ်တကြီးပုံစံနှင့် မေးလိုက်သလို လေးလေးလည်း အမုန်းဘက်သို့ ဆတ်ခနဲ လှည့်လာသည်လေ။

''သမီးက သမီးက ဘာလုပ်မိလို့ အဲဒီလူက အငြိုးအတေးထားတာလဲ။ ပြောစမ်းသမီး''

''ဩော် ... ဟို ဘာမှမဟုတ်ပါဘူး မေမေရဲ့။ အဲဒီလူက သမီးဆိုင်မှာ အကျီလာဝယ်ရင်း သူ့မိန်းမက သမီးတို့ဆိုင်က ဈေးများတယ် ဘာညာပြောလို့ စကားများဖူးတယ်လေ။ အဲဒါကိုပြောတာပါ''

ဒေါ်ကျင်ခနှင့်ပတ်သက်ပြီး စခဲ့တဲ့ တင်းမာမှုတွေကို အမုန်း ဖုံးကွယ်ထားလိုက်၏။ တော်ကြာ အမုန်းရဲ့ လွတ်လပ်ခွင့်တွေကို ပိတ်ပင်လိုက်မှာစိုးလို့လေ။

''နေရာတကာမှာ မဟုတ်မခံစိတ်ရှိတယ်၊ သတ္တိရှိတယ် ဆိုတာ မကောင်းဘူးကလေး။ ကလေးက မိန်းကလေးလေ။ နောက်ကို ဆင်ခြင်ပါ''

အမုန်း ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပေ။ ဘာလို့ ဆို ပျော့ညံ့တာကို အမုန်းမှ မကြိုက်တာ။ လူဆိုတာ ကြောက်မှန်း





သိရင် ပိုခြောက်ချင်ကြတာမို့ အမုန်း ကြောက်စိတ်ကို ဘယ်တော့မှ မွေးမြူမှာမဟုတ်ပါဘူး။

''လေးလေးပြောတာ နေရာတကာ ကြောက်နေဖို့ မဟုတ်ဘူးနော်။ အလျှော့ပေးဖို့ ပြောတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ပွင့်လင်းလွန်းရင် မကောင်းဘူး။ သတ္တိဆိုတာလည်း ရှိသင့်တဲ့နေရာမှာပဲ ရှိရမယ်။ ယောကျ်ားတွေနဲ့ရင်ဘောင်တန်းချင်တာမျိုးပေါ့။ မိန်းကလေး ဆိုတာ ယောကျ်ားတွေနဲ့ နေရာတကာမှာ ရင်ဘောင်တန်းလို့ မသင့်တော်တဲ့အရာတွေ ရှိတယ်''

ဒီစကားကိုတော့ လက်မခံချင်လည်း အမုန်း လက်ခံရတော့မှာပဲလေ။ ဘာဖြစ်လို့လဲဆို ယောကျ်ားနဲ့မိန်းမ အင်အားချင်းမမျှအောင် သဘာဝက ဖန်တီးထားတော့ အခုဖြစ်ခဲ့တဲ့ကိစ္စက နမူနာပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဖယောင်းကလည်း နေမကောင်းသေးတော့ ဆိုင်ကိုမသွား
နိုင်၊ အမုန်းကလည်း ခြေထောက်မှာဒဏ်ရာနဲ့ဆိုတော့ မသွားနိုင်ဘူး
လေ။ ဒါကြောင့် ဆိုင်က ဘယ်နှစ်ရက်ပိတ်ရဦးမယ် မသိပါဘူး
တော်ရုံ နေမကောင်းတာလောက်ဆို အမုန်းက အိပ်ရာထဲမှာ ခွေး
တတ်သူမဟုတ်ဘူးလေ။ အခု ခြေထောက်မှာ ဒဏ်ရာရထား
အိပ်ရာထဲမှာ ခွေနေရသည်သာပေါ့။

"ဟင်"

အိပ်ရာထဲမှာ facebook သုံးနေတုန်း ဖုန်းက ဝင်လာသ
ကိုင်လိုက်ကာ –





"ဟယ်လို"

"အမုန်း"

အမုန်း မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားပြီး –

"ဘယ်သူလဲမသိဘူး"

"ဘာကိုမေးတာလဲ"

"အခုဖုန်းဆက်တာ ဘယ်သူလဲလို့မေးတာ"

အမုန်းရဲ့ စိတ်မရှည်သံကြောင့် ဖန်က ရယ်လေသည်။

"ကိုယ် ဖန်နေမင်းပါ"

"ဟင်"

"ဒဏ်ရာသက်သာရဲ့လား"

"သက်သာပါတယ်။ ဒါနဲ့ ရှင် လူနာမေးတာ မှားနေပြီနော်"

"ဟင် ... မမှားပါဘူး၊ ဒါဆို ဘယ်လိုမေးရမလဲ"

"အဲဒါကိုပြောတာ မဟုတ်ဘူးရှင့်၊ မေးရမယ့်လူ မှားနေတာ
ကို ပြောတာ။ ကျွန်မခြေထောက်က ဒဏ်ရာက အသက်နဲ့အဝေးကြီး
ပဲ။ ရှင်မေးသင့်တာက ဖယောင်းမဟုတ်ဘူးလား"

"အဲဒါ"

ဒီမေးခွန်းမျိုးကို အမုန်း မေးလိမ့်မယ်လို့ ဖန် ထင်မထားဘူး
လေ။ ဒါကြောင့် ခေါင်းကိုသာ ကုတ်လိုက်မိတော့၏။ အမြဲရ



www.burmeseclassic.com

www.burmeseclassic.com



ခက်လိုက်တာ။

"ဟယ်လို"

"သြော် ... ဟိုဒင်း ဖယောင်းကိုက လူကိုယ်တိုင် သွား
တယ်လေ။ အမုန်းကိုကျတော့ လူကိုယ်တိုင် လာမေးလို့မဖြစ်
ဖုန်းဆက်မေးတာပေါ့"

"သြော်"

"အမုန်းအိမ်က ဆူသေးလား"

"မဆူပါဘူး၊ ဆူရအောင် ကျွန်မက မဟုတ်တာ လုပ်နေ
မှမဟုတ်တာ"

စကားပြောရတာ တော်တော်လက်ပေါက်ကတ်တဲ့အမုန်း
လား။ ကိုယ်က စေတနာနဲ့မေးတာကို အကောင်းပြန်မဖြေဘူး၊ ဒီ
ဖန်ကတော့ အပြစ်မမြင်ပါဘူး။ ချစ်စရာလေးလို့ပဲ မြင်သည်
အဲ ... ခင်စရာလေးပေါ့။

"ဆေးခန်းသွားသေးလား"

"သွားပါတယ်"

"အမုန်းကို ကိုယ်တစ်ခုပြောချင်တယ်"

"ပြောပါ"

"မင်း ဦးစောနောင်ကို သတိထားပါ အမုန်း"





"ကျွန်မ ကလေးမဟုတ်ဘူး ဖန်နေမင်း"

"မင်းကလေ စေတနာနဲ့ပြောနေတာကို ပြေရာပြေကြောင်း
မပြောဘူး။ ဘာလဲ ငါ့ကို ရန်သူတစ်ယောက်လို သတ်မှတ်နေတာ
း အမုန်းမပြယ်"

"အဲဒီလိုတော့ မသတ်မှတ်ပါဘူး။ ဒါပေမဲ့ ရှင့်စေတနာတွေ
ကျွန်မအတွက် မလိုအပ်ဘူးလေ။ ကူညီခဲ့တဲ့အတွက် ကျေးဇူး
င်ပါတယ်"

အမုန်း ခပ်ပြတ်ပြတ်ပဲပြောလိုက်မိ၏။ ဖန်နေမင်းနဲ့ အမုန်း
ရင်းနှီးနှီးပြောဆိုဆက်ဆံနေလို့ မဖြစ်ဘူးလေ။ အမုန်း ဘယ်
ယာက်ျားနှင့်မှ ရင်းရင်းနှီးနှီး ခင်မင်တာမျိုး မရှိခဲ့ဖူးတော့ အခု
နေမင်းနဲ့ကျမှ ပြောင်းလဲလာတယ်ဆိုတာမျိုး အပြောမခံနိုင်ပါဘူး။

ဖန်

အမုန်းစကားတွေကြောင့် 'ကျွတ်'' ခနဲ စုပ်သတ်မိလိုက်
ည်း မွေးသန္ဓေ သေမပျောက်ဆိုသလို အမုန်းစကားပြောတာ ပြုပြင်
ပြောင်းလဲခြင်းမရှိတော့ဘူးတဲ့လား။ အရာရာမှာ သူ့စရိုက်နဲ့ သူ့သတ္တိ
ပြုအမူတွေကို သဘောကျပေမယ့် ကိုယ့်အပေါ်မှာတော့ ဒီလိုမျိုး
က်ဆံစေချင်ပေ။

"မင်း ကိုယ့်ကို ရန်သူလို မသတ်မှတ်ဘူးဆိုရင် သူ့ယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို သတ်မှတ်ပေးပါ အမုန်း''

''အမုန်း''

''ဟင်''

''အမုန်း''

အမုန်းနာမည်ကို ခေါ်ရင်း အမုန်းအခန်းထဲကိုဝင်လာသူက ဖယောင်းပါ။

ဒါကြောင့် –

''ဖယောင်းလာနေပြီ၊ ကျွန်မ ဖုန်းချလိုက်တော့မယ် ဖေ နေမင်း''

ပြောပြောဆိုဆိုပဲ အမုန်း ဖုန်းချပစ်လိုက်တော့သည်။ သူ အမုန်းဆီကို ဖုန်းဆက်တာ ဖယောင်းကို မသိစေချင်ပေ။ သိရင် ဖယောင်းက ကြိုက်ချင်မှကြိုက်မှာမဟုတ်လား။ ကိုယ့်ကြောင့် ဖယောင်းကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူးလေ။

''ဖယောင်း''

''ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ''

ဖယောင်းကိုယ်ပေါ်မှာ အနွေးထည်ဝတ်ထားခြင်းအားဖြင့် နေမကောင်းသေးဘူးဆိုတာကို ခန့်မှန်းလို့ရပါသည်။

''လေးလေးနဲ့ပြောနေတာပါ။ နင် နေမကောင်းသေးဘဲနဲ့





ဘာလို့လာရတာလဲ ဖယောင်းရဲ့။ ငါလည်း နင့်ဆီကိုမရောက်တာ ကြာရက်ရှိပြီ၊ လာတော့လာမလို့ပါပဲ၊ ခြေထောက်ဒဏ်ရာက ကောင်းကောင်းလမ်းမလျှောက်နိုင်သေးလို့ပါ''

''ရပါတယ် အမုန်းရဲ့။ နင် လမ်းမလျှောက်နိုင်လို့ လမ်းလျှောက်နိုင်တဲ့ငါက လာခဲ့တာလေ။ တို့မှာလည်း ချို(ဂျို) ကျိုးနဲ့ အရှက်ပွဲဆိုတာမျိုး ဖြစ်နေပြီ''

''နင်ပြောမှပဲ နွားလုံးလုံးဖြစ်တော့တယ်''

ဖယောင်းက အမုန်းဘေးမှာဝင်ထိုင်ပြီး အမုန်းခြေထောက်က ဒဏ်ရာကိုလိုက်ကြည့်ပေမယ့် ပတ်တီးစည်းထားတော့ မမြင်ရဘူးလေ။

''ဒဏ်ရာက တော်တော်များလား အမုန်း''

''ဓားခုတ်ရာနဲ့ယှဉ်လိုက်ရင်တော့ နည်းနည်းလေးလို့ပြောလို့ရပါတယ်။ ဆူးစူးတာတို့၊ ခလုတ်တိုက်မိတာတို့ထက်တော့ များတာပေါ့''

''နင်ကလည်း ပြောတော့မယ် ကတ်ဖိုးကတ်ဖဲ့''

''ဒါနဲ့ နင့်အချစ်တော်ကြီးက နင်နေမကောင်းတာ တော်တော် ဂရုစိုက်မှာပဲနော်။ နေ့တိုင်းလာတယ်မို့လား''

အမုန်း စကားလမ်းကြောင်း လွှဲလိုက်တာကိုပဲ ဖယောင်းမှာ တက်နှာပျက်သွားလေသည်။ ကိုဖန့်စိတ်က ခန့်မှန်းရခက်သားလား။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တင်ကျရင် လွှမ်းအောင်ချွဲ နောက်ကွယ်ကျရင် မေ့မှာပဲလို့ ပြောရအောင်ကလည်း သူနဲ့ ဖယောင်းက ချစ်သူတွေမဟုတ်ကြပေ။

သူ ဘာလို့ ဖယောင်းကို ချစ်တယ်လို့ ဖွင့်မပြောသေးတာလဲ။ တွေ့လိုက်ရင် ဖယောင်းကို ကလေးတစ်ယောက်လို ယုယပေးပေမယ့် မတွေ့ရတဲ့အချိန်တွေမှာ ဖုန်းလေးပင် ဆက်ဖော်မရလို့ ဖယောင်းက စဆက်ရတာလေ။

အခုလည်း –

"သူမလာတာ နှစ်ရက်ရှိပြီဟ"

"ဟင်"

အမုန်းကိုပြောတော့ ဖယောင်းဆီကို လူကိုယ်တိုင်သွားပြီး အမုန်းကိုတော့ ဖုန်းဆက်ပြီးသတင်းမေးတာပါတဲ့။

"ကိုဖန့်ပုံစံက ဘယ်လိုလဲမသိပါဘူး အမုန်းရယ်။ အခုထိ ချစ်တယ်လို့လည်း ဖွင့်မပြော၊ ငါ့ကို တကယ်ချစ်လား မချစ်လား မသိတော့ပါဘူး။ ငါ့ဘက်ကသာ တစ်ဖက်သတ် မျှော်လင့်နေရတာပါ"

အမုန်း ဖယောင်းကို တွေတွေငေးငေးလေးကြည့်နေမိတော့သည်။ အချစ်ဆိုတာ တကယ်ပဲ ပူလောင်ခြင်းလား။ အခုပဲ ဖယောင်းခမျာ သူ့ဘက်က ချစ်မိနေတော့ ပူလောင်ရပြီလေ။

❋



## အခန်း (၂၂)

ဒီနေ့ . . .

အမုန်းရော ဖယောင်းရော ဆိုင်သို့လာနိုင်ခဲ့ပါပြီ။ အဲ ဝေဝေ ာလည်း အလုပ်ပြန်ဆင်းနိုင်ခဲ့ပြီပေါ့။ ဒီသုံးယောက်စလုံး မလာနိုင်တဲ့ အချိန်က ဆိုင်ပိတ်ထားခဲ့ရသည်သာ။

"အမုန်းရေ"

စောစောက ဖုန်းဝင်လာလို့ ဖုန်းပြောနေတဲ့ ဖယောင်း။ ့တော့ အမုန်းဆက်သို့လှည့်ပြီး ခေါ်လေလျှင် အမုန်းလည်း ကျောခိုင်း ့ပ်နေရာမှ ဖယောင်းကို သမင်လည်ပြန်ကြည့်လိုက်မိ၏။

"ကိုဖန် ဖုန်းဆက်တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"ကြည့် . . . သူများပြောတာကို ဆုံးအောင်နားမထောင်ဘူး"

"ကဲ . . . ပြော ပြော"

"ကိုဖန်က တို့နှစ်ယောက်ကို တစ်ခုခုလိုက်ကျွေးချင်လို့ ဒီနေ့ သူမွေးနေ့တဲ့လေ။ အဲဒါ နင့်ကို ပါအောင်ခေါ်ခဲ့ပါဆိုလို့ ငါ ပြောတာကို"

"နင်ပဲ သွားပါ၊ ငါ အလိုလိုက်ချင်ဘူး"

"အမုန်း"

ဖယောင်းက ခေါ်ခဲ့မယ်လို့ ပြောထားပြီးပြီလေ။ ဒါကို အမုန်း က မလိုက်ဘူးဆိုတော့ –

"နင် မလိုက်လို့မရဘူး အမုန်း"

အမုန်း ကိုယ်ပါ ဖယောင်းဘက်သို့လှည့်လိုက်ပြီး –

"နင် ငါ့ကို အမိန့်ပေးနေတာလား ဖယောင်း"

"မဟုတ်ဘူး။ အဲဒီသဘောမျိုးမဟုတ်ပါဘူး အမုန်းရဲ့။ ငါ ခေါ်လာခဲ့မယ်လို့ ပြောထားပြီးပြီဟ။ လိုက်ခဲ့ပါ အမုန်းရယ် ဒီနေ့ သူမွေးနေ့ဆိုတော့ ငါ့သူငယ်ချင်း နင်ပါ ပါရင် ပိုပြီးပြည့်စုံမယ် ထင်လို့ပါ"

ပြောပုံက မျက်နှာငယ်ငယ်လေးနှင့်မို့ အမုန်း ကို





ပြောလိုက်မိတာအတွက် စိတ်တော့မကောင်းပါဘူး။ ဒါပေမဲ့ အမုန်းက ပြောလိုက်တဲ့ကိုယ့်စကားအတွက် ဘယ်တော့မှ နောင်တရတတ်သူ မဟုတ်ဘူးလေ။

"အမုန်း"

"_____"

"လိုက်ခဲ့ပါနော်"

လက်မောင်းကိုကိုင်လှုပ်ပြီး ပြောနေတာ ကလေးတစ်ယောက် ဂျီကျနေသည့်နှယ်ပါ။

"မဖယောင်း"

"ဟင်"

ဝေဝေကခေါ်သဖြင့် ဖယောင်းလှည့်ကြည့်လိုက်သည်တွင် ဝေဝေ မျက်စပစ်ပြရာသို့ကြည့်လိုက်တော့ –

"ဟယ် . . . ကိုဖန်လာပြီ"

ပြောပြီး အမုန်းဘက်သို့ပြန်လှည့်ကာ –

"အမုန်း"

"____"

"လိုက်ခဲ့ပါဟာ နော်"

"ကောင်းပြီလေ၊ ငါ လိုက်ခဲ့မယ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမုန်း ဝေဝေမာနှင့်သီတာ့ကို ဆိုင်မှာ သေသေချာချာ ကြည့်ရောင်းဖို့မှာခဲ့ပြီး ဖယောင်းတို့နှင့်အတူ လိုက်လာခဲ့တော့သည်။ အမုန်း ဖန်နေမင်းနဲ့သိပ်ပြီးရင်းရင်းနှီးနှီးမနေချင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုရင် သူ့ရဲ့ စရိုက်၊ သူ့ရဲ့အကျင့်တွေကို အမုန်းသဘောကျနေလို့ပေါ့။

ဖန်နေမင်း ...

တည်ကြည်ဖြောင့်မတ်ပြီး စိတ်ထားကောင်းတဲ့ လူတစ်ယောက်ပါ။ ကိုယ်က ရင်းရင်းနှီးနှီးနေလိုက်လို့ ဖယောင်းစိတ်ထဲမှာ စနောင့်စနင်းဖြစ်တာမျိုး အမုန်းမလိုချင်။ ဒါကြောင့်ပါ ဖန်နေမင်းရယ်။

"ကိုဖန်"

"ဟင်"

"ကိုဖန့်မွေးနေ့ကို ဘာလို့ကြိုမပြောတာလဲ ကိုဖန်ရဲ့၊ ခုတော့ ဘာမွေးနေ့လက်ဆောင်မှ မပါခဲ့ဘူး။ ဒါပေမဲ့ ... ဖယောင်းတစ်ခုတော့ ပေးချင်တယ်။ ကိုဖန် ဘာလိုချင်လဲဟင်"

ဖန် ပြုံးလိုက်မိပြီး –

"ဘာမှမလိုချင်ပါဘူး။ ဘာမှလည်း ဝယ်မပေးနဲ့၊ ကိုယ်က ဖယောင်းတို့ကို ဝယ်ကျွေးချင်လို့ အခုလို အသိပေးမိတာပါ။





လက်ဆောင်လိုချင်လို့မှမဟုတ်တာ"

"အဲဒီလိုတော့ ဘယ်ဟုတ်မှာလဲ ကိုဖန်ရဲ့"

"ကဲ ... ဟုတ်တယ်ပဲ ထားလိုက်ပါ။ ဘာမှမလိုချင်ဘူး ဝယ်မပေးနဲ့နော်"

ဖယောင်း မျက်နှာစုပုပ်ပုပ်ဖြစ်သွားလေသည်။ သူမပေးနဲ့ဆိုလည်း ဖယောင်းက ရအောင်ပေးမှာပဲ။ ဘာလို့များ ဖယောင်းဆီက လက်ဆောင်ကို သူ မလိုချင်ရတာလဲ၊ တကယ်ဆိုရင် ဖယောင်းပေးတဲ့ လက်ဆောင်ကိုယူပြီး သူ မြတ်မြတ်နိုးနိုးနဲ့ သိမ်းထားသင့်တာ မဟုတ်လား။

နောက် အိမ်ထောင်ကျတဲ့အခါကျရင် –

ကိုယ် ဖယောင်းပေးတဲ့ လက်ဆောင်ကို ဘယ်လိုမြတ်မြတ်နိုးနိုးနဲ့ သိမ်းထားခဲ့တာဆိုရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်ပါမလဲ။ တွေးကြည့်ရုံနှင့် ဖယောင်းရင်ထဲမှာ နွေးထွေးသွားလေသည်။ စိတ်ကူးယဉ်တာ ပိုက်ဆံပေးရတာမှ မဟုတ်တာ။ ပြီးတော့ သူသိတာ မဟုတ်ဘူးလေ။ ဖယောင်းကတော့ သူနဲ့ပတ်သက်ပြီး စိတ်ကူးယဉ်ကမ္ဘာလေးတည်ဆောက်နေဦးမှာပါ။

"အမုန်း"

ဖန်ခေါ်တော့ အမုန်းက မျက်လွှာပင့်၍ ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလေ"

"စားပါတယ်"

"ရောက်ကတည်းက စကားလည်းတစ်ခွန်းမှ မပြောပါလား ဘာလဲ အပြင်ထွက်ရင် သူများတွေနဲ့ စကားမပြောရဘူးလို့ မှာထားတဲ့ သူရှိလို့လား"

အမုန်းစိတ်ကို ဖန် ကလိချင်လို့ ပြောလိုက်တာဖြစ်၏။ အမုန်း မျက်နှာကို ဆတ်ခနဲမော့ပြီး ခါးကိုလည်းမတ်လိုက်ကာ –

"ကျွန်မ မေမေနဲ့ လေးလေးကလွဲရင် ဘယ်သူ့ဩဇာ အာဏာကိုမှ မနာခံတတ်ပါဘူး။ အခု မနာခံသလို နောက်လည်း ဘယ်တော့မှ နာခံမှာမဟုတ်ဘူး ဖန်နေမင်း။ အဲဒါကြောင့် ကျွန်မကို ဩဇာအာဏာပေးမယ့်သူဆိုတာ ဘယ်တော့မှ မရှိစေရဘူး"

"မင်း ဩဇာအာဏာကို နာခံမယ့်သူဆိုရင်ရော"

"ရှင်"

ဖယောင်းက တအံ့တဩလေးနှင့် အမုန်းကို တစ်လှည့် ဖန့်ကိုတစ်လှည့် ကြည့်လေသည်။ ကိုဖန် ဘာတွေလျှောက်မေးနေပါ လိမ့်။ အမုန်းမကြိုက်တာတွေမေးလို့ အမုန်းစိတ်ဆိုးသွားမှဖြင့် ဒုက္ခ သူကတော့ စတာပဲဖြစ်မှာပေါ့။ အမုန်းက သူ သူများကိုမစသလို သူများက သူ့ကိုစတာလည်း မကြိုက်တဲ့သူ။





အမြဲတမ်း အမုန်းက တည်တည်ငြိမ်ငြိမ်နေတတ်သူဆိုတော့ ...ရဲ နောက်ရဲတဲ့သူလည်းမရှိ။

"အစားကိုပဲ ကုန်အောင်စားပါ အမုန်းရဲ့။ စကားကို အကုန် ...ပြောနဲ့လေ"

"ကိုဖန်"

"မင်းကို တကယ်ချစ်တဲ့သူရှိလာရင် မင်းရဲ့ဩဇာအာဏာ ...ို နာခံချင်နာခံမှာပေါ့။ တစ်သက်လုံး အချစ်နဲ့ကင်းတဲ့သူဆိုတာ ...ရှားရှားရယ်။ တစ်ချိန်ချိန်မှာ မင်းရဲ့နှလုံးသားက အချစ်ကို ...တောင့်တလာဦးမှာပါ"

"ဖန်နေမင်း"

"ဟင်"

"ရှင် ရှင့်မွေးနေ့မှာ ကျွန်မတို့ကို ဒီလို အစားအသောက်တွေ ...ကျွေးပြီး အချစ်အကြောင်း ဆွေးနွေးမယ်လို့ ကြိုတင်စီစဉ်ထားခဲ့တာ ...ား"

"ဟုတ်သားပဲ ကိုဖန်ရဲ့။ အမုန်းကို ဘာတွေလျှောက်ပြော ...နေတာလဲ။ အမုန်း နှင့်စိတ်ထဲမှာ ဘာမှမထားနဲ့နော်။ ကိုဖန်က ...င်းကို ငါ့သူငယ်ချင်းမို့လို့ ခင်လို့စတာပါ"

အမုန်း တောင့်မတ်နေတဲ့ ခါးကို လျှော့ချပစ်လိုက်၏။ အမုန်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ ဒီလိုစကားမျိုးတွေ ဖယောင်း ရှေ့မှာ မပြောသင့်ဘူးလေ။ ဖန်ကတော့ –

သူ အမုန်းကို စနေတာမဟုတ်ပါဘူး။ လိုအပ်လို့ပြောနေတာ ပါ။

''အား''

ခပ်တိုးတိုးညည်းသံကြားလိုက်တာ ဖယောင်းနှုတ်မှပါ။ ဒါ စောကတည်းက ဗိုက်ထဲမှာရစ်ပြီးနာလာတာလေ။ အခု တော်တော် လာတာမို့ ညည်းလိုက်မိတာပါ။

''ဘာဖြစ်လို့လဲ ဖယောင်း''

''ငါ ဗိုက်နာလာလို့ဟ''

''ဟုတ်လား''

''အား ... ကျွတ် ကျွတ်''

ဖယောင်းမျက်နှာလေး ရှုံ့မဲ့သွားပြီး –

''ကိုဖန်နဲ့အမုန်း ခဏနေဦးနော်''

စားနေရင်း သောက်နေရင်းမို့ အားနာပေမယ့် မတတ်နိုင် တော့ပါဘူး။ ဖယောင်း သူတို့ကိုထားခဲ့ပြီး ထွက်လာခဲ့ရတော့သည် သာ။ ဖယောင်းမရှိတော့ စကားသံတွေ အတန်ကြာ တိတ်ဆိတ်နေပြီး နောက်မှ ဖန်ကစပြီး –





''အမုန်း''

''----''

''အမုန်းကို ကိုယ်ပြောစရာရှိတယ်''

''ပြောပါ''

''ပြောလိုက်ရင် အမုန်း စိတ်ဆိုးမလားတော့မသိဘူး။ စိတ် ဆိုးလို့ ကိုယ့်ကို တစ်ခုခုလုပ်ချင်တယ်ဆိုလည်း လုပ်ပါ။ ကိုယ်က ခံစားမှုတစ်ခုကို မျိုသိပ်မထားတတ်ဘူး''

''ဟုတ်ပါပြီ၊ ဖန်နေမင်း ပြောစရာရှိတာကိုပဲ ပြောပါ''

ဖန် အမုန်းမျက်နှာလေးကို စိုက်ကြည့်နေလိုက်မိသည်။ တကယ် ဒီနေ့ သူ့မွေးနေ့ဆိုတာ လုံးဝမဟုတ်ပါဘူး။ အခြား အကြောင်းပြချက်နဲ့ ကိုယ်က တစ်ခုခုလိုက်ကျွေးချင်တယ်ဆိုရင် အမုန်း မလိုက်မှာစိုးလို့လေ။ ဖန် အမုန်းနဲ့ဖယောင်းလိုပဲ ရင်းရင်းနှီးနှီး ရှိချင်သည်။ အမုန်းနဲ့ စကားတွေအများကြီးပြောချင်သည်။

ဒါပေမဲ့ မတူညီမှုက ဖယောင်းကိုတော့ ဖန် ညီမလေးတစ် ယောက်လိုပဲ သဘောထားနိုင်ပြီး အမုန်းအပေါ်ကျတော့ ခံစားမှုက အဲဒီလိုမဟုတ်တော့ပါဘူး။ အမုန်အတိုင်း ဝန်ခံရလျှင် –

''ကိုယ် မင်းကို အချိန်တိုင်း သတိရနေမိတယ် အမုန်း''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



အမုန်း သူ့ကိုကြည့်ပြီး ဘာပြန်ပြောရမှန်းမသိတော့ပေ။

"အမုန်းနဲ့ပတ်သက်လာတော့မှ အချစ်ဆိုတာ နီးခြင်း၊ ဝေးခြင်း၊ အချိန်ကြာခြင်း မကြာခြင်းတွေနဲ့ မဆိုင်ဘူးဆိုတာ ကိုယ် သိလိုက်ရတယ်"

"ရှင် ကျွန်မကို ရည်းစားစကားပြောနေတာလား ဖန်နေမင်း"

အမုန်းက သဘောပေါက်လွယ်သားပဲလို့ ဖန် ပြုံးလိုက်မိသည်။ သဘောပေါက်လွယ်တယ်ဆိုတာထက် အခြားမိန်းကလေးတွေလို မသိချင်ယောင်ဆောင်ပြီး ဝေ့ဝိုက်ကွေ့ပတ်နေတာမျိုး မရှိဘူးလေ။ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တာ။

ဖန်ကလည်း ... အဲဒါမျိုးကိုမှ သဘောကျတဲ့သူဆိုတော့-

"ဟုတ်တယ် အမုန်း"

"------"

"ကိုယ် မင်းကို ချစ်တယ်"

အမုန်း ဒီစကားမျိုးကို ခဏခဏ ကြားခဲ့ဖူးပါတယ်။ အဲဒီလို ကြားရတိုင်း သူမရဲ့တုံ့ပြန်မှုက တစ်ဖက်လူအတွက် မျှော်လင့်ချက်ဆိုတာမရှိ၊ နောက်ထပ် အနားကပ်ရဲဖို့တောင် မလွယ်ပေ။ အခု အမုန်းပါးစပ်က ဘာလို့ ချက်ချင်းမတုံ့ပြန်နိုင်တာလဲဆိုတော့ -





"ကိုယ် ဖယောင်းအပေါ်မှာ အဲဒီလိုမျိုး ချစ်နိုင်အောင် ကြိုးစားနေခဲ့တာပါ။ ဒါပေမဲ့ ညီမလေးတစ်ယောက်ထက် ပိုမချစ်ခဲ့ဘူး။ ကိုယ် တကယ်ချစ်မိသွားတာက အမုန်းကိုပါ။ ကိုယ်လည်း ကိုယ့်စိတ်ကိုယ် အံ့ဩနေမိတယ်"

"မအံ့ဩပါနဲ့၊ ရှင် ဘယ်သူ့ကို ဘယ်လောက်ပဲ ချစ်ချစ် အချိန်တန်ရင် လက်ထပ်ရမှာ ဖယောင်းပဲ မဟုတ်လား"

ဖန် ခေါင်းခါလိုက်ပြီး –

"အချစ်မပါတဲ့ အိမ်ထောင်ရေးကို ကိုယ် မတည်ဆောက်ချင်ဘူး အမုန်း။ ခဏမဟုတ်တဲ့အတွက် တစ်သက်လုံး ကိုယ်သည်းခံနေနိုင်မှာ မဟုတ်ဘူးလေ"

"ဒါဆို ရှင်က ဖယောင်းကို ငြင်းမယ်ဆိုတဲ့သဘောလား"

"လက်ထပ်ဖို့ကိစ္စ ကိုယ်ခေါင်းမညိတ်ခဲ့သေးပါဘူး။ နေရာတကာ မိဘစကားနားထောင်နေရလောက်အောင်လည်း ကိုယ်က ခေါင်းရိုပ်မိနေတဲ့ကောင်မှ မဟုတ်တာ။ ကိုယ်က မိဘစကား နားထောင်တယ်ဆိုတာ အတိုင်းအတာနဲ့ပါ။ ကိုယ်မှန်တယ်ထင်လို့ လုပ်တဲ့ ဒီစွဆို မင်းပြောသလိုပဲ ဘယ်သူ့ဩဇာအာဏာကိုမှ နာခံတတ်တဲ့ ကောင် မဟုတ်ဘူး အမုန်း"

အသွင်တူမှ အိမ်သူဖြစ်သတဲ့။ သူနဲ့အမုန်းက အသွင်တော့



www.burmeseclassic.com

www.burmeseclassic.com



တူပါတယ်။ ဒါပေမဲ့ . . . မဖြစ်နိုင်ခြင်းအကြောင်းတဲ့ရားက ဖယောင်းနဲ့ လူကြီးချင်းပြောဆိုထားကြတာပါပဲ။ ထက်မြက်တဲ့မိန်းမဆိုတာ ယောက်ျားတစ်ယောက်ကို ပြိုင်မလုဘူးလေ။ ပြီးတော့ ဖယောင်းဟာ အမုန်းရဲ့အချစ်ဆုံးသူငယ်ချင်းပဲဥစ္စာ။ ဖယောင်း သူ့ကို ချစ်နေတယ်ဆိုတာ အမုန်းမသိတာ မဟုတ်ဘဲနဲ့ လုပ်ရက်ပါ့မလား။

"ရှင် ဘာကောင်ကြီးပဲဖြစ်နေဖြစ်နေပါ ကျွန်မဘက်က ရှင့်အတွက် နေရာမရှိဘူး"

"ကိုယ် နေရာရအောင် ကြိုးစားမယ်"

"စိတ်ကူးယဉ်မနေနဲ့ ကျွန်မ ဖယောင်းအပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး"

ပြောနေရင်းပဲ ဖယောင်းပြန်လာတာကို မြင်လိုက်လေတော့

"ဟိုမှာ ဖယောင်း ပြန်လာပြီ။ သူ့မျှော်လင့်ချက်တွေကို ရှင် ရိုက်မချိုးပါနဲ့။ ဖယောင်း တစ်ခုခုဖြစ်ရင် ရှင့်ကို ကျွန်မ ခွင့်လွှတ်မှာ မဟုတ်ဘူး"

ဖန် ဘာမှ ဆက်ပြောခွင့်မရတော့ပေ။ ဖယောင်းက ပြန်လာပြီကိုး။ လောလောဆယ်အဖို့မှာတော့ ရှိပါစေတော့။ နောက်ရက်မှပဲ ဖယောင်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောရတာပေါ့လေ။

❋



## အခန်း (၂၃)

"ဘာ . . . မင်း ဘာပြောလိုက်တယ် ဖန်နေမင်း"

ကြားလိုက်ရတဲ့စကားက နားဝကိုတေ့ပြီး ဗုံးတစ်လုံးကို ထုခွဲလိုက်သည့်နှယ်။ မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေနဲ့ သူတို့ရှေ့ရေးအတွက် အားလုံး စီစဉ်အကွက်ချပြီးမှ အခု ဘာကြောင့် ကလန်ကဆန်လုပ်ရတာလဲ။ ဖယောင်းနဲ့ ရင်းနှီးအောင်ကြိုးစားပြီး လေ့လာပါဦးမယ်ဆိုတာကို သူ ဖယောင်းအပေါ် ချစ်လာမှာပါလို့ တစ်ထစ်ကျ တွက်လိုက်မိတာပဲ သူမ မှားသလား။

ချက်ချင်း ခေါင်းမညိတ်တာကို ကိုယ်ကတော့ ကိုယ့်သားသော်ချင်းကြီး မြန်မြန်ဆန်ဆန် အိမ်ထောင်မပြုချင်သေးလို့ပဲ ဖြစ်မှာ



www.burmeseclassic.com

ပါလို့ နားလည်ပေးလိုက်သည်လေ။ အခု ဖယောင်းကို သား မချစ် လက်မထပ်နိုင်ဘူးဆိုတော့ ဒေါသထွက်လွန်းလို့ ဆတ်ခနဲ ခုန်ထမိ အထိ ဖြစ်သွားတာပါ။

''မင်း ဘယ်လိုပြောလိုက်တယ်။ ပြန်ပြောလိုက်စမ်း နေမင်း''

ပြန်ပြောဆိုတော့ ဖန် ပြန်ပြောရဖို့ ဝန်မလေးပါဘူး။ မင်း ဖယောင်း အခြေအနေက အခုထိ ဘာမှ မထူးခြားသေးဘူးလား မေမေတို့က လက်ထပ်ပေးချင်နေပြီဆိုလို့ ရင်ထဲမှာရှိတာကို အ အတိုင်း ပြောလိုက်တာလေ။ အဲဒါ ဖန် မှားသလား။

''ဖယောင်းကို သားလက်ထပ်ဖို့အထိ မချစ်နိုင်ဘူး မေမေ သူ့ကို သား ညီမလေးတစ်ယောက်လိုပဲချစ်တယ်''

''မင်းကို ငါက ဖယောင်းအပေါ် ညီမလေးတစ်ယောက် ချစ်ဖို့ပြောထားတာ မဟုတ်ဘူးလေ။ လက်ထပ်ဖို့ပြောထားတာ ဖယောင်းမှာ ဘာအပြစ်ရှိလို့လဲ။ ဘယ်အကြောင်းပြချက်နဲ့ မင်း သူ့ ငြင်းမှာလဲ''

''သား သူ့ကို လုံးဝချစ်လို့ မရဘူးလေ''

''ဒါ နိုင်လုံတဲ့အကြောင်းပြချက်မှမဟုတ်ဘဲကွ။ မင်း လ မခံချင်ရင် နိုင်လုံတဲ့အကြောင်းပြချက်တစ်ခုပေး။ အဲဒီလိုမှမဟုတ်





မင်း ဖယောင်းကိုပဲ လက်ထပ်ရမယ်''

''အချစ်မပါတဲ့အိမ်ထောင်ရေးကို သား မတည်ဆောက်ချင်ဘူး မေမေ။ အဲဒါ သားရဲ့အကြောင်းပြချက်ပဲ''

''ဖန်နေမင်း''

''အိမ်ထောင်ပြုတယ်ဆိုတာ တစ်လတန်သည် တစ်နှစ်တန်သည် အကန့်အသတ်တစ်ခုနဲ့ ပေါင်းသင်းပြီး ကွဲပစ်ကွာပစ်လို့ရတာ မဟုတ်တဲ့အတွက် မေမေ့စကားကို နားထောင်ပြီး သား မစွန့်စားနိုင်ဘူး မေမေ။ မသေမချင်း တစ်သက်လုံး လက်တွဲသွားရမှာ မေမေရဲ့''

အချစ်မပါတဲ့ အိမ်ထောင်ရေးက ဆားမပါတဲ့ဟင်းလိုပဲလို့ ပြောကြတာ အရှုံးအမှုးချစ်ရတဲ့ ချစ်သူရှိလို့ ပြောကြတဲ့စကားပဲလေ။ ချစ်သူမရှိတဲ့သူက နောက်အိမ်ထောင်ကျသွားတဲ့အခါ မချစ်နိုင်ဘူးလား။ ကိုယ်တိုင်က လက်တွေ့ခံစားရတာမို့ ဒေါ်စန္ဒာဝင်း အယုံအကြည် မရှိပေ။

သူမလည်း ငယ်ငယ်က ရည်းစားထားခဲ့တာပဲ။ ကိုယ့်မှာရည်းစားရှိနေပေမယ့် မိဘက လက်ရှိရည်းစားကိုဖြတ်ခိုင်းပြီး ဒီလူကိုပဲ လက်ထပ်ရမယ်ဆိုတော့ မိဘသဘောတူလို့ပေးစားတဲ့သူကို လက်ထပ်ခဲ့တာပဲလေ။ အစက မချစ်ပေမယ့် နောက်တော့ ကိုယ့်ယောက်ျားကို ကိုယ်ချစ်သွားတာပါပဲ။ အခု သူက ချစ်သူရှိတယ်လို့မှ မကြားမိဘဲလေ။

www.burmeseclassic.com



''ဒါဆို မင်းက မင်းရဲ့အိမ်ထောင်ဖက်ကို မင်း စိတ်ကြိုက် ရွေးချယ်ချင်တာလား''

''ဟုတ်တယ် မေမေ၊ မိဘပေးစားတာကို ခေါင်းညိတ်လက်ခံပြီး ချစ်ချစ်၊မချစ်ချစ် လက်ခံရလောက်အောင် သားက အရည်အချင်းမရှိတဲ့ ယောကျ်ားမဟုတ်ဘူး''

''ဪ ... မင်းက ငါပေးစားတဲ့ မိန်းမထက်သာတာကို ယူမယ်လား။ အေး ... ငါကလည်း သာမှလက်ခံမှာနော်။ သာတာတောင် တော်ရုံနဲ့တော့မရဘူး။ ဖယောင်းထက် အစစအရာရာမှာ နှစ်ဆသာမှ''

''မေမေက ပကာသနနဲ့ တိုင်းတာမှာလား''

ဒေါ်စန္ဒာဝင်း ချက်ချင်းပဲ သားဖြစ်တဲ့သူကို ကျောခိုင်းပစ်လိုက်၏။ ကျောခိုင်းပြီး ပြောချင်တာကိုပြောတော့ မပြောရက်စရာ အကြောင်းမရှိတော့ဘူးပေါ့။

''ဟုတ်တယ်၊ အချို့က ကိုယ့်မှာပြည့်စုံနေလို့ မမက်ဘူးလို့ ပြောကြသေးတယ်။ ငါကတော့ မက်တယ်။ ကိုယ့်သားက ဘယ်လို မိန်းမမျိုးကို ယူလိုက်ပါလိမ့်လို့ သူများမေးငေါ့ ကဲ့ရဲ့ခံရတာမျိုး အဖြစ် မခံနိုင်ဘူး''

''ဒါဆို ... မေမေပြောသလို အရာရာပြည့်စုံတဲ့သူက





ချပြီပဲထား အကျင့်သိက္ခာပေါက်ပျက်ချို့ယွင်းနေတဲ့သူဆိုရင် မေမေ ဘယ်လိုလုပ်ပေးနိုင်လဲ အာမခံနိုင်မလား''

''ဒါဆိုရင် ဖယောင်းက အကျင့်သိက္ခာမရှိတဲ့မိန်းမလား။ လျှပ်ပေါ်လော်လီနေတတ်တဲ့ မိန်းမလား။ အဲဒါ မင်းပြောလေ''

ဖန် ပြန်ပြောဖို့စကားကို ချက်ချင်းစဉ်းစားလို့မရတော့ပေ။ မှန်ပါတယ်၊ မေမေပြောသလိုပဲ ဖယောင်းက အဖက်ဖက်မှာ ပြည့်စုံပြီး အိမ်ထောင်ဘက်ရွေးချယ်ဖို့ မငြင်းသင့်တဲ့မိန်းကလေးပါ။ ဒါပေမဲ့ ဖန်နဲ့ အသွင်မတူဘူးလေ။ ဒီလောက် နေရာတကာမှာ ကြောက်တတ်အားနာတတ်တာ ဖန်မကြိုက်ပါဘူး။

အဓိကကျတာက ချစ်လို့မရတာပါပဲ။

ချစ်လို့ရရင်တော့ အပြစ်မြင်စရာမဟုတ်ပါဘူး။ အဲဒီအချစ်ဆိုတာကရော သူ့အလိုလိုဖြစ်လာတာမဟုတ်ဘဲ ကျောသပ်မွေးမြူထားလို့မှမရတာ။

''ပြောလေ ဖန်နေမင်း''

''ကျွန်တော် မေမေနဲ့ အခြေအတင်ပြောမနေချင်တော့ဘူး မေမေ။ ကျွန်တော် ဖယောင်းကိုမချစ်ဘူး။ ဒါပဲ ပြောနိုင်တယ်''

''မင်းမှာ ချစ်သူရှိနေလို့လား''

ဖန် တွေခနဲဖြစ်သွားရသည်။ ရှိတယ်လို့ပြောလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ လက်ဆုပ်လက်ကိုင်ပြစရာမှမရှိတာ။ ကိုယ်ချစ်နေတဲ့ မိန်းကလေးက ကိုယ့်အပေါ် မတုံ့ပြန်နိုင်တဲ့သူ။ ဖန်နေမင်းက လိုချင်တာကို ရအောင်ယူတတ်တဲ့ကောင်ဆိုတော့ ကြိုးစားဦးမှာပဲ။ ကိုယ်ချစ်တဲ့ မိန်းကလေးကလွဲပြီး အခြားသူကို လက်မထပ်နိုင်ပါဘူး။ ဒီတော့—

''ရှိတယ်လို့ ပြောရမှာပဲ။ ဒါပေမဲ့ ကျွန်တော်က တစ်ဖက်သတ်ချစ်နေရတာပါ''

ဒေါ်စန္ဒာဝင်း သားဘက်သို့ ပြန်လှည့်လာပြီး မျက်နှာကို စေ့စေ့ကြည့်ကာ –

''ကောင်းပြီလေ၊ မင်းစိတ်နဲ့မင်း ရွေးချယ်ကြည့်လိုက်ပေါ့။ ဒါပေမဲ့ . . . ငါ လက်ခံနိုင်တဲ့မိန်းမမျိုးပဲ ဖြစ်ပါစေ''

ပြောပြီး သားဖြစ်သူရှေ့မှ ဒေါ်စန္ဒာဝင်း ထွက်သွားလေတော့သည်။

ဟူး . . .

တစ်ခါတလေ လက်တွေ့အဖြစ်တွေက ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကထက်တောင် ဆန်းကျယ်ပါလား အမုန်းရယ်။

❋



## အခန်း (၂၄)

အမုန်းရဲ့ကားက ဟိုတစ်ခါပျက်သွားပြီးကတည်းက ပြန်ပြင်လို့မပြီးသေးဘူးလေ။ အခြားကားတွေ အရေးကြီးလို့ ပြင်ပေးရတာနဲ့ အမုန်းကားက မပြီးသေးဘူးတဲ့။ ဖောင်စီးရင်း ရေငတ်တယ်ဆိုတာ ဒါမျိုးပါပဲ။ ကိုယ့်လေးလေးတစ်ယောက်လုံး ဝပ်ရှော့ထောင်ထားပြီး ကိုယ့်ကားက မြန်မြန်ဆန်ဆန် မပြီးနိုင်ဘူးလေ။

ဒါကြောင့် –

အမုန်းနဲ့ ဖယောင်းကို ဖယောင်းရဲ့ဖေဖေ ဦးဝင်းထိန်က ကားမှထိကာ အပြန်ဝင်ခေါ်ရသည်သာ။

''ကဲ . . . ကိုယ့်အလုပ်နဲ့ကိုယ် လုပ်နေကြရတာနဲ့ ဒီသမီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နဲ့ ခုလို မဆုံဖြစ်တာကြာပြီ။ ဆုံတုန်းလေးတစ်ခုခု ဝင်စား ရင်း စကားစမြည်ပြောကြရအောင်ကွာ"

ဦးဝင်းထိန်က စားသောက်ဆိုင်တစ်ခုရှေ့မှာ ကားကိုရပ်ပြီး ပြောလေတော့ အမုန်းနဲ့ ဖယောင်းကားပေါ်မှ ဆင်းလိုက်ကြသည်။ သုံးယောက်သား စားကြ ဝါးကြမယ်ပေါ့။ ဦးဝင်းထိန်က ချက်ချင်း မဆင်းဖြစ်သေးဘဲ ကားထဲမှာပဲ ရှိနေသေးသည်သာ။

"သမီးတို့ သွားနှင့်လေ။ နောက်မှာလည်း ကားတွေဝင်လာ တော့ ဖေဖေ ကားကို ရှေ့နည်းနည်းတိုးလိုက်ဦးမယ်။ လိုက်လာခဲ့ မယ် သွားနှင့်ကြ"

"ဟုတ်ကဲ့"

ပြိုင်တူပြောပြီး လှည့်ထွက်ခဲ့ကြစဉ် –

"ဟင်"

ဆိုင်ထဲကနေ ထွက်လာတာ ဦးစောနောင်နှင့် သူ့ရဲ့နောက် လိုက် ခွေးတွေထင်ရသော လူနှစ်ယောက်ပါ။ ရပ်ဖွေတွကိုက သူနဲ့ထဲ ရပ်တွေနဲ့။ အမုန်း ခြေလှမ်းတွေ ရပ်တန့်သွားလေတော့ –

"လာလေ အမုန်း"

အမုန်းက ဘာမှ ပြန်မပြောဘဲ မတုန်မလှုပ်နဲ့ မျက်နှာ ပြတ်ထွက်လုမတတ် တင်းမာနေလေလျှင် ဖယောင်းက အမုန်း မျက်





လုံးစိုက်ကြည့်နေသည့်နေရာသို့ လိုက်ကြည့်ပြီး –

"အမုန်း ဘာဖြစ်လို့လဲဟင်"

ဒါလည်း အမုန်းက ပြန်မဖြေ။ ခဏအကြာမှာပဲ ဦးစောနောင် တို့ အမုန်းရှေ့ကိုရောက်လာပြီး အမုန်းကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ

"အဟွန်း ... ဟိုတစ်ခါတုန်းက မင်းအပြေးဦးလို့ လွတ် သွားတာ နမြောဖို့ကောင်းလိုက်တာ။ ဒါပေမဲ့ မင်းတစ်သက်လုံးတော့ ပြေးလို့လွတ်မှာမဟုတ်ပါဘူး။ တစ်ကွေ့မကြုံ တစ်ကွေ့တော့ ကြုံ ကြရဦးမှာပေါ့"

ကားကို နေရာယူပြီးလို့ နောက်ကနေလိုက်လာတဲ့ ဦးဝင်း ထိန် အမုန်းမျက်နှာတင်းနေတာကို မြင်နေရသဖြင့် ဘာဖြစ်ပါလိမ့်လို့ အမြန်ရောက်လာပြီး ရပ်လိုက်တာက ဦးစောနောင်၏နောက်ဘက် မှာ

"ရှင့်မှာ သမီးချင်း ကိုယ်ချင်းစာစိတ် မရှိဘူးလား"

"ဘယ်လို"

"ရှင့်သမီးတွေကို သူများက ရှင့်လို ယုတ်မာမယ်ဆိုရင် ရှင် ဘယ်လိုလုပ်မှာလဲ"

"တိတ်စမ်း"

"သမီး ... သူတို့က ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာ ရှက်စရာပေမယ့် အမုန်းက မဟုတ်တာလုပ်တာ မဟုတ်တဲ့အတွက် ပြောရပါတယ်။ ဒီလူတွေပဲ အန်ကယ်လ် ... ဟိုတစ်ခါ အမုန်းကို ယုတ်မာဖို့ကြိုးစားကြတာ"

ကိုယ့်ကိုနောက်ခိုင်းထားတဲ့လူက အင်္ကျီက ခေါင်းစွပ်ကို ခေါင်းမှာစွပ်ထားသဖြင့် မျက်နှာကို ဦးဝင်းမမြင်ရပေ။

"စိတ်ချ ဦးစောနောင်၊ ရှင် ဝဋ်လည်ဦးမှာ"

"ဟင်"

"မင်းနဲ့သာ အဆင်ပြေမယ်ဆိုရင် ဆယ်ခါပြန် ဝဋ်လည်ချင် လည်ပါစေ"

လက်ဆယ်ချောင်းလုံးထောင်ပြတဲ့မျက်နှာက ပြိတ္တာ အမုန်း ဒေါသကို မထိန်းနိုင်တော့ဘဲ –

"ဦးစောနောင်"

"-----"

"တောက်"

တက်ခေါက်ပြီး အမုန်း လက်တစ်ဖက်မြောက်သွားလေသော်

"ကလေး"

ဦးဝင်းထိန် လျှင်မြန်စွာပဲ ရှေ့တိုးလာပြီး အမုန်းလက်ကို ဖမ်းဆုပ်ထားလိုက်သည်။





"သူ့အလွန်ကနေ ကိုယ့်အလွန်မဖြစ်စေနဲ့ ကလေး"

ပြောပြီး အမုန်းကို နောက်ဆုတ်စေပြီး ဦးဝင်းထိန် ဦးစောနောင်နှင့် မျက်နှာချင်းဆိုင်လိုက်စဉ် –

"ဟင်"

"မင်း ... မင်း ... ဝင်းထိန် မဟုတ်လား"

"စောနောင်"

"သူ သူက မင်းရဲ့သမီးလား"

"------"

"ဆောရီး ... ငါ တောင်းပန်တယ်သူငယ်ချင်း။ မင်းရဲ့ သမီးမှန်း မသိလို့ပါကွာ"

"တောင်းပန်တယ် ဟုတ်လား"

ဦးဝင်းထိန် အံကို တင်းတင်းကြိတ်ပြီး လက်သီးကိုကျစ်ကျစ် ပါအောင် ဆုပ်လိုက်ကာ –

"တောင်းပန်ဦးကွာ"

"ခွပ်"

"ဟာ"

"ခွပ်"

"ဟော့ကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောနောင် ခံလိုက်ရတာနှင့် သူ့လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေလျှင် ဖန် ရောက်လာပြီး ဝင်ပါရတော့၏။ ဖယောင်းက သူ့ကို ဖုန်းဆက်ပြီး ကုမ္ပဏီကအပြန် သူတို့ကိုဝင်ခေါ်ပါဆိုလို့ သူ ဝင်ခေါ်တာလေ။ သူဝင်ခေါ်တော့ အန်ကယ်လ်ဦးဝင်းထိန်က ဝင်ခေါ် တာဦးပြီး အဲဒီကားနောက်ကပဲ ဖန် မောင်းပြီးလိုက်လာခဲ့တာပါ။

ချက်ချင်း သူတို့ကို မမီတာက –

ဒီဆိုင်ထဲကထွက်လာတဲ့ သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ ရပ်စကားပြောနေတာပါ။

"ကဲကွာ"

"ခွပ်"

"ဟော့ကောင်တွေ ရပ်ကြစမ်း"

ကိုယ့်အသားနာတာကိုထားပြီး ဦးစောနောင် သူ့လူတွေကို အော်ပြီးတားလိုက်တာပါ။ ဒါကြောင့် အခြေအနေက ငြိမ်သက်သွားလေ၏။ ဦးဝင်းထိန်က ဦးစောနောင်ကို လက်ညှိုးဖြင့်ငေါက်ငေါက်ထိုး ပြီး . . .

"မင်းလောက်မိုက်တဲ့ကောင် မရှိတော့ဘူး စောနောင်။ အမုန်းက ဘယ်သူ့သမီးလို့ မင်းထင်လဲ"

"_____"





"မင်း ခွေးဖြစ်ချင်လို့လား။ အမုန်းက ဖူးဖူးရဲ့သမီးကွ။ မင်း နီးလို့ အညွန့်ကျိုးသွားတဲ့ဘဝနဲ့ မင်း တာဝန်မယူလို့ သူ့ခမျာ လင် ထောင်မပေါ်ဘဲ မွေးခဲ့ရတဲ့ကလေးက . . . ဟောဒီ အမုန်းမပြုယ်ပဲ"

"ဟင်"

ကိုယ့်မျက်နှာကို အံ့သြဟန်နှင့် ကြည့်လာတဲ့အကြည့်ကို အမုန်း ရဲရဲရင်ဆိုင်ပြီး တုံ့ပြန်ကြည့်လိုက်ပုံက အကြည့်ခံရတဲ့လူ၏ ခန္ဓာကိုယ်တစ်ခုလုံး ပြုတ်ထွက်စေ ပေါက်ထွက်စေဆိုတာမျိုးလား။ ဒီလို လူက အမုန်းရဲ့အဖေတဲ့လား။ ဟုတ်မှာပါ။ ဦးစောနောင်ဆိုတဲ့ အမုန်းရဲ့အဖေဆိုသူကလည်း လူယုတ်မာပဲဥစ္စာ။

မတော်ချင်ဘူး။

ဒီလိုလူမျိုးကို အမုန်း အဖေမတော်ချင်ပါဘူး။ အဖေရှိတာ ထက် မရှိတာက ပိုကောင်းတယ်။ အမုန်း ဒီလိုလူယုတ်မာရဲ့သမီး ဖြစ်ချင်ပါဘူး။

"မွေးသန္ဓေ သေမှပျောက်ဆိုသလို မင်းအကျင့်တွေ အခုထိ ပျောက်သေးပါလား စောနောင်။ မင်း အခုထိ မိုက်လုံးကြီးနေတုန်း သားကွ . . . ဟင်"

"ကျွတ်"

ဦးစောနောင် ခေါင်းကို ခါယမ်းပစ်လိုက်မိသည်။ သူ့က



www.burmeseclassic.com

www.burmeseclassic.com



သူ့သွေးကိုတော့ သိတတ်သူလေ။ ကိုယ်သာ သူများဘဝတွေကို ဖျက်ဆီးခဲ့တာ။ သူ့သမီးတွေကိုကျတော့ သိတတ်လိုက်တာမှ သမီးတွေရဲ့သတင်းကို စုံစမ်းပြီး ယောကျ်ားလေးတွေနဲ့ ပတ်သက်တယ် ကြားတာနဲ့ မပတ်သက်နိုင်အောင် တပည့်တွေ လွှတ်ပြီး ပညာပေးခိုင်းတာလေ။

ဒါပေမဲ့ –

သမီးတွေက သူ့ကို ဂရုမစိုက် အလေးမထားကြပါဘူး။ သူတို့လုပ်ချင်ရာလုပ်ပြီး ကိုယ့်စကားကို နားမထောင်သူတွေ။ ဒါ ဝဋ်လည်ခြင်းတစ်မျိုးဆိုတာကို သူ မတွေးမိခဲ့ပါဘူး။

''မင်းက တစ်ကိုယ်ကောင်းသမား၊ အတ္တသမားပဲ ဧ... နောင်၊ ခါချဉ်အုံထုပ်ကို ဘယ်အထုပ်ကြီးပါလိမ့် မော့ကြည့်ပြီး အကြီးဆုံးအထုပ်ကို ထိုးချခဲ့တာ။ ပြီးတော့ မင်းက လွတ်အောင်ပြေးပြီး ဘယ်ကောင့်ကိုပဲ ဝိုင်းကိုက်ကိုက်ဆိုပြီး သူများကို ချောက်ချခဲ့တာ''

ပြောရင်းကနေ ဦးဝင်းထိန်၏မျက်ဝန်းထဲမှာ အတိတ်... အရိပ်တွေ ပြန်ပေါ်လာလေတော့သည်။ အဲဒီတုန်းက ဖြိုးပိုင်ဦးရယ်၊ ဝင်းထိန်ရယ်၊ စောနောင်ရယ်က အချစ်ဆုံးသူငယ်ချင်းတွေပါ။ ဖြိုး... ဦးနဲ့ဝင်းထိန်က အခုခြံ အခုအိမ်အတိုင်းပဲ ခြံချင်းကပ်တွေလေ။

ဝင်းထိန်က တစ်ဦးတည်းသောသားဆိုတော့ ညီအစ်...





မောင်နှမမွေတ္တာဝတ်နေသူ။ ဒါကြောင့် ဖြိုးပိုင်ဦးကို ညီအစ်ကိုအရင်းဝမှာ ချစ်ပြီး ဖြိုးပိုင်ဦးရဲ့ညီမ မျိုးခိုင်ဖူးကိုလည်း ကိုယ့်ညီမလေးအရင်းလိုချစ်ခဲ့သည်။

ဒါကြောင့် အစစအရာရာ အလိုလိုက်ခဲ့ပြီး . . .

ကိုယ်က သူတို့အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နေသလို ဖူးဖူးကလည်း ကိုယ့်အိမ်ကို လာတတ်သည်လေ။

❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဝင်းထိန်၏မိဘတွေမှာ သားလေးတစ်ယောက်တည်း မွေးထားတာမို့ ဖူးဖူးကို သမီးလေးအရင်းလို ချစ်ရှာကြသည်။ ပြီးတော့ မအေမုဆိုးမနဲ့ နေကြရသူတွေမို့ ဖတဆိုးလေးဆိုပြီး ကရုဏာပိုခဲ့ကြသည်လေ။ ဖူးဖူးကလည်း လိမ္မာသည်၊ ဝင်းထိန်းရဲ့မိဘတွေကို ချွဲကာနွဲ့ကာနှင့်ပေါ့။

ဒါကြောင့် –

ဖူးဖူးလေးအရွယ်ရောက်လာတဲ့အခါ သူတို့သားနဲ့ လက်ထပ်ပေးမယ်လို့လည်း ရည်ရွယ်ခဲ့ကြသည်လေ။

''ဒီနေ့အိမ်မှာ ဖူးဖူးကိုယ်တိုင် မီးဖိုချောင်ဝင်ပြီး ချက်တာ





ဒေါ်ဒေါ်ရဲ့။ အဲဒါကြောင့် ဖူးဖူးလက်ရာကောင်းလား မကောင်းလား ဒေါ်ဒေါ်မြည်းရအောင် ဟင်းတွေလာပို့တာ၊ မြည်းကြည့်ပါဦး ဒေါ်ဒေါ်ရဲ့''

ပြောပြီး ဖူးဖူးက မေမေ့ရှေ့မှာ ချိုင့်လှယ်ပြီး ဟင်းပန်းကန်တွေ ချပေးတော့ မေမေက တစ်မျိုးချင်းလိုက်မြည်းကြည့်ကာ –

''အင်း . . . သမီးလေးက တော်လိုက်တာ၊ ဟင်းနံ့ရကတည်းက မွှေးနေတာပဲ။ အခု စားကြည့်လိုက်တော့ လျှာလည်သွားပြီဟေ့သား။ မင်းညီမလက်ရာကို မြည်းကြည့်ပါဦး သားရဲ့''

မိခင်ပြောလို့ ဝင်းထိန်လည်း ဟင်းတွေမြည်းကြည့်ပြီး တမင်ရှက်နှာကို ရှုံ့မဲ့ပြလေလျှင် –

''ဟင် ကိုကြီးထိန် . . . ဘာဖြစ်လို့လဲ။ ဟင်းက မကောင်းဘူးလားဟင်၊ ဒေါ်ဒေါ်ကတော့ ကောင်းတယ်လို့ ပြောတာကို။ ဖူးဖူးလည်း သေသေချာချာ ချက်ထားတာကို''

''မေမေ့ပါးစပ်ထဲမှာ ကောင်းပေမယ့် ငါ့ပါးစပ်ထဲမှာ ကောင်းဘူး''

''ကိုကြီးထိန်နော်''

''နောက်နေ့လည်း ပို့ပေးဦး''

''ကြည့်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



စမုန်းသိသွားပြီး လိုက်ထုလေတော့ ဝင်းထိန်က ပြေးလေတော့သည်။ အဲဒီလို မောင်နှမအရင်းတွေလို နေလာကြပေမယ့် ကံဆိုးချင်လာတော့ တစ်နေ့မှာ ဖြိုးပိုင်ဦး အိမ်ကိုရောက်လာပြီး –

"ဝင်းထိန်"

"–––––"

"ဟော့ကောင် ဝင်းထိန် မင်းထွက်ခဲ့စမ်း"

"ဟင်"

ဖြိုးပိုင်ဦးရဲ့ဒေါသတကြီး အော်ခေါ်သံကိုကြားရပြီး ကိုဦး ဘာများ ဖြစ်ပါလိမ့်လို့ ဘုမသိဘမသိနှင့် ဝင်းထိန် ထွက်လာခဲ့ရာ–

"ဝင်းထိန်"

"––––"

"မင်းထွက်ခဲ့နော်"

"ကိုဦး မင်း ဘာဖြစ်လာတာလဲ"

ဝင်းထိန်းက ဘာမှမသိရှာသူမို့ ကိုဦးရှေ့ရောက်စဉ်မှာပဲ ကိုဦးက သူ့ကို ရူးရူးရဲရဲ ကြည့်ကာ –

"ဘာဖြစ်လို့လဲ ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းမျက်နှာက ဒေါသကြီးနေတဲ့ပုံပဲ ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ"





"လူယုတ်မာ"

"ဟာ"

"ကဲကွာ"

"ခွပ်"

"အ"

"ခွပ်"

"ကိုကြီး . . . ကိုကြီး . . . မလုပ်ပါနဲ့"

ဖူးဖူးက သူ့အစ်ကိုအော်ပြောပြီး နောက်ကနေ ခါးကိုဖက် ထားသလို ဝင်းထိန်ရဲ့မိဘတွေလည်းရောက်လာကြကာ –

"ဟဲ့ ဟဲ့ . . . ဘာဖြစ်ကြတာလဲ၊ အချင်းချင်းတွေ မလုပ်ရဘူးလေ"

"ဝင်းထိန် လူယုတ်မာ။ မင်းက ငါ့ရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့ကောင်"

"ကိုဦး မင်း ဘာတွေပြောနေတာလဲ။ ငါက ဘာယုတ်မာလို့လဲ၊ ငါ့ကို နားလည်အောင် ရှင်းပြစမ်းပါ"

"ရှင်းပြရမယ် ဟုတ်လား"

"ကိုကြီး"

ဖြိုးပိုင်ဦးက ဝင်းထိန်ကို နောက်ထပ်လက်သီးနှင့်ထိုးဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်လေလျှင် ဖူးဖူးက ဝင်းထိန်ရှေ့မှာရပ်ပြီး ကာလိုက်ကာ –

"မလုပ်ပါနဲ့ ကိုကြီးရယ်၊ ဒီကိစ္စ ကိုကြီးထိန်နဲ့ ဘာမှမဆိုင်ပါဘူး။ ကိုကြီးသတ်ချင်ရင် ညီမလေးကိုပဲ သတ်လိုက်ပါ"

"ဘာ ... ဖူးဖူး"

"ညီမလေး ညီမလေး တကယ့်လူယုတ်မာအစစ်ကို ပြောပြပါ့မယ် ကိုကြီးရယ်"

ဖူးဖူး တသိမ့်သိမ့် ရှိုက်ငိုပြီးနောက် –

"တကယ့်လူယုတ်မာအစစ်က"

"___"

"စောနောင်ပါ"

"ဘာ"

"ဟင်"

"ခုမှတော့ ညီမလေး မရှက်တော့ပါဘူး၊ ပြောပြပါ့မယ် ကိုကြီးရယ်။ မေမေ့မွေးနေ့တုန်းက ကိုကြီး မေမေ့ကို ဘုရားလိုက်ပို့တဲ့နေ့ကို ကိုကြီး မှတ်မိမှာပါ။ အဲဒီနေ့ကပေါ့"

ဖူးဖူးက သူမ ကြုံတွေ့ခဲ့ရသမျှအားလုံးကို ဖွင့်ပြောလေတော့သည်။ အဲဒီနေ့က ဖူးဖူးတစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့တုန်း စောနောင်ရောက်လာသည်တဲ့လေ။





အစကတည်းက စောနောင်ကိုလည်း ဖူးဖူးက ကိုယ့်အစ်ကိုရဲ့သူငယ်ချင်းဆိုပြီး အစ်ကိုရင်းတစ်ယောက်လိုပဲ သဘောထားခဲ့တာပါ။

ဒါကြောင့် ... သူ့အစ်ကိုနဲ့မေမေမရှိကြောင်းကို ပြောပြပြီး...

"ကိုကြီးက မေမေ့ကို ဘုရားလိုက်ပို့တယ် ကိုကြီးစောရဲ့။ မေမွေးနေ့လေ။ ဪ ... ကိုကြီးထိန်တော့ အိမ်မှာရှိတယ်၊ အဲဒီကို သွားလိုက်ပါလား"

"နင်က ငါ့ကို နှင်နေတာလား ဖူးဖူး"

"ဟို ... မဟုတ်ပါဘူး ကိုကြီးစောရဲ့။ အိမ်မှာက ကိုကြီးမရှိတော့ အဆင်မပြေဘူးလားလို့ပါ။ ကိုကြီးဆီကို လာတာပဲမို့လား"

"ဟုတ်တယ်လေ၊ သူ မရှိဘူးဆိုတော့ ဝင်းထိန်ဆီကိုသွားမှာပါ။ ဒါပေမဲ့ ... ဒီမှာခဏနေချင်သေးလို့"

"ဪ ... အဲဒါဆို ခဏနေ၊ ဖူးဖူး တစ်ခုခုစီစဉ်ပေးမယ်။ အပူသောက်မလား၊ အအေးသောက်မလား"

"ရတယ် နင်လုပ်ချင်တာသာလုပ်ပေး"

"ဟုတ်"

ဖူးဖူး သူ့ကိုထားခဲ့ပြီး မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပူလုပ်ပေးရကောင်းမလား အအေးလုပ်ပေးရ ကောင်းမလား စဉ်းစားနေစဉ်မှာပဲ ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ –

"ဟင်"

ဖူးဖူးဆီသို့ သူက လျှောက်လာလေလျှင် –

"ဘာလဲဟင် ကိုကြီးစော"

သူက ခေါင်းသာခါပြီး ဖူးဖူးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"ဖူးဖူးက အရမ်းချစ်ဖို့ကောင်းတာပဲ"

"အို"

"မင်းလေးကို ကိုကြီးအရမ်းချစ်တယ်"

ပြောပြီး ဖူးဖူးကိုယ်လေးကို အတင်းဖက်၍သာ၊ ထိုနေရာ တင်သာ စကားကို ဖြတ်၍ ဖူးဖူး ဆက်မပြောတော့ပါဘူး။ အကြောင်းစုံ ကြားရတော့ ကိုဦး ဒေါသတွေထွက်ပြီး စောနောင်ကို သွားသတ်မယ် တကဲကဲနှင့်မို့ ဝင်းထိန်က အတင်းတားပြီး နားချရသည်သာ။

နောက်တော့ ...

ဝင်းထိန်က စောနောင်နဲ့သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြတော့ သူ မဟုတ်ဘူး တာဝန်မယူနိုင်ဘူးဆိုပြီး ဖူးဖူးကို ပြော လိုက်တဲ့ စကားတွေက အစ်ကိုရင်းဖြစ်တဲ့ ကိုဦးမပြောနှင့် ဝင်းထိန်





တောင် ဒေါသထွက်လွန်းလို့ စောနောင်နှင့် ထိုးကြကြိတ်ကြဖြစ်ခဲ့သည်လေ။

ကိုဦးသာပါလာရင် လူသတ်ပွဲပဲပေါ့။

အဲဒီနေ့ကစပြီး စောနောင် ခရီးထွက်သွားသည်တဲ့။ ဘယ်ကို ထွက်သွားလဲဆိုတာ သတင်းအစအနတောင် မရတော့ပါဘူး။ တစ်နှစ်လောက်ကြာတော့မှ –

"ဟာ ... ဟော့ကောင် ဝင်းထိန်"

ဝင်းထိန် မေမေ့ကို ဆေးခန်းပြပြီးလို့ ဆေးခန်းထဲမှ ပြန်အထွက် ရှေ့တနေ ခေါ်လိုက်သူကို ကြည့်လိုက်တော့ စောနောင်ပါ။ သူ့ဘေးမှာလည်း အမျိုးသမီးတစ်ယောက်နဲ့။ မျက်နှာက တင်းခန့်ဖြစ်သွားသည်လေ။

"မင်း ဘာလာလုပ်တာလဲ၊ ဒေါ်ဒေါ်ကို ဆေးခန်းလာပြတာလား"

ဝင်းထိန် မေမေ့မျက်နှာကိုကြည့်လိုက်တော့ မေမေ့မျက်နှာလည်း တင်းနေသည်သာ။

"ဪ ... ဒါနဲ့ မင်းကို မိတ်ဆက်ပေးဦးမယ်။ ဒါ ငါ့အမျိုးသမီးကွ။ လက်ထပ်ပြီးတာ တစ်ပတ်ပဲရှိသေးတယ်လေ"

"သွား ... မေမေတို့သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဆွဲခေါ်သလို ဝင်းထိန်လည်း စောနောင်ကို ဖျံ့ချင်းတိုက်လုမတတ်နှင့် ထွက်လာခဲ့သည်။ အိမ်ထောင်ကျပြီဆိုမှတော့ ဘာပြောစရာရှိဦးမှာလဲ။ တာဝန်မယူနိုင်ဘူးလို့ ပြောခဲ့ပြီးမှတော့ ရှေ့ဆက်စရာအကြောင်းမှ မရှိတော့တာ။

❋



## အခန်း (၂၆)

"မင်းက ဖခင်စိတ်မရှိလို့ တာဝန်မယူခဲ့ပေမယ့် ဖူးဖူးက မိခင်စိတ်အပြည့်နဲ့ အမုန်းကို မွေးခဲ့တာ။ သူတို့တွေ မင်းကို ဘယ်လောက်မုန်းသလဲဆိုရင် ကလေးရဲ့နာမည်ကိုတောင် အမုန်းမပြယ်လို့ ပေးခဲ့ကြတာလေ။ မင်းကို မုန်းတဲ့အမုန်းတွေ သူတို့ရင်ထဲမှာ ဘယ်တော့မှ ပျက်ပြယ်သွားမှာမဟုတ်ဘူး"

ဦးစောနောင် ကြက်ကြီး လည်လိမ်ထားသလို ခေါင်းငိုက်စိုက်ချသွားလေတော့သည်။ မင်း ဘာလုပ်မလဲ စောနောင်၊ ခုတော့ ကိုယ့်သမီးအရင်းခေါက်ခေါက်ကိုတောင် မျက်နှာမကြည့်ရဲတဲ့အဖြစ်ပေါ့ သား။ ကိုယ့်သမီးကို ကိုယ်ပြန်ပြီး မတော်မတရားပြုဖို့ ကြံတဲ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



လူကြားလို့မှမကောင်း။

တော်သေးတာပေါ့၊ သူ ကြံစည်တာမအောင်မြင်လို့၊ အောင်မြင်ခဲ့ရင် လူစင်စစ်က မစင်စားရမယ့်ကိန်းပါပဲ။

''စောနောင်''

''_____''

''မင်း ကိုယ့်သမီးမျက်နှာကိုတောင် ရဲရဲမကြည့်ရဲတော့ဘူး မို့လား။ ဘယ်ကြည့်ရဲမှာလဲ၊ မင်းက ခွေးစိတ်မွေးခဲ့တဲ့ကောင်ကိုး ကြည့်စမ်းပါဦး . . . မင်းသမီးမျက်နှာကို မင်းကြည့်လိုက်စမ်းပါ''

ဦးစောနောင် ခေါင်းကို ဖြည်းဖြည်းချင်းမော့၍ အမုန်းမျက်နှာကို ကြည့်လိုက်သည်။ အမုန်းက အောက်နှုတ်ခမ်းကို ဖိကိုက်ထားသော ပြုတ်ထွက်လုမတတ်ပါပဲ။

''မအေက မုန်းလွန်းလို့၊ ကလေးကလည်း မင်းလိုအဖေမျိုး ကို အမုန်းလွန်ပြီး သားအဖအရင်းခေါက်ခေါက်တွေ့တာတောင် ခွေး က စကားမပြောတော့ဘူးလေ။ ဝမ်းနည်းဖို့ကောင်းလိုက်တာ။ မင်းက ရော မင်းခန္ဓာကိုယ်ထဲမှာ ခွေးဆိုးခွေးညစ်တွေပဲ ရှိနေတော့ ဘယ် စကားပြောပါတော့မလဲ''

''ငါ ငါမှားပါတယ် ငါ တောင်းပန်ပါတယ်''

အမုန်း နှုတ်ခမ်းလေး မဲ့သွားလေသည်။ မှားပါတယ်





တောင်းပန်ပါတယ်ဆိုတာနဲ့ပဲ ခွင့်လွှတ်လိုက်ရတော့မှာလား။ ခွင့် လွှတ်လို့ အမုန်း မြေမျိုခံရပြီး အဝီစိကျမယ်ဆိုလည်း ကျပါစေ တော့။ အမုန်း ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ပေ။

''ခင်ဗျားလို ယုတ်မာတဲ့လူမျိုးကို သတ်ပစ်ဖို့တောင် ကောင်း တယ်သိလား။ ဥပဒေသာမရှိရင် ခင်ဗျား သေတာကြာပြီ''

ဒီတစ်ခါဝင်ပြောသူက ဖန့်ပါ။ ဦးစောနောင်က ဘယ်သူ ပြောတာကိုမှ ဂရုမစိုက်တော့ဘဲ အမုန်းမျက်နှာကိုသာ ကြည့်၍ နှုတ်ခမ်းက လှုပ်လာလေလျှင် –

''ဘာလဲ သမီးလို့ခေါ်မလို့လား။ မခေါ်နဲ့၊ ရှင် ကျွန်မကို ဘယ်တော့မှ သမီးလို့မခေါ်နဲ့ ဦးစောနောင်။ အမုန်းမပြယ်မှာ အဖေ ဆိုတာမရှိဘူး။ ကျွန်မအတွက် အဖေမလိုဘူး။ အရင်က အဖေမရှိလို့ ဝမ်းမနည်းသလို အဖေရှိလာလို့လည်း ကျွန်မ ဝမ်းသာမှာမဟုတ်ဘူး''

ဦးစောင်နောင်၏ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားလေ သည်။ ကိုယ့်မှာ ပြောစရာစကား မရှိတော့ပါလား။

''ဒီလိုဝဋ်လည်ပုံမျိုးကို ရှင်သဘောမှ ကျရဲ့လား။ ရှင့်ကို အစကတည်းက ကျွန်မအရမ်းမုန်းခဲ့တဲ့ ဦးစောနောင်မှန်းသာသိခဲ့ရင် ဒီတစ်ခါတုန်း ကျွန်မထွက်မပြေးခဲ့ပါဘူး။ အဲဒါမှ ပွဲကြည့်လို့ကောင်း မှာ။ ရှင်နဲ့ကျွန်မ ခွေးစာခွက်နဲ့ထည့်ပြီး ထမင်းရည်အတူတူသောက်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလေ။ အဲဒါမှ ရှင့်ရဲ့နောင်တနဲ့ ကျရှုံးခန်းကို ကျွန်မ ပြုံးပြုံးကြီး ကြည့်ပြီး လက်စားချေလို့ရမှာ''

''တော် . . . တော်တော့ မပြောနဲ့''

''ဘာလဲ အခုမှ မကြားရဲတော့ဘူးလား။ လုပ်ရဲရင် ခံရဲတဲ့ သတ္တိ ရှိရမယ်''

''မပြောနဲ့မကြားချင်ဘူး''

ဦးစောနောင် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကာ အော်ဟစ် တော့၏။ ခုတော့ မကြားရဲတော့ဘူးလား။ အမုန်း ဆုတောင်းလိုက်ဦး ဦးမယ်။ နောက်ကို ဒီလူကြီး ဒီထက်များများပိုပြီး ဝဋ်လည်ပါစေ ပေါ့။

''ကျွန်မ နောက်ဆုံးတစ်ခုပြောခဲ့မယ် ကိုစောနောင်။ မှန် ရှင့်အမေကိုပြောခဲ့သလိုပဲပေါ့။ ကျွန်မကို ရှင့်သမီးအဖြစ် ဘယ်တော့မှ မသတ်မှတ်ပါနဲ့။ ကျွန်မမှာလည်း ကျွန်မတစ်သက် ဘယ်တော့မှ အဖေဆိုတာ မရှိဘူး''

ပြောပြီး အမုန်း ချာခနဲလှည့်ထွက်သွားလေလျှင် –

''အမုန်း''

''_____''

''အမုန်း''





ဦးဝင်းထိန်နှင့် ဖယောင်းက ရပ်ကျန်ခဲ့ဆဲရှိပေမယ့် ဖန်က အမုန်းနောက်သို့ ပြေးလိုက်သွားကာ –

''အမုန်း''

''____''

အမုန်းများ ငိုနေမလားလို့ မျက်နှာကိုကြည့်လိုက်တော့ အမုန်းမျက်ဝန်းဆီမှာ မျက်ရည်တစ်စက်မှမရှိပေ။ မျက်ရည်အစား မျက်လုံးက မီးကွင်းများပမာ ရှိနေသည်သာ။

''လာ . . . ကိုယ့်ကားပေါ်ကိုတက်၊ ကိုယ် ပြန်ပို့ပေးမယ်''

အမုန်း မငြင်းတော့ဘဲ သူ့နောက်သို့လိုက်ကာ သူ့ကားပေါ်သို့ တက်လိုက်သည်။ အဖေတဲ့။ စိတ်နဲ့ခေါ်ကြည့်တာတောင် လျှာဖျားမှာ အရသာမရှိတာ အမုန်းအတွက်ပါ။

''အမုန်း''

''_______''

''မင်း အရမ်းခံစားနေရလားဟင်''

''______''

''မျှဝေခံစားပေးလို့ရတဲ့အရာဆိုရင် ကိုယ် မျှဝေပြီး ခံစား ပေးချင်ပါတယ်''

အမုန်း သူ့မျက်နှာကို ခပ်ငေးငေးလေးကြည့်လိုက်မိ၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို ယုံပါတယ်။ ဖန်နေမင်းဆိုတာ စကားကို သူများကြား ကောင်းအောင် အပိုပြောတတ်သူမှ မဟုတ်ဘဲလေ။ သူ မှန်တယ် ထင်ရင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ တိကျပြတ်သားသူ။ ဒီလိုလူမျိုးက အမုန်းကို ချစ်တယ်လို့ ပြောခဲ့တာ အမုန်းကံကောင်းပါတယ်။

ဒါပေမဲ့ ...

အမုန်းဘက်က ပြန်ချစ်ခွင့်မရှိတာတော့ ကံဆိုးခြင်းပဲပေါ့ လေ။ ဒီလိုယောက်ျားမျိုးနဲ့တော့ လက်တွဲခွင့်ရချင်ပါတယ်။ အဲဒီအခွင့် အရေးမျိုး အမုန်းမှာမရှိပါဘူး။ အချစ်ကို အယုံအကြည်မရှိတဲ့အမုန်း ယုံကြည်သွားတာမဟုတ်ပေမယ့် ခံစားတတ်လာသည်ပဲလေ။

မာနကြီးတဲ့မိန်းမမှာလည်း နှလုံးသားနဲ့ပဲမို့ ရှင့်ကိုကျွန်မ ချစ်မိနေပြီထင်ပါရဲ့ ဖန်နေမင်းရယ်။

"အမုန်း"

ဖန် ကားကိုရပ်ပြီး အမုန်းလက်ကို ဆုပ်ကိုင်လိုက်ကာ–

"ရင်ထဲမှာ ပေါ့သွားအောင် ငိုချင် ငိုချလိုက်ပါလား အမုန်း ရယ်"

အမုန်း ခေါင်းခါလိုက်ပြီး –

"မငိုဘူး၊ ကျွန်မ ဘယ်တော့မှမငိုဘူး"

"မင်းပင်ပန်းမှာစိုးလို့ ကိုယ်ကပြောတာပါ။ ရင်ထဲမှာ ဘာလို့





မြိုသိပ်ပြီး ခံစားနေရမှာလဲ။ ကြာရှည်ခံစားဖို့အထိ မတန်ဘူးလေ။ ငိုလိုက်ရင် ရင်ထဲမှာ ပေါ့သွားမှာပေါ့"

တစ်ယောက်မျက်နှာကိုတစ်ယောက်စိုက်ကြည့်မိလိုက်ကြ၏။ အမုန်း သူပြောသလိုပဲ ငိုလိုက်ရမှာလား။ ဒီလိုအဖေမျိုးရဲ့သမီးမှ ဖြစ်ရလေခြင်းလို့ ဝမ်းနည်းပက်လက်နှင့်လေ။

"ကျွန်မ ကျွန်မ သူနဲ့ ဘာသွေးသားမှ မတော်စပ်ချင်ဘူး"

"အခု မတော်စပ်လို့မရ ဖြစ်နေတာ မဟုတ်လား"

အမုန်း ဘာမှမပြောတော့ဘဲ တစ်ဖက်သို့ လှည့်လိုက်စဉ်မှာ မြင်လိုက်ရသည့်မြင်ကွင်းသည် သူမရင်ကို ဆို့နစ်သွားစေ၏။ ခရေပန်း တွေ လက်မှာကိုင်လို့ ကလေးကို ပခုံးပေါ်သို့တင်ထားတဲ့ လူတစ် ယောက်ပါ။ အမုန်း ကြည့်နေတဲ့နေရာကို ဖန်ပါလိုက်ကြည့်ပြီး သဘောပေါက်သွားကာ –

"ဖြောင်း ဖြောင်း"

ဖန် လက်ခုပ်တီးလို့ ခရေပန်းသည်က လှည့်ကြည့်လေလျှင် လက်ယပ်လှမ်းခေါ်လိုက်၏။ ပန်းသည်ကလည်း အပြေးတစ်ပိုင်းနှင့် ရောက်လာကာ –

"ပန်းယူမလို့လား ညီလေး"

"ဟုတ်တယ်၊ အဲဒီပန်းတွေ အကုန် ဘယ်လောက်ဖိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ထောင့်နှစ်ရာဖိုးရှိတယ် ညီလေး။ ညီလေး အကုန်ယူမယ်ဆိုရင်တော့ နှစ်ထောင်ပဲပေးပါ"

ခေါင်းညိတ်ပြီး ဖန် ပိုက်ဆံနှစ်ထောင်ကိုထုတ်ပေးကာ ဖန်တွေကို ယူလိုက်သည်တွင် –

"ကျေးဇူးတင်ပါတယ် ညီလေးရယ်၊ အစ်ကိုက ဒီပန်းတွေ မြန်မြန်ကုန်ချင်နေတာကွ။ ပန်းတွေကုန်တာနဲ့ အခြားအလုပ်တွေ ပြေးလုပ်ရဦးမှာ"

"အစ်ကိုက ဘာအလုပ်တွေလုပ်တာလဲဗျာ"

"ဒီလိုပဲပေါ့ ငါ့ညီရာ။ ရပ်ကွက်ထဲက အိမ်တွေမှာ သူတို့ခိုင်းစရာ တောက်တိုမယ်ရလုပ်ရတာပေါ့။ ပြီးတော့ သူတို့ စေတနာရှိလို့ ကျွေးတာစားပြီး ပေးသလောက်ပဲ ယူတာပါ။ အခြားနေ့တွေအလုပ်တွေလုပ်ဖို့ကျတော့ သမီးလေးက ငယ်သေးတော့ ထားခဲ့လို့မရဘူးလေ။ သမီးလေးကို သွားလေရာခေါ်သွားလို့ရတဲ့အလုပ်ပဲ လုပ်ရတာပေါ့။ အလုပ်လုပ်ရတာ ဘယ်လောက်ပဲ မောမော သမီးလေးမျက်နှာမြင်နေရတော့ စိတ်ချမ်းသာတယ်ကွာ"

"ဪ"

ဖန် ကလေးမျက်နှာလေးကိုကြည့်မိလိုက်တော့ ကလေးက ချစ်စရာလေးပါ။





"အစ်ကို ခဏလေးနော်"

ပြောပြီး ဖန် ငါးထောင်တန်တစ်ရွက်ကို ထပ်ထုတ်လိုက်ပြီး

"ကလေးက ချစ်စရာလေးနော်။ ကျွန်တော် ကလေးအတွက် မုန့်ဖိုးထပ်ပေးတာပါ၊ ယူပါ"

ဖန့်လက်ထဲက ငါးထောင်တန်ကို ပန်းသည်က တော်တော်နှင့် မယူပေ။ ဖန်က နောက်ထပ် ယူပါလို့ပြောမှယူဖြစ်ပြီး –

"ကျေးဇူးတင်ပါတယ်လို့ပဲ ထပ်ပြီးပြောပါရစေ ညီလေးရာ။ ညီလေးပေးတဲ့ပိုက်ဆံကို အစ်ကို အလဟဿ သုံးမပစ်ပါဘူး။ အစ်ကိုက သမီးလေးကို ကျောင်းထားဖို့အတွက် ပိုက်ဆံကြိုစုနေတာလေ။ အစ်ကို ဒီပိုက်ဆံကို စုဘူးထဲပဲ ထည့်မှာပါ"

"ကောင်းပါတယ်"

"ဒါဆို အစ်ကို့ကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

ဪ . . . သူများအဖေတွေများ သမီးလေးကို ကျောင်းထားဖို့ ပိုက်ဆံကြိုစုနေတာတဲ့။ ကိုယ့်အဖေဆိုတဲ့လူကျတော့ အသွေးနှင့်အသားလူ တက်နေတဲ့သမီးဘဝကို အညွှန့်ချိုးဖို့ ကြိုးစားခဲ့သူ။ အဖေ့ဘဝက ဆုတောင်းများမှားခဲ့လေရော့သလား။ စိတ်ချပါ ဦးအောင်။ ရှင့်ကို ကျွန်မ ဘယ်တော့မှ အဖေလို့မခေါ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖန် လှည့်ကြည့်လိုက်တော့ အမုန်းရဲ့ပါးပြင်ပေါ်မှာ မျက်ရည်စတွေနှင့်ပါ။

"အမုန်း"

"-----"

"ကိုယ် မင်းကို အရမ်းချစ်တယ်။ အမုန်းအတွက် လိုအပ်မယ်ဆိုရင် ဘာမဆို ပေးဆပ်ချင်တယ်။ ကိုယ် သူများတွေလို အချိုစကားမပြောတတ်တော့ ကိုယ့်စကားလုံးတွေက လှချင်မှလှမှာပါပေမဲ့ မင်းဘဝရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးချင်တယ်။ ကိုယ့်ရင်ခွင်က မင်းအတွက် အနွေးထွေးဆုံးကမ္ဘာဖြစ်ခွင့်ရချင်တယ် အမုန်း"

အမုန်း မျက်ရည်တွေကြားမှ သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။

"မငိုနဲ့တော့နော်"

သူက မျက်ရည်တွေသုတ်ပေးလေတော့ -

"အမုန်း ဖယောင်းအပေါ်မှာ သစ္စာမဖောက်ပါရစေနဲ့ဖန်ရယ်"

"သစ္စာဖောက်တယ်ဆိုရအောင် အမုန်းက ကိုယ့်အချစ်ကို သူ့ဆီကနေ လုယူတာမှမဟုတ်ဘဲ အမုန်းရဲ့။ ကိုယ် သူ့ကိုမချစ်ဘူး"





"-----"

"ကိုယ်က ကိုယ့်အချစ်ကို အမုန်းဆီပေးလို့ အမုန်းက ယူတာ အမုန်းမှာအပြစ်မရှိပါဘူး"

"ဖန်ရယ်"

အမုန်း မာနဆိုတဲ့အရာကို ခွာချလိုက်မိတာနှင့် စိတ်လွတ်ပြီး ဖန့်ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိသည်။ အချစ်ဆိုတဲ့အရာက မာနကို အရည်ဖျော်ပစ်လိုက်သတဲ့လားလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဖအေနဲ့သမီးကြားမှာ သွေးက စကားမပြောဘဲနှင့် အဘွား နှင့်မြေးကြားမှာတော့ သွေးက စကားပြောခဲ့သည်လေ။ အမုန်း ဦးဖေ နောင်ကို ဘယ်လောက်ပဲမုန်းမုန်း အဘွားဒေါ်ကျင်ခကိုတော့ ပစ်မထား နိုင်တာကြောင့် ရောက်လာခဲ့ပြန်ပါပြီ။ လာခဲ့တာ အမုန်းရယ်၊ ဖယောင်း ရယ်၊ ဖန်နေမင်းရယ်ပေါ့။

ဖယောင်းက အဖြစ်မှန်တွေကို အဘွားဒေါ်ကျင်ခအား ပြော ပြလေတော့ –

''ဒါ . . . ဒါဆို . . . အမုန်းက အဘွားရဲ့မြေးလေးပေါ့ ဟုတ်လား''





''ဟုတ်တယ် အဘွား၊ အမုန်းက အဘွားရဲ့သား တာဝန် မယူလို့ အဘွားမြေးဖြစ်ခွင့်မရတဲ့သူပါ''

''အို . . . သူ့အသိအမှတ်မပြုလည်း အဘွားကတော့ အသိအမှတ်ပြုတယ်။ အမုန်းကမှ အဘွားအပေါ်သိတတ် လိမ္မာတဲ့ မြေး . . . မြေးလေး''

''အဘွား''

''အမယ်လေး မြေးလေးရယ်''

ဒေါ်ကျင်ခ မြေးဖြစ်သူကို ဖက်ပြီး ငိုပါလေတော့သည်။ သူ့မှာလည်း သားက ဥပေက္ခာပြု၊ ချွေးမက မကြည်၊ မြေးတွေက အော်လိုက် ဝေါက်လိုက်နှင့် အထီးကျန်တဲ့ဘဝမှာ ခင်တွယ်စရာ သွေးမျိုးဆိုတာ မရှိခဲ့ဘူးလေ။ အခု ကိုယ့်အပေါ် ဂရုစိုက်နေတဲ့ အမုန်းက ကိုယ့်မြေးအရင်းခေါက်ခေါက်တဲ့။

ဝမ်းလည်းသာ ဝမ်းလည်းနည်းမိပါသည်။ ဝမ်းသာတာက လိမ္မာတဲ့ကလေးက ကိုယ့်မြေးလေးဖြစ်နေလို့ပဲပေါ့။ ဝမ်းနည်းတာက တော့ ဒီကလေးကို သူ့အဖေက အသိအမှတ်မပြုခဲ့လို့ တွေ့နေတာ တောင် ဘွားအေမှန်း မြေးမှန်း မသိရတဲ့အဖြစ်လေ။

''မြေးလေး''

ဒေါ်ကျင်ခ မြေးရဲ့မျက်နှာလေးကို လက်ဝါးနှစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ယူပြီး –

''နောက်ကိုလည်း ဘွားဆီ မကြာခဏလာခဲ့နော် မြေး ဘွား ဒီလိုပြောတာ ဘွားလေ မြေးဆီကနေ ဘာကိုမှ မျှော်လင့်လို့ မဟုတ်ပါဘူးကွယ်။ မြေးကို ဘွားက မေတ္တာတွေပေးမယ်၊ မြေးက လည်း ဘွားကို မေတ္တာတွေပြန်ပေး။ ဘွားလိုချင်တာ အဲဒါပါပဲ မြေး ရယ်''

''စိတ်ချပါ ဘွားရယ်၊ မြေး ဘွားဆီကိုလာမှာပါ။ ဘွား မငိုနဲ့တော့နော်''

ခေါင်းညိတ်ပြီး ဒေါ်ကျင်ခ မျက်ရည်တွေကိုသုတ်လိုက် ကာ–

''မြေး''

''ရှင်''

''မြေးရဲ့မေမေကိုလည်း ပြောပေးနော်။ သူ့ အသိအမှတ် မပြုပေမယ့် အဘွားက အဘွားရဲ့ချွေးမအဖြစ် အသိအမှတ်ပြုပါ တယ်လို့''

''ဟုတ်ကဲ့ပါ ဘွား''

''ပြီးတော့လေ အဘွားမှာ အဘွားပိုင်တဲ့ ဒီအိမ်နဲ့ဒီခြံလေး ရှိပါသေးတယ်။ အဘွား ထိုက်တန်တဲ့မြေးကိုပဲ ပေးမယ်။ မြေးလေး





နာမည်နဲ့ အဘွား လွှဲပေးမယ်နော် မြေး''

အမုန်း အဘွားရဲ့လက်ကို ဆုပ်ကိုင်လိုက်ပြီး –

''မပေးပါနဲ့၊ အမုန်းမယူပါဘူး အဘွားရယ်။ အမုန်းက လူငယ်လေ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါသေးတယ်။ အဘွားက အသက်ကြီးနေပြီ အဘွားရဲ့။ အဘွားအတွက်''

''တော်တော့ မြေး၊ အဘွားက အဘွားမြေးကိုပဲ ပေးချင် တာ။ အဘွားမလုပ်နိုင် မကိုင်နိုင်နဲ့ နာတာရှည်ဖြစ်နေရင်သာ လာ ကြည့်မယ့်သူ မရှိမှာ။ အဘွားသေရင်တော့ သူတို့ကလာပြီး ဒါတွေကို ရောင်းယူမှာ အဘွား သိတယ်''

အဘွားရဲ့အသံက တဖြည်းဖြည်းနှင့် မာနသံပေါက်လာလေ သည်။ ဟုတ်တယ်လေ။ နှင်းပြည့်စုံပြောတဲ့စကားက ဒေါ်ကျင်ခနားထဲ ကနေ အခုထိ မထွက်သေးပါဘူး။ ဘာတဲ့၊ ဒီလောက် အသက်ကြီးနေ တာ ဘယ်သူ့တွေကို သိုမှီးဖို့တွယ်နေစရာလိုလဲ။ ကိုနောင့် အမေကို ဘိုးဘွားရိပ်သာပို့လိုက်တော့တဲ့။

ပြီးတော့ . . .

ရော့ . . . ဒီပိုက်ဆံကိုယူသွား၊ နောက် ဒီအိမ်ကို ဘယ်တော့မှ ထပ်မလာနဲ့ဆိုတာတွေ။ မြေးတွေကလည်း ကိုယ့်ကို ရွံ့လို့ဆိုပြီး ပွစိ ပွစိနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူတွေက ကိုယ့်ဆီကရမယ်ဆိုရင်တော့ သေချာ တောင် ပါးစပ်ထဲက ကူးတို့ခကို လိုက်နှိုက်ယူချင်ယူကြမှာပါ။

"မြေး . . . မောင်ဖန်"

"ဗျာ . . . အဘွား"

"အဲဒီကိစ္စ မြေးစီစဉ်ပေးပါနော်။ အဘွား တတ်နိုင်သ လောက် ရှိတာလေးကို ဒီမြေးကိုပဲ ပေးချင်လို့ပါ"

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားကြပြီး

"ဟုတ်ကဲ့ပါ အဘွား။ ကျွန်တော် စီစဉ်ပေးပါ့မယ်"

❋



## အခန်း (၂၈)

ဒီနေ့ ကိုဖန်က ဖယောင်းကို ပြောစရာရှိလို့ အပြင်လိုက်ခဲ့ပါ တဲ့။ ဖယောင်း ပျော်လိုက်တာ မပြောပါနဲ့တော့။ ကိုဖန်က ဖယောင်း ကို ချစ်တဲ့အကြောင်းပြောမှာလား။ ဟုတ်မှာပါ၊ သူ ဖယောင်းကို ခေါ်လာတာက ကန်တော်ကြီးထဲကိုပဲလေ။ ဒါ အများအားဖြင့် ချစ်သူ စုံတွဲတွေလာတဲ့နေရာ မဟုတ်လား။

ကိုဖန်က ဖယောင်းကို ကျောခိုင်းထားပြီး ဘာစကားမှ အခုထိ မပြောသေးပေ။ ဒါကြောင့် ဖယောင်းကပဲ –

"ကိုဖန်"

"––––"



www.burmeseclassic.com

www.burmeseclassic.com



''ကိုဖန် . . . ဖယောင်းကို ပြောစရာရှိတယ်ဆို။ ဘာပြော မှာလဲဟင်''

''ပြောမှာပါ''

''ဒါဆိုပြောလေ''

ဖန် ဖယောင်းဘက်သို့ လှည့်ရပ်လိုက်၏။ သူပြောရမည့် စကားအတွက် အားနာပေမယ့် မပြောလို့ကလည်း မဖြစ်ပေ။

''ဖယောင်း''

''ရှင်''

''ကိုယ် အခုပြောမယ့်စကားအတွက် ဖယောင်းကို စိတ် မဆိုးပါနဲ့လို့ ကြိုပြီး တောင်းပန်ပါရစေ''

ဖယောင်း ရှက်စနိုးနှင့် ခေါင်းလေးငုံ့သွားပြီး –

''ကိုဖန်ကလည်း ပြောစရာရှိတာကိုပဲ ပြောပါ။ ဖယောင်း စိတ်မဆိုးတတ်ပါဘူး''

ဖန် သက်ပြင်းချလိုက်မိ၏။ ဘယ်ကနေ ဘယ်လိုစပြောရပါ့ မလဲ။

''ဖယောင်း ကိုယ်နဲ့ဖယောင်းကို လူကြီးတွေက သဘောတူ လို့ လက်ထပ်ပေးဖို့ စီစဉ်ချင်နေတာကိုသိလား''

''ဟုတ်ကဲ့ . . . သိပါတယ်''





''အဲဒီကိစ္စ ဖယောင်းဘက်က ငြင်းပေးပါလို့ ကိုယ်တောင်း ဆိုပါရစေ''

''ရှင်''

ဖယောင်း သူ့မျက်နှာကို ဆတ်ခနဲမော့ကြည့်လိုက်သည်။ ဖယောင်း ထင်ထားတာ အဲဒီလိုမဟုတ်ဘူးလေ။ ဖယောင်းကို သူ ချစ်တယ်လို့ပြောမှာမဟုတ်ဘူးလား။

''ဖယောင်းကို ကိုယ်ချစ်ပါတယ်။ ညီမလေးတစ်ယောက် လိုပေါ့။ တစ်ဘဝလုံး လက်တွဲဖို့အထိတော့ ထောင့်ငါးရာမေတ္တာမျိုးနဲ့ မချစ်နိုင်ဘူးလေ။ အချစ်မပါတဲ့အိမ်ထောင်ရေးကို ဖယောင်း တည် ဆောက်ချင်မယ် မထင်ပါဘူး''

ခေါင်းကိုသာ ခါယမ်းမိတာ ဖယောင်း အချစ်မပါတဲ့ အိမ် ထောင်ရေးကို မတည်ဆောက်ချင်လို့ မဟုတ်ပါဘူး။ သူ့စကားတွေကို လက်မခံနိုင်လို့ပါ။ သူက ဖယောင်းကို မချစ်ပေမယ့် ဖယောင်းက သူ့ကိုချစ်တယ်လေ။ ဒါကို သူ မသိဘူးလား။

ကိုယ်က ချစ်နေမှတော့ –

ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ချင်တာပေါ့။ ဒါကို ငြင်းပေးပါတဲ့ လား။

''အခုလို ဖယောင်းကိုပြောရတာ အားတော့နာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မပြောမဖြစ်လို့ ပြောရတာပါ။ ကိုယ့်ဘက်က စငြင်းလိုက်တယ်ဆိုရင် ဖယောင်းအတွက် မကောင်းပါဘူးလေ။ အဲဒါကြောင့် ဖယောင်းဘက်က ငြင်းစေချင်တာပါ”

“––––––”

“မေမေက ကိုယ်နဲ့ဖယောင်းကို အမြန်ဆုံး လက်ထပ်ပေးချင်ပြီ။ တော်ကြာ လွန်ကုန်ရင် ဒီကိစ္စက နောက်ပြန်ဆုတ်လို့ရတဲ့ အရာ မဟုတ်လို့ပါ”

ဖယောင်း၏ပါးပြင်ပေါ်သို့ မျက်ရည်ဥတွေ လိမ့်ဆင်းလာလေပြီ။ ပြောရက်လိုက်တာကိုဖန်ရယ်။ ဖယောင်းကို မချစ်ဘူးတဲ့လား။ ဖယောင်းကတော့ ကိုဖန့်ကိုချစ်တယ်။ အရမ်းချစ်တယ် စတွေ့ကတည်းကကို ချစ်ခဲ့တာပါ ကိုဖန်ရယ်။ ဒါကြောင့်လေ –

ကိုဖန် ထားရာနေ စေရာသွားဖို့အထိ အောက်ကျို့ခံမယ်လို့ ဆုံးဖြတ်ထားတာပါ။

အခုတော့ –

“ဖယောင်း”

“–––––”

“ကိုယ့်ကို ဘာမှပြန်မပြောတော့ဘူးလား။ တစ်ခုခု ပြန်ပြောဦးလေ”





သူ့ကို တစ်ခုခုပြန်ပြောနိုင်ဖို့အတွက် ဖယောင်း အားမွေးဦးမှာပါ။ ဒါကြောင့် မျက်ရည်တွေကို သုတ်ပစ်ပြီး –

“ကိုဖန်က ကိုဖန်ပြောချင်တာတွေကိုပဲ ပြောနေတော့တာပဲ။ ဖယောင်း ခံစားချက်ကိုရော ထည့်မတွက်တော့ဘူးလား”

ဖန် တွေခနဲ ဖြစ်သွားလေသည်။ ဟုတ်တာပေါ့၊ ကိုယ်လည်း သူ့ခံစားချက်ကို နားထောင်ပေးသင့်တာပေါ့။ ကိုယ်က ကိုယ့်ခံစားချက်ကိုချည်းပဲ ပြောနေတာ။ တကယ်ဆို သူက မိန်းကလေးပဲ ဟာ သူ့ကို ဦးစားပေးသင့်တာပေါ့။

“ပြောလေ … ဖယောင်းခံစားချက်ကိုလည်း ကိုယ်နားထောင်ပေးမှာပေါ့”

“ဖယောင်းက မငြင်းဘူးဆိုရင် ကိုဖန် ဘယ်လိုလုပ်မှာလဲ”

“ဟင်”

ဖယောင်းစကားကြောင့် ဖန် မျက်မှောင်ကြုတ်သွားလေသည်။ ကိုယ်က သူ့ကို မချစ်နိုင်ဘူးလို့ပြောပြီးပြီပဲ၊ သူ့ကို ငဲ့ညှာသောအားဖြင့် ငြင်းပါလို့ပြောတာကိုမှ လက်မခံရင် ကိုယ်ကပဲ ငြင်းရတော့မှာပေါ့။ သူက ဘာလို့ မငြင်းနိုင်တာလဲ။ သူ မငြင်းတာ သူ့အကြောင်း ကိုယ် လက်မခံနိုင်တာကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။

“ဖယောင်းက မငြင်းဘူးလို့ ဆုံးဖြတ်ပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်း ဘာမှပြန်မပြောဘဲ ရှေ့တိုးလာတော့ ဖန်နဲ့မျက်နှာ ချင်းဆိုင် နီးနီးကပ်ကပ် ဖြစ်သွားလေသည်။

''ဖယောင်းရဲ့ရင်ထဲက ခံစားချက်အစစ်အမှန်ကို ကိုဖန် သိချင်လား''

''ပြောလေ''

လူတွေပြောတဲ့ ကြိုက်မရှက် ငိုက်မရှက် ဝတ်မရှက်ဆိုတဲ့ အတိုင်း ဖယောင်းလည်း မရှက်တော့ပါဘူး။ အရင်က အရှက်ကြီးတဲ့ ဖယောင်း။ အခုတော့ ရင်တွင်းဆန္ဒတွေက တစ်ကိုယ်လုံးကို ပူလောင် စေတာကြောင့် မရှက်နိုင် မကြောက်နိုင်တော့ပေ။

''ကိုဖန်''

''-----''

''ကိုဖန်က ဖယောင်းကို တကယ်မချစ်ဘူးပေါ့နော်''

နှုတ်ကဖြေရမှာ အားနာတာကြောင့် ဖန် လေးတွဲစွာ ခေါင်းညိတ်လိုက်မိသည်။ ပြီးမှ -

''ကိုယ် ဖယောင်းကို ကိုယ့်ညီမလေးတစ်ယောက်လိုပဲ ချစ် တာပါ''

''ဖယောင်းကတော့ ကိုဖန့်ကို အစ်ကိုတစ်ယောက်လို မချစ်နိုင်ဘူး''





''-----''

''ဖယောင်း ကိုဖန့်ကို အရမ်းချစ်တယ်။ ကိုဖန့်ကို ဖယောင်း ကတော့ စတွေ့ကတည်းက စွဲလမ်းခဲ့တာပါ ကိုဖန်ရယ်''

ဖန် မျက်စိကိုမှိတ်ပြီး လေပူမှုတ်ထုတ်ပစ်လိုက်၏။ သူက ဖန့်ကို ချစ်တယ်တဲ့။ ဘယ်လိုလုပ်ရပါ့မလဲ။ အချစ်ပြယ်ဆေးသာရှိရင် ချက်ချင်းပြေးဝယ်တိုက်လိုက်ရဲ့။ အမုန်းတွေပြယ်အောင်တော့ အမျိုးမျိုး တရားချတတ်ကြပြီး အချစ်ကိုပြယ်အောင်ကျတော့ ဘယ်သူများ တရားချပေးနိုင်ကြမလဲ။

အဲဒီလိုသာ လုပ်လို့ရရင် -

ဖယောင်းကို အချစ်ပြယ်ဆေးတိုက်ပြီး ကိုယ်လည်း အချစ် ပြယ် တရားကို နာမိမှာပါလေ။

''ကိုဖန်''

''-----''

''ဖယောင်းကို မုန်းဖို့စကားမပြောပါနဲ့နော်။ ဖယောင်း ကိုဖန့်ကို မမုန်းနိုင်လို့ပါ။ လက်ထပ်ဖို့ကိစ္စအတွက် ဖယောင်း လုံးဝ ငြင်းမှာမဟုတ်ဘူး။ အဲဒီအတွက် ကိုဖန် ဖယောင်းကို ခွင့်လွှတ်ပေးပါ''

အချစ်ဆိုတာ မခေါ်ဘဲနှင့်လာ မနှင်ဘဲပြေးတတ်သည့်အရာ မို့ သူမှာ အပြစ်မရှိသလို ကိုယ်လည်း အပြစ်မဲ့တဲ့သူပါ။ မငြင်းနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူ့ရဲ့လုပ်ပိုင်ခွင့်ဖြစ်ပြီး ကိုယ်ကလည်း ကိုယ့်ခံစားချက်နှင့် ကိုယ်။ ဒီအချိန်မှာ ဖန် တွေဝေနေလို့ မဖြစ်တော့ပါဘူး။ ပြတ်ပြတ်သားသား ဆုံးဖြတ်မှ ဖြစ်တော့မှာပါ။

ဒါကြောင့် –

"ဖယောင်းလည်း ကိုယ့်ကို ခွင့်လွှတ်ပေးပါ"

"ဘာကိုလဲ ဟင်"

"ဖယောင်းဘက်က မငြင်းရင် ကိုယ့်ဘက်က ငြင်းရလိမ့်မယ်"

"ကိုဖန်"

"–––"

"အဲဒီလိုတော့မလုပ်ပါနဲ့ ကိုဖန်ရယ်။ ဖယောင်း တောင်းပန်ပါတယ်။ ဖယောင်းရဲ့မျှော်လင့်ချက်၊ ဖယောင်းရဲ့စိတ်ကူးယဉ်ကမ္ဘာလေးကို မဖျက်ဆီးပါနဲ့နော်။ နော် ... ကိုဖန်။ ဖယောင်း ကိုဖန့်ကို အရမ်းချစ်တယ်"

စကားအဆုံးမှာ ဖယောင်းက ဖန့်ရင်ခွင်ထဲသို့ တိုးဝင်ပြီး ဖန့်ခါးကို လွတ်ထွက်သွားမှာစိုးသည့်အလား ဖက်ထားလေသည်။ ကိုယ်ကမှ မချစ်တာပဲဆိုပြီး တွန်းထုတ်လိုက်ရမလား။ အဲဒီလိုမျိုးတော့ မလုပ်ရက်ပါဘူး။





ဒါပေမဲ့ ကြင်နာယုယဟန်နဲ့လည်း ပြန်ဖက်မထားမိဘဲ ကိုယ်က တောင့်တောင့်ကြီး ဖြစ်နေတော့၏။

ပြီးမှ ... ဖယောင်းပခုံးလေးကို ကိုင်ပြီး ထိကပ်နေတဲ့ ရင်ဘတ်ချင်း ခွာလိုက်ကာ –

"ဖယောင်း"

"အဟင့်"

"မငိုပါနဲ့လို့တော့ ကိုယ် မတားရက်ပါဘူး ဖယောင်းရယ်။ ဒါပေမဲ့ ဖယောင်းကို လက်မထပ်နိုင်တဲ့တွက်တော့ ကိုယ့်ကိုခွင့်လွှတ်ပေးပါ"

ဖယောင်း အရစ်မြင့်တဲ့သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ မိန်းကလေးဘက် ဒီလောက်အောက်ကျို့ခံပြီးပြောနေတာတောင် သူက လက်မခံဘူးတဲ့လား။

"ကိုယ့်ဝမ်းနာတာ ကိုယ်မှသိဆိုသလိုပဲ။ ဖယောင်း ကိုယ့်ကို ချစ်သလို ကိုယ်ကလည်း အခြားတစ်ယောက်ကို ချစ်မိနေတာဆိုတော့"

"ဟင်"

ကြားလိုက်ရတဲ့စကားကြောင့် ဖယောင်းတစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲသွားသလိုပါပဲ။ သူ့မှာ ချစ်သူရှိတယ်လား။ ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မသိခဲ့ရပါလိမ့်။

"ကိုဖန့်မှာ ချစ်သူရှိတယ် ဟုတ်လား"

"ဟုတ်တယ် ဖယောင်း။ ဒါပေမဲ့ ကိုယ်က ချစ်ရတဲ့သူပါ။ သူကတော့ ကိုယ့်ကို ပြန်ချစ်နိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကတော့ သူက လွဲပြီး ဘယ်မိန်းကလေးကိုမှ ချစ်လို့ရမှာမဟုတ်တော့ပါဘူး ဖယောင်းရယ်။ အဲဒါ တစ်သက်စာအတွက်ပါ"

"သူက ဘယ်ကလဲ၊ ဘယ်သူလဲ ကိုဖန့်"

ဒါ ဖုံးကွယ်ထားလို့ရတဲ့ အရာမှမဟုတ်ဘဲလေ။ ကိုယ်ပြော လို့ သိသွားတာထက် ကိုယ်က ဖုံးကွယ်ထားလို့ သူ့ဘာသာစုံစမ်းပြီး သိသွားရင် မကောင်းပါဘူး။ ဒါကြောင့် ဖန့် ဖုံးကွယ်မထားချင်ဖွာဘဲ

"ကိုယ် သူ့ကို အရမ်းချစ်တယ်"

"———————"

"သူက မင်းရဲ့သူငယ်ချင်း အမုန်းမပြယ်ပဲပေါ့"

"ရှင်"

သူငယ်ချင်းအချင်းချင်း အမုန်းရဲ့ဘဝကို မင်း နားလည်ပေး နိုင်ပါစေ ဖယောင်းရယ်။

"ကိုဖန့် . . . ကိုဖန့်ချစ်တာက အမုန်းကို ဟုတ်လား ကိုဖန့်"

"ဟုတ်တယ် ဖယောင်း။ ကိုယ် သူ့ဘဝလေးကို အရမ်း





သနားတယ်။ အဲဒါကြောင့် မပြည့်စုံတဲ့ သူ့ဘဝလေးထဲမှာလိုနေတဲ့ ကွက်လပ်တွေကို ပြန်ဖြည့်ပေးချင်တယ်။ ဖယောင်းက သူ့သူငယ်ချင်းပဲ လေ၊ နားလည်ပေးရမှာပေါ့"

"ဟင့်အင်း"

ဖယောင်း ခေါင်းတခါခါ ဖြစ်သွားလေသည်။ ကိုယ်မသိတဲ့ အခြားမိန်းကလေးတစ်ယောက်ဆိုတာကမှ အချိန်တန်ရင် ကိုယ် မမြင် ကွယ်ရာအရပ်ဆီမှာရှိနေမှာမို့ ဖြေသာပါဦးမည်။ အခုက ကိုယ်နဲ့ အနီးဆုံးမှာရှိနေတဲ့ အမုန်းတဲ့လေ။

"ဖယောင်း နားလည်မပေးနိုင်ဘူး ကိုဖန့်"

"ဖယောင်း"

"သူက သနားဖို့ကောင်းတယ်ဟုတ်လား။ ကိုဖန့်အပေါ် တစ်ဖက်သတ်မျှော်လင့်နေရတဲ့ ဖယောင်းကိုတော့ ကိုဖန့် မသနား ဘူးလား။ ပြောပါဦး ကိုဖန့်ရဲ့"

တစ်ဖက်သတ်အချစ်နဲ့မို့ တစ်ဖတ်သတ်ပဲတွေးလိုက်တာလား ဖယောင်း။ တကယ်ဆို မင်းဘဝက ငါ့အချစ်ကို မရတာကလွဲရင် အရာရာမှာ ပြီးပြည့်စုံနေတဲ့သူပါကွာ။ ဖယောင်း သူ့ကို ကြည့်တဲ့ အကြည့်က ခါတိုင်းလို နူးညံ့သိမ်မွေ့မနေပေ။

"ဒီမှာ ကိုဖန့်"



www.burmeseclassic.com

www.burmeseclassic.com



"――――"

"ကိုဖန်က အမုန်းကိုမှ ရွေးမတတ် ချစ်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ တစ်သက်မှာတစ်ခါပဲ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတဲ့အချစ်မျိုးနဲ့ ချစ်တာ"

ဖယောင်း နှုတ်ခမ်းလေးမဲ့ခနဲဖြစ်သွားခြင်းနှင့်အတူ ရင်ထဲမှာ စူးရှနာကျင်သွားတာ ဘယ်နေရာကမှန်းတော့ မသိပေ။ သူက ဒီလိုဆိုတော့လည်း -

"စိတ်ချ ... ရှင် ဘယ်တော့မှ အမုန်းဆီက အချစ်ကို မရစေရဘူး။ ကျွန်မ ရဲရဲကြီးအာမခံရဲတယ်"

ပြောပြီး ချာခနဲလှည့်ထွက်သွားတဲ့ ဖယောင်းနောက်သို့ ဖန် လိုက်မသွားမိပေ။

မင်း ဘယ်လိုတားဆီးမှာလဲ မြဖယောင်းသွင်။

❋



## အခန်း (၂၉)

"ဖန်နေမင်း"

စူးခနဲ အော်ခေါ်လိုက်တဲ့ အသံကြောင့် ဖန့်ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ဒေါ်စန္ဒာဝင်း၏မျက်နှာကြောက ပြတ်ထွက်လုမတတ် တင်းနေလို့ပါ။

ဖန် ပြန်လာမယ့်အချိန်ကို သူမ ဧည့်ခန်းထဲကနေ ထိုင်စောင့်နေတာ ဘယ်လောက်ကြာပြီလဲ။ ဖန်ရပ်နေတော့ -

သူမလည်း ထိုင်နေရာမှ ထရပ်ကာ ဖန့်ဆီသို့ လျှောက်လာပြီးနောက်မှာတော့ -

"ဘယ်လိုလဲ ကိုထက်မြက်ဦးနောက်သားကြီးရဲ့။ က[illegible]တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ မင်း ဘယ်လောက်ပဲတော်နေ တတ်နေပါစေ အိမ်ထောင်ရေးအတွက် ကြင်ဖက်ရွေးတဲ့နေရာမှာတော့ ငါ့သားတော်လွန်းလို့ ချေးဦးနှောက်လို့တောင် ဘွဲ့ပေးရမလိုပါလား''

''မေမေ''

''မင်းကို ငါပြောထားပြီးသားပဲ ဖန်နေမင်း။ ဖယောင်းမဟုတ်တဲ့ အခြားမိန်းမတစ်ယောက်ကို လက်ထပ်ချင်တယ်ဆိုရင် အခုနေရာမှာ ဖယောင်းထက်သာမှ လက်ခံမယ်လို့။ အခု မင်းချစ်လှပါချည်ရဲ့ဆိုတဲ့မိန်းမက မျိုးရိုးသန့်ရဲ့လားဆိုတာကိုပဲ အရင်စဉ်းစားလိုက်ဦး ဖန်နေမင်း''

ဩော် ... လက်စသတ်တော့ မေမေက သိပြီးပြီပေါ့။ အခုနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အသေးစိတ်ပြောထားပြီး ကြပြီပေါ့။ ပျော့ပျော့နဲ့ နံတဲ့ကြောင်ချေးဆိုတာ မြဖယောင်းသွင်မဟုတ်တဲ့ မိန်းမမျိုးကို ပြောတာပဲပေါ့။

''မေမေက သိပြီးပြီကိုး။ သတင်းရတာ အောင်တာနက်ထက်တောင် မြန်နေပါလား''

''ပုပ်လို့ပေါ် ဟုတ်လို့ကျော်တာ ဘယ်သူ့ကိုမှ ပုတ်ခတ်စရာမလိုဘူးနော် ဖန်နေမင်း။ အမုန်းမပြယ်ဆိုတဲ့ မိန်းကလေးကသူ့အမေ လင်ကောင်မပေါ်ဘဲ မွေးခဲ့ရတဲ့ကလေး။ သူ့အဖေဆိုတဲ့





လူကျတော့ သူများ သားပျိုသမီးပျိုတွေကို ဖျက်ဆီးတဲ့လူ။ နောက်တော့ ကိုယ့်သမီးတောင် ကိုယ့်သမီးမှန်းမသိ ဖျက်ဆီးဖို့ ကြိုးစားခဲ့တဲ့သူ။ အဲဒီလို မျိုးရိုးမသန့်တဲ့လူတွေက ပေါက်ဖွားလာတဲ့ မိန်းကလေးနဲ့ မင်းကို ငါ လုံးဝ သဘောမတူနိုင်ဘူး ဖန်နေမင်း''

''မေမေ''

ပြောနေတာက အားလုံးအတိအကျပါ။ ဒါ သူတို့မပြောဘဲနဲ့ မေမေက သိမှာတဲ့လား။ ကြက်မှာအရိုး လူမှာအမျိုးဆိုပေမယ့် မိဘမကောင်းတိုင်း သားသမီးတွေ လိုက်မကောင်းကြတာမှ မဟုတ်ဘဲလေ။ မဟောသဓာဇာတ်တော်ထဲမှာ အမရာဒေဝီက နွားချေးပုံပေါ်ကြာစိုက်ပြပြီး ဥပမာပေးခဲ့ဖူးတာပဲ ဥစ္စာ။

ဖန်ကလည်း ပြတ်သားစွာ ဆုံးဖြတ်ရဲသူပါ။

အမုန်းရဲ့ဖေဖေ မကောင်းတာမှန်ပေမယ့် အမုန်းရဲ့မေမေက ကိုယ်တိုင်မကောင်းခဲ့တာမှ မဟုတ်တာ။ သူများအနိုင်ကျင့်လို့ အရှက်ရခဲ့ပေမယ့် မိခင်စိတ်အပြည့်ရှိတဲ့ မိခင်ကောင်းတစ်ယောက်ပါ။ အဲဒါ အမုန်းနဲ့ ဘာဆိုင်လို့လဲ။

''မေမေ အဲဒီလိုတော့ တစ်ဖက်သတ်မပြောပါနဲ့။ မိဘတွေမကောင်းတိုင်းသာ သားသမီးတွေ လိုက်မကောင်းကြဘူးဆိုရင် လောကမှာ လူတော်လူကောင်းဆိုတာ ရှိပါဦးမလား။ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူပဲဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ဘူး မေမေ။ အမုန်းမပြယ်က မာနကြီးတယ်၊ ထက်မြက်တယ်''

''သြော် . . . အဲဒီမာနနဲ့ ထက်မြက်တာကို မင်းက အရည်ကျိုသောက်ပြီး လူမရှိတဲ့ သီးသန့်ကမ္ဘာမှာနေမှာမို့လို့လား ဖန်နေမင်း၊ ပြောစမ်းပါဦး''

ဖြစ်နိုင်ရင် နေချင်တာပေါ့။ လူမရှိတဲ့ သီးသန့်ကမ္ဘာမှာလေ။ အမုန်းရယ်၊ ကိုယ်ရယ် နှစ်ယောက်တည်းနဲ့ နှစ်ယောက် တစ်ဘဝ တည်ဆောက်လိုက်ချင်ပါသည်။ ဘာပဲဖြစ်ဖြစ် အမုန်းကို ဖန်ချစ်တယ်။ ချစ်မိတဲ့အတွက် ဘယ်တော့မှလည်း နောင်တမရပါဘူး။

အမုန်းကသာ ကိုယ့်အချစ်ကို လက်ခံမယ်ဆိုရင် အရာအားလုံးကို ဖန် ရင်ဆိုင်ရဲပါသည်။

''လူပုံအလယ်မှာ စန္ဒာဝင်းဆိုတဲ့မိန်းမ ဘယ်လိုမိန်းကလေးမျိုးကို ချွေးမတော်လိုက်ရတာဆိုတာမျိုး ငါ သူများကဲ့ရဲ့မခံနိုင်ဘူးနော်။ မင်း ဖယောင်းကိုပဲ လက်ထပ်ရမယ်၊ ဒါ . . . ငါ့အမိန့်ပဲ''

''အမိန့်ဆိုတာနဲ့ အသေကြောက်ပြီး လက်ခံရအောင် သားက စစ်အာဏာရှင်စနစ် လက်အောက်က ငယ်သားတစ်ယောက် မဟုတ်ဘူး မေမေ။ သား ဖယောင်းကို လုံးဝလက်မထပ်နိုင်ဘူး''

''ဖန်နေမင်း''





ဒေါ်စန္ဒာဝင်းရဲ့အကြည့်တွေက စူးစူးရဲရဲနှင့် ဖန့်ကို စားတော့ ဝါးတော့မတတ်ပါ။

''မင်းက ငါ့စကားကို နားမှထောင်ဘူးပေါ့ ဟုတ်လား''

''ဆန္ဒချင်း ထပ်တူမညီနိုင်ဘူးဆိုမှတော့ သားကို လူမိုက်စာရင်းထဲသာ သွင်းလိုက်ပါ မေမေ''

''ဘာ''

မိဘနဲ့သားသမီးကြား ခံယူချက်လွဲမှားတတ်တာကို နားလည်ပေးနိုင်တာ တော်ရုံတန်ရုံကိစ္စတွက်ပဲ ကောင်းပါတယ်။ အခုက တစ်သက်လုံး လျှောက်ရမယ့်လမ်းအတွက်တော့ ဒေါ်စန္ဒာဝင်း နားလည်မပေးနိုင်ပေ။

''သား အမုန်းကို အရမ်းချစ်တယ်''

''အဲဒီအချစ်နဲ့ယှဉ်ပြီး ငါ့မေတ္တာတရားက မထိရောက်တော့ဘူးပေါ့ ဟုတ်လား''

''မေမေ့မေတ္တာတရားကိုလည်း သား မစော်ကားပါဘူး။ ဒါပေမဲ့ လူတိုင်းက သူများကိုသနားဖို့ထက် ကိုယ့်ကိုယ်ကိုယ်ပဲ ပိုသနားကြတာပါ။ မေမေ ဖယောင်းကို သနားနေတာမို့လား၊ တကယ်ဆို သားကို မေမေ ပိုသနားသင့်တာပါ။ မချစ်မနှစ်သက်သူနဲ့ တစ်သက်လုံး လက်တွဲသွားရမယ့်အဖြစ်ကို သား လက်မခံနိုင်ဘူး။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် သနားမိခြင်းပဲ''

''ဒါဆို မင်းက ဖွတ်တိုးမှာလား ဖန်နေမင်း''

ဆိတ်ဆိတ်နေခြင်းသည် အချို့က ဝန်ခံခြင်းတဲ့။ အချို့က တော့ ပြောစရာစကားတွေများပြီး ပြောခွင့်မရတဲ့အခါ ဆိတ်ဆိတ်နေ တတ်ကြသည်။ ဖန်ကတော့ ဝန်ခံလိုက်ခြင်းပါပဲ။ ပတ္တမြားပေမယ့် အနားကွပ်စရာ ရွှေမရှိလို့ မျက်နှာငယ်နေရတဲ့ အမုန်းဘဝလေးကို ဖန်က အနားကွပ်ပေးချင်သည်လေ။

ဖယောင်းဘဝက ...

ကိုယ့်အချစ်ကို မရနိုင်တာကလွဲရင် ဘာများလိုအပ်ချက် ရှိနေလို့လဲ။ အမုန်းမှာသာ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်နေတာမို့ အဲဒီ ဆင့်နေတဲ့အပူတွေကို ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာ ရေစင်နဲ့ ဖျန်းပက်ပေးပြီး အေးချမ်းစေချင်ပါသည်လေ။

''ကောင်းပြီလေ။ မင်းကမှ ငါ့စကားကိုနားမထောင်ဘူး ဆိုတော့ မင်းကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာ လိုက်ရုံပဲပေါ့။ မင်းသတ္တိရှိတယ်ဆိုရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒီအိမ်ပေါ်ကနေ ဆင်းသွား။ ငါ့ကို ကန်တော့ခဲ့စရာမလိုဘူး''

ဖန် လက်ထဲမှာဆွဲလာသော အတက်ရှုံ့ချိုကော့စ်ကို စားပွဲပေါ် သို့ တင်လိုက်သည်။ ပြီးတော့ လက်စွပ်ဆွဲကြိုးနာရီကအစ ချွတ်ပြီး





စားပွဲပေါ်မှာပဲ ပုံချပေးခဲ့ကာ လှည့်ထွက်လာခဲ့တော့ –

''ခဏနေဦး ဖန်နေမင်း''

ဖန် ရပ်နေပေးလိုက်သည်တွင် –

''နိုင်ငံခြားက မင်းအဖေကိုတော့ လှမ်းပြီး အကူအညီ မတောင်းနဲ့နော်။ သူက တိုင်းတစ်ပါးကိုသွားပြီး မိသားစုအတွက် အလုပ်လုပ်နေတာ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ ငါ ဒါပဲပြောမယ်''

စိတ်ချပါ မေမေ၊ ကျွန်တော် မေမေနဲ့ ဖေဖေ့ကို အဝေးကပဲ လွမ်းနေပါရစေ။ သားမိဘကို ကျေးဇူးကန်းတာတော့မဟုတ်ပါဘူး။ မတတ်သာလို့ ခွဲခွာသွားရတာကို တစ်နေ့ မေမေ စာနာနားလည်ပေး နိုင်ပါစေ။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဒေါ်စန္ဒာဝင်း အမုန်းတို့အိမ်သို့ရောက်လာခဲ့ပါပြီ။ ဒီမိန်းကလေး က မာနကြီးတယ်ဆိုမှတော့ သားနဲ့ကိစ္စရှေ့မဆက်ဖို့ တားရမှာ မဆန်းဘူးထင်ပါရဲ့။ မာနရှိတာသေချာရင် ကိုယ်ပြောမယ့်စကားလုံးတွေကို ဖောက်ပြီး သူ ရှေ့ဆက်တိုးမှာ မဟုတ်ပေ။

"အဟမ်း အဟမ်း"

ချောင်းဟန့်သံကြောင့် ဒေါ်ဖူးဖူးနဲ့ ဦးဖြိုးပိုင်ဦး အိမ်ဝကို လှမ်းကြည့်လိုက်တော့ မြင်ဖူးပြီး ဘယ်သူမှန်းမသိတဲ့ သူစိမ်းမိန်းမ တစ်ယောက်ပါ။

"ကျွန်မကို ဝင်ခွင့်ပြုပါရှင်"





"ဪ ... ဝင်ပါရှင်၊ ဝင်ပါ"

ဒေါ်ဖူးဖူးက မတ်တတ်ရပ်ပြီး ကြိုဆိုလိုက်လေသည်။ ဒေါ်စန္ဒာဝင်း ဝင်လာခဲ့ပြီး ဆိုဖာပေါ်မှာထိုင်လိုက်ပြီးနောက် –

"ကျွန်မကိုယ် ကျွန်မပဲ မိတ်ဆက်ပေးပါရစေ။ ကျွန်မက ဖန်နေမင်းရဲ့အမေ ဒေါ်စန္ဒာဝင်းပါ။ ဒီက အမုန်းရဲ့မေမေ ထင်တယ်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက အမုန်းရဲ့မေမေပါ။ ဟို အစ်မ က ဖယောင်းနဲ့လက်ထပ်မယ်ဆိုတဲ့ကောင်လေးရဲ့အမေပေါ့နော်"

"ဟုတ်ပါတယ်"

ဒေါ်ဖူးဖူးရဲ့အသံက နူးညံ့ပျော့ပျောင်းနေပေမယ့် ဒေါ်စန္ဒာဝင်းရဲ့အသံကတော့ မာဆတ်ဆတ်နှင့်ပါ။ ဦးဖြိုးပိုင်ဦးကတော့ အခုထိ စကားတစ်ခွန်းမျှ ဝင်မပြောသေးပါဘူး။

"အစ်မ ကျွန်မတို့အိမ်ကိုလာတာ ဘာကိစ္စများရှိလို့ပါလဲရှင်"

"အမုန်းမပြုယ် ရှိလား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

"အစ်မ အမုန်းမပြုယ်နဲ့တွေ့ချင်လို့ လာခဲ့တာပါ။ အမုန်းမပြုယ်နဲ့ တွေ့ပါရစေ"

မောင်နှမနှစ်ယောက် အကြည့်ချင်းဆုံ သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူက ခေါင်းညိတ်ပြလေသဖြင့် ဒေါ်ဖူးဖူး ထရပ်လိုက်ကာ–

"ခဏစောင့်နော်"

ဒေါ်ဖူးဖူးထွက်သွားပြီးနောက်မှာတော့ –

"ဒီက မစန္ဒာဝင်း အမုန်းနဲ့တွေ့ချင်တာ ဘာကိစ္စလဲ မသိဘူး"

ဒေါ်စန္ဒာဝင်း ဆတ်ခနဲ ငဲ့ကြည့်ကာ –

"ကျွန်မသားနဲ့ပတ်သက်ပြီး မေးစရာရော သတိပေးစရာရော ရှိလို့ပါ"

"ဘယ်လို"

"အခု ကျွန်မသား အိမ်ပေါ်က ဆင်းသွားပြီ"

"အဲဒါ ကျွန်တော်တို့ကလေးနဲ့ ဘာဆိုင်လို့လဲဗျ"

"ဆိုင်တာပေါ့ရှင်၊ ဆိုင်လို့ ကျွန်မ လာခဲ့ရတာပေါ့။ အမုန်းကြောင့် ဖန်နေမင်းက ဖယောင်းကို လက်ထပ်ဖို့ကိစ္စ ငြင်းလိုက်တာ"

ဦးဖြိုးပိုင်ဦး မျက်မှောင်ကြုတ်သွားလေသည်။ ဘာဆိုင်လို့လဲ၊ သူများလက်ထပ်ဖို့ကိစ္စမှာ အမုန်းက ဘာကိစ္စ ဝင်ရှုပ်ရမှာလဲ။ ဖယောင်းက အခြားသူမှမဟုတ်ပဲလေ။ ရှုပ်စရာအကြောင်းမှ မရှိတာ။

"ဆိုပါဦး ... အဲဒီကိစ္စ ကျွန်တော့်တူမနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ဘယ်လိုပတ်သက်သလဲဆိုတာ သူလာရင် ရှင် သိရမှာပါ။





မပတ်သက်ဘဲနဲ့တော့ ဘယ်သူကမှ ကားဘီးတာရာအပါးခံပြီး မလာပါဘူး"

ဦးဖြိုးပိုင်ဦး စဉ်းစားလို့မရပေ။ အမုန်းနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာကိုပေါ့။ အမုန်းနဲ့ ဖန်နေမင်းက ချစ်သူဖြစ်နေလို့ ဖန်နေမင်းက ဖယောင်းနဲ့လက်ထပ်ဖို့ကိစ္စကို ငြင်းတာလား။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဒေါ်စန္ဒာဝင်းပြောနေတဲ့ပုံစံက အဲဒီသဘောမျိုးပဲ ကျရောက်နေသည်သာ။

ဒါ မဖြစ်နိုင်ပါဘူး။

အမုန်းမှာ ချစ်သူရည်းစားရှိနေတဲ့ အရိပ်အယောင်မှ မတွေ့ရတာ။ ဟုတ်ခဲ့ရင် အမုန်းက ပွင့်လင်းသူမို့ ဒီလိုလူမျိုးနဲ့ ချစ်သူဖြစ်တာကို လျှို့ထားမှာမဟုတ်ပေ။ သူတို့ကို ရိပ်ဖမ်းသံဖမ်းတော့ ပြောမှာပေါ့။ ဖယောင်းနဲ့ကိစ္စကိုလည်း အမုန်းသိနေတာပဲဥစ္စာ။

သူ ကိုယ့်တူမအကြောင်းကို ကိုယ်သိပါသည်။ ကိုယ့်သူငယ်ချင်းနဲ့ လက်ထပ်ဖို့ လူကြီးချင်း သဘောတူထားတဲ့ လူတစ်ယောက်ကို အဲဒီလို အမုန်းဖြတ်ခုတ်မယ်ဆိုတာ ဘယ်လိုမှကို မဖြစ်နိုင်တဲ့ကိစ္စပါ။

"ဟင်"

ခြေသံကြားရာဆီသို့ ကြည့်လိုက်တော့ အမုန်းလာနေပါပြီ။ သူတို့အနားကိုရောက်တော့ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အမုန်းကိုတွေ့ချင်လို့ဆို၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲမသိဘူး"

"ငါက ဖန်နေမင်းရဲ့အမေပဲ အမုန်းမပြုယ်။ အဲဒါဆိုရင် အန်တီ ဘာကြောင့်လာတယ်ဆိုတာကို မင်း သဘောပေါက်မှာပါ"

အမုန်း မျက်မှောင်ကြုတ်သွားပြီး –

"ကျွန်မ သဘောမပေါက်ဘူး အန်တီ။ အန်တီ ဒီကိုရောက်လာရလောက်အောင် အန်တီနဲ့ အမုန်းကြားမှာ ဘာပတ်သက်ယှက်နွယ်မှုမှ မရှိခဲ့ပါဘူး"

"မင်း ဝေ့လည်ကြောင်ပတ်လာလုပ်မနေနဲ့ အမုန်းမပြုယ်။ ငါကလည်း ငါနဲ့ပတ်သက်ဖူးကြောင်း ပြောပြီး မျက်နှာလို မျက်နှာရ ဆွေမျိုးလာစပ်နေတာ မဟုတ်ဘူး။ ငါ့သားဖန်နေမင်းနဲ့ ပတ်သက်လို့ လာခဲ့တာ"

"သြော် ...ဒါဆိုလည်း အန်တီ ဘာ့ပြောချင်တာလဲ ပြောပါ"

ဟွန်း ပုံစံက ကိုယ့်ကိုယ်ကို ဂရုမစိုက် မျက်နှာပြောင်တိုက်နေသည့် ပုံစံပါလား။ ဒီလိုမိန်းကလေးမျိုးကိုသာ သူမ ချွေးမတော်မိရင် သက်ဆိုးရှည်မှာမဟုတ်ပေ။ ပြောတော့ အမုန်းမပြုယ်က သူ အမှား





လုပ်ရင် ဝန်ခံရဲတဲ့သတ္တိရှိတယ်။ တိကျပြတ်သားတယ်တဲ့။ အခုကျတော့ ဘာလို့ ဆင်ဝှေ့ရှန်ရှောင်လုပ်နေရတာလဲ။

"ကောင်းပြီ၊ ငါ ရှင်းရှင်းပဲပြောမယ် အမုန်းမပြုယ်။ မင်း ငါ့သားနဲ့ နောက်ထပ် လုံးဝပတ်သက်ဖို့ မကြိုးစားပါနဲ့။ မင်းနဲ့ငါ့သားကို ငါ လုံးဝ သဘောမတူနိုင်ဘူး"

"သဘောမတူဘူးဆိုရအောင် အမုန်းက အန်တီ့သားကို ယူပါ့မယ်လို့ ပြောမိလို့လား"

"ဘာ"

သူမကပဲ မှားနေသလိုပါလား။ မမှားဘူး ဘာလို့မှားရမှာလဲ ကိုယ့်သားကိုယ်တိုင်က အမုန်းကိုပဲ ချစ်ပါတယ်လို့ ဝန်ခံခဲ့တာ မှားစရာ မရှိဘူးလေ။ ဒါဆို ဒီမိန်းကလေးက ကိုယ့်သားကို အပျော်ကြိုက်ပြီး မြူစား ချူစားလုပ်နေတာလား။ ကိုယ့်သားကတော့ ဖယောင်းကို လက်ထပ်ဖို့ ငြင်းပြီး အိမ်ပေါ်ကတောင် ဆင်းသွားပြီလေ။

"အမုန်းနဲ့ဖန်နေမင်းသိခဲ့တာ ဖယောင်းနဲ့ပတ်သက်ပြီးမှပါ အန်တီ။ လက်ထပ်ဖို့ဖြစ်နေတာလည်း ဖယောင်းနဲ့ပဲ မဟုတ်ဘူးလား။ ဘယ်ကနေ ဘယ်လို ကျွန်မကိုဆွဲထည့်ပြီး သဘောမတူရတာလဲ။ အဲဒီစကားပြောရအောင် ကျွန်မ ဖန်နေမင်းကို လက်ထပ်မယ်လို့ အခုချိန်ထိ တစ်ခွန်းမှ မပြောမိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''မင်း ငါ့ကို နှစ်ကျပ်ခွက် နှင်းပြမနေနဲ့ အမုန်းမပြယ် မင်းပါးစပ်က ငါ့သားကို လက်ထပ်မယ်လို့ မပြောမိဘူးပဲထား။ အ ငါ့သားက ဖယောင်းကို လက်ထပ်ဖို့ကိစ္စ ငြင်းလိုက်ပြီ''

''အဲဒါ သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲလေ။ သူ သဘော မကျလို့ သူငြင်းတာ ကျွန်မနဲ့ ဘာဆိုင်လို့လဲ။ ကျွန်မက သူ့ကို ငြင်း လိုက်လို့ တိုက်တွန်းရလောက်အောင် သူနဲ့ ကျွန်မ မရင်းနှီးဘူး အန်တီ''

''ဟင်''

ဟင်ခနဲ ဖြစ်သွားအောင် ဒေါ်စန္ဒာဝင်း အံ့သြသွားလေသည် မရင်းနှီးဘူးတဲ့လား။ ဒါနဲ့များ ဘာလို့ သားက အိမ်ပေါ်ကနေ ဆင်း သွားရတဲ့အထိ ဖြစ်ရတာလဲ။ မဟုတ်ဘူး၊ ဒီမိန်းကလေးညာနေတာ ကိုယ့်သားက မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းခင်းတတ်သူမှ မဟုတ် တာ။

''နင် ပြောင်လိမ်ပြောင်စား မလုပ်နဲ့ အမုန်းမပြယ်။ နင်က မတိုက်တွန်းဘူးဆိုပေမယ့် ငါ့သားက အိမ်ပေါ်ကနေတောင် ဆင်းသွား ပြီဟဲ့''

''ဘာလဲ ... ကျွန်မက လိုက်ခေါ်ပေးရမှာလား''

''ဘာ ... မင်း''





အစက အမုန်း ပြေရာပြေကြောင်းပြောနေပေမယ့် သူ့ ဘက်က ကိုယ့်ကို တစ်ထစ်ကျ စွပ်စွဲပြီး မာရေကြောရေပြောလာသဖြင့် ကန့်လန့်ပဲ ပြန်ပြောပစ်လိုက်သည်။ ဟုတ်တယ်လေ ... အမုန်းမပြယ် ဆိုတဲ့မိန်းမက အစကတည်းက မဟုတ်မခံဘဲဥစ္စာ။

အခု ...

ကိုယ့်ကို မဟုတ်တာပြောနေတာကို ငြိမ်ခံနေရမှာလား။ ဦးဖြိုးပိုင်ဦးက ကိုယ့်တူမကို ယုံကြည်သောအားဖြင့် အသာလေးပဲ ကြည့်နေလိုက်သည်။ ဒီကိစ္စ ကိုယ်ဝင်ပါစရာမလိုဘဲ ပြီးသွားမှာပါ။

''နင် လိုက်ခေါ်ပေးစရာမလိုပါဘူး။ နင့်ဘက်က လက်မခံ ရင် ငါ့သား သူ့ဘာသာသူ အိမ်ပြန်လာမှာပဲ။ အဓိက,က နင် လက်မခံ ဖို့ပဲ။ အဲဒါကို ငါ လာပြောတာ''

''ကျွန်မက လက်ခံရအောင် သူနဲ့ကျွန်မက ဘာမို့လို့လဲ''

''ချစ်သူတွေ မဟုတ်ဘူးလား။ မဟုတ်ဘူးလို့တော့မပြောနဲ့ နော်။ ငါ့သားပါးစပ်ကကို ထွက်လာတာ အမုန်းကို ကျွန်တော် အရမ်း ချစ်တယ်တဲ့။ ကိုယ့်သူငယ်ချင်းနဲ့ လက်ထပ်မယ့်ယောကျ်ားမှန်းသိသိနဲ့ နင် ဖြတ်ခုတ်ခဲ့တာမဟုတ်လား။ တော်တော် အောက်တန်းကျတာပဲ''

ဒေါ်စန္ဒာဝင်းစကားကြောင့် အမုန်းစိတ်က ပိုတင်းသွားလေ သည်။ ဟုတ်၏ မဟုတ်၏ သေသေချာချာ စဉ်းစားဝေဖန်ခြင်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့သူများကိုလာပြီး စွပ်စွဲရတာလဲ။

"ဒီမှာ အန်တီ"

"_______"

"အန်တီ့သားက ကျွန်မကို ချစ်တယ်လို့ ပြောတာနဲ့ပဲ ကျွန်မက ပြန်ချစ်တယ်လို့ထင်သလား။ အန်တီ ဘာမှဂဃနဏသိတာမဟုတ်ဘဲ ခုလို ကျွန်မကိုစွပ်စွဲပြီး မိုချိုးမျှစ်ချိုး ပြောတာတော့ အရမ်းလွန်သွားပြီ။ အန်တီ လူကြီးဖြစ်နေလို့ ကျွန်မ သည်းခံလိုက်တယ် မှတ်ပါ"

"ဘာ"

"အန်တီ မှတ်ထားလိုက်။ အန်တီ သားကို ဒီဘဝမပြောနဲ့ ရေစက်ရှိလို့ နောက်ဆယ်ဘဝ ထပ်ဆုံရင်တောင် ဘဝဆက်တိုင်း ဘယ်တော့မှ ကျွန်မ လက်မထပ်ဘူး။ ကျွန်မမိဘတွေ သူများလက်ညှိုးထိုးစရာဖြစ်ခဲ့လို့ ကျွန်မ သူများလက်ညှိုးထိုးစရာမဖြစ်အောင် နေ့နေတာ။ ရှင့်သားကို ပြန်မေးလိုက်၊ အမုန်းမပြယ်ဘဲဆိုတဲ့ မိန်းမက ရှင့်သားကို လက်ထပ်ဖို့မပြောနဲ့ ကျွန်မစီးတဲ့ ဖိနပ်ကိုတောင် အကိုင်ခံရဲ့လားလို့"

"ဘာပြောတယ်၊ နင်စီးတဲ့ဖိနပ်ကို ငါ့သားလိုလူက ကိုင်စရာလား။ စကားပြော လူပါးဝလိုက်တာ။ အေးလေ ... လူကြီးကို





လူကြီးမှန်းမသိ စော်ကားမှာပေါ့၊ မွေးထားတဲ့မိဘတွေက"

"အန်တီ"

အမုန်း အော်ပစ်လိုက်မိ၏။ အမုန်းကို ဘယ်လောက်ပဲပြောပြော ပြောပါစေ အမေဆိုတဲ့လူကိုလည်း ကြိုက်သလောက် ပြော။ ကောင်းလို့ မကောင်းကြောင်းပြောတာ အမုန်း သည်းခံနိုင်ပါသေးတယ်။

မိဘတွေဆိုကတည်းက မေမေ့ကို တိုက်ရိုက်ထိခိုက်စော်ကားတာတော့ လက်မခံနိုင်ပေ။

"ကျွန်မဒေါသတွေ ထိပ်ဆုံးမရောက်ခင် အန်တီ ထွက်သွားတာ ကောင်းလိမ့်မယ်နော်"

"ဘာ"

"ကလေး"

ဦးဖြိုးပိုင်ဦး ဝင်ပါရတော့မည်။ ပါဝါက ကိုယ့်ကလေးကို ကိုယ်ဆုံးမဖို့ပါပဲ။ တော်ကြာ မိုက်ရိုင်းတာတွေ မိမဆုံးမ ဖမဆုံးမက မွေးတယ်ဆိုတာတွေပါလာရင် မကောင်းဘူးပေါ့။

"ကိုယ့်ဘက်က မရိုင်းစေနဲ့ကလေး။ ကလေးကို လေးလေးဆင်ထားတယ်မဟုတ်လား။ လူကို လူလိုပဲမြင်တတ်ပါစေလို့။ ကိုယ့်ဘာယက်ကိုယ်ခံ၊ ကိုယ့်ဝစီကံ ကိုယ်ပဲခံကြရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ပြောပုံက ဦးလေးလုပ်တဲ့သူကလည်း စကားပြော အကြောကြီးနဲ့ပါလား။ တူမကို ဆုံးမသလိုလိုနဲ့ ကိုယ့်ကိုဖွဲ့နေတဲ့ စကားတွေမို့ နေသာခံခက်ပါ။

"ဟွန်း ... ဦးလေးကလည်း စကားပြောတာ တူမနဲ့ ထူးမခြားနားပါပဲ"

"ဘာဗျ"

"ဒီမှာ အန်တီ"

နှစ်ယောက်သား အကြည့်ချင်းဆုံကြခိုက်မှာ ဆုံမှတ်တွင် မီးပွင့်သွားနိုင်သည့်အကြည့်မျိုးတွေပါ။

"အန်တီရောက်နေတာ ကျွန်မ ပိုင်နက်ထဲမှာနော်။ ကျွန်မ လူလိုသိတတ်လို့ တောင်းပန်ပါတယ်။ အန်တီပြန်ပါ။ ဒီအိမ်ကနေ အခု ထွက်သွားလိုက်ပါ"

"ကျွန်မ တောင်းပန်ပါတယ် အစ်မရယ်။ အစ်မ ပြန်ပါနော်။ သမီးလေးက မဟုတ်ဘူးလို့ ရှင်းပြပြီးပြီပဲဟာ။ ကျွန်မ သမီးအတွက် တာဝန်ယူပါတယ်"

"နင် ကတိတည်ပါစေနော်"

ဒေါ်ဖူးဖူး ခေါင်းညိတ်ပြလိုက်သည်။ ကိုယ်က သူများကြောင့် စရာဖြစ်ခဲ့တော့ အပြောခံရမှာပဲပေါ့။ အဲဒါ ဟိုလူစောနောင်ကြောင့်





"တောက်"

အမုန်းရဲ့ တက်ခေါက်သံက ကမ္ဘာမြေပြင်၏ တစ်စိတ်တစ်ပိုင်းကို ထုခွဲပစ်လိုက်သလိုပါ။ အမုန်းလောက် ကံဆိုးတဲ့သူ ရှိပါဦးမလား။ ချစ်ခန်းမစခင် အလွမ်းနဲ့ ဇာတ်သိမ်းရသလို ရှင်နဲ့ကျွန်မ ဒီဘဝ ဒီမျှနဲ့ ပြီးဆုံးသွားပြီ ဖန်နေမင်း။

ရှင်ပြောတဲ့ရေစက်ဆိုတာ ...

အခု တကယ်ကုန်သွားပြီလို့ပဲ သတ်မှတ်လိုက်ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

အချစ်ရဲ့ ရှေ့မှာ
မာနတွေ ဒူးထောက်လိမ့်မယ်ထင်ခဲ့ပေမယ့်
တကယ်တမ်းကျတော့
မာနရဲ့ရှေ့မှာ
အချစ်ရဲ့ ဂုဏ်သတ္တိတွေပဲ ခဝါချသွားခဲ့တာပါ။
အချစ်နဲ့မာန လွန်ဆွဲတဲ့ပွဲမှာ
အသည်းလေးမွမွ ကြေသွားပေမယ့်
မာနရဲ့ ဉာဉ်ဆိုးတစ်ခုက
ပြန်ချုပ်မယ့်ချုပ်ရိုးကြောင်းကို





မလိုလားဘူးဆိုတာ သိလိုက်ထော့
အချစ်ဆီသို့ သွားရာလမ်းကနေ
ဦးစိုက်လို့ပြန်လာခဲ့ရတာ
လမ်းတစ်လျှောက်
နှလုံးသားတွေ အပိုင်းပိုင်း အစစကျန်ခဲ့လို့ပေါ့။
အချစ်ရဲ့ရှေ့မှာ
မာနတွေ ခဝါမချနိုင်သေးသရွေ့
နှလုံးသားရဲ့ အနီးတစ်ဝိုက်
ရင်နာစွာ ကြေညာလိုက်တော့မယ်
အချစ်သည် ငါနှင့် မသက်ဆိုင်တော့ပါကြောင်း။
အချစ်သည် ငါနှင့် မသက်ဆိုင်တော့ပါကြောင်း။
အချစ်သည် ငါနှင့် မသက်ဆိုင်တော့ပါကြောင်း။

အမုန်း နောက်ဆုံးစာကြောင်းကို စာရွက်ရှည်မဆုံးမချင်း ရေးချနေမိတော့သည်။ သူမ ရေးနေတာသည် ကဗျာတစ်ပုဒ်အဖြစ် အရာမြောက်ပါရဲ့လားတော့ မသိပေ။ ရင်ထဲမှာ မွန်းကျပ်လွန်းလို့သာ ရေးမိတာ။ အမုန်း တစ်ခါမျှ ကဗျာမစပ်ဖူးပေ။ သူများရေးထားတာ တွေကိုတော့ တွေ့ရင် ဘာရယ်မဟုတ် ကောက်ဖတ်တတ်သည်သာ။

တမင်တကာ ဝါသနာပါလို့ ရှာဖတ်တာမျိုးတော့ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမ ကဗျာလို့သတ်မှတ်ပြီးရေးတဲ့ စာကြောင်းလေးတွေက ကဗျာဆိုတာထက် သူမရဲ့ ခံစားချက်အစစ်အမှန်တွေပါ။

"သမီး"

"____"

"သမီး"

"အင်"

နောက်ကနေ ပခုံးကိုကိုင်ပြီး ခေါ်လိုက်မှပဲ အမုန်း လှည့်ကြည့်ဖြစ်ပါသည်။ နောက်မှာ ဒေါ်ဖူးဖူးရပ်နေခဲ့တာကြာပြီပေမယ့် အမုန်း သတိမထားမိပေ။ ဒေါ်ဖူးဖူးက အမုန်းရေးတဲ့ကဗျာကို ဖတ်ပြီးပြီမို့။

"သမီး . . . အရမ်းခံစားနေရလား"

"မေမေ"

"မေမေ သိပါတယ် သမီးရယ်။ သမီး ဘယ်လောက်ပဲ အသည်းမာတယ်၊ မာနကြီးတယ်ပြောပါစေ မာနကြီးတဲ့သူမှာလည်း နှလုံးသားနဲ့ပဲလေ။ ချစ်တတ် လွမ်းတတ် ခံစားတတ်မှာပေါ့။ သမီး မညာပါနဲ့။ သမီး ဖန်နေမင်းကိုချစ်မိနေပြီ မဟုတ်လား"

အမုန်း ခေါင်းအငုံ့မှာ မျက်ရည်ပွင့်က လွင့်ခနဲ ကြွေကျသွားတာသည်က ကဗျာစာရွက်ကလေးပေါ်မှာပါ။ ပြီးမှ –





"သမီး ဝန်ခံပါတယ် မေမေ။ သူက သမီးကို ချစ်တယ်တဲ့။ ဖယောင်းကိုကျတော့ ညီမလေးတစ်ယောက်လိုပဲ ချစ်တာပါတဲ့လေ။ ဖယောင်းကကျတော့ သူ့ကို အရမ်းချစ်နေတယ်"

"သူက ချစ်တယ်ဆိုတော့ သမီးက သူ့အချစ်ကိုပြန်ပြီး လက်ခံခဲ့တာလား"

ခေါင်းခါပြပြီး အမုန်း ရင်ဘတ်ထဲမှာ အောင့်တက်လာသည်အထိ ခံစားရတာပါ။ အချစ်ဆိုတဲ့ဝေဒနာက ဒီလောက်ဆိုးရွားမှန်း အမုန်း မသိခဲ့ပါဘူး။ အခုသိပြီဆိုတော့ ကိုယ့်မှာ အဲဒီအချစ်ကို ပိုင်ဆိုင်ခွင့်မှ မရှိပဲလေ။

"သမီး အဲဒီလောက်အထိ မမိုက်ပါဘူး မေမေ။ မမိတဲ့ပန်းကို တုံးချပြီး မလှမ်းပါဘူး။ ပြီးတော့ သူက ဖယောင်းချစ်နေတဲ့သူ။ ဘာပဲဖြစ်ဖြစ် အချိန်တန်ရင် ဖယောင်းနဲ့ လက်ထပ်ရမယ့်သူပဲလေ။ ဒါကြောင့် သမီးတတ်နိုင်သလောက် သူနဲ့မပတ်သက်မိအောင် ရှောင်ခဲ့ပါတယ်။

ဒါပေမဲ့ နှလုံးသားရဲ့ဆန္ဒကိုတော့ သမီး တဒင်္ဂမှာ မတားဆီးလိုက်နိုင်ခဲ့ဘူး။ သမီး သူ့ကို ဘယ်လောက်ပဲ ချစ်မိသွားခဲ့ပါစေ သမီးရင်ထဲကနေ မောင်းထုတ်နိုင်အောင် ကြိုးစားမှာပါ"

"သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖူးဖူး သမီးလေးကို သနားလွန်းလို့ မျက်ရည်ကျမိသည် သာ။ ကံဆိုးလိုက်တဲ့ သမီးလေးရယ်။ ငယ်စဉ်တောင်ကျေးကလေး ဘဝကတည်းက သူ့အတွက် ကံကောင်းခြင်းဆိုတာ မရှိသေးပါလား။ ဝဋ်ကြွေးတွေရှိရင် ကျေပါစေတော့။ သုံးလူ့ထွဋ်ထား ရှင်တော်မြတ် ဘုရား၊ ဘုရားတပည့်တော်မ၏သမီးလေးအတွက် ကံကောင်းခြင်း လက်ဆောင်တွေ ပေးသနားတော်မူပါ ဘုရား။

"သမီးအတွက် မေမေ ဘာမှလုပ်မပေးနိုင်လို့ မိဘဝတ္တရား မကျေသလို မေမေခံစားရတယ်။ ဒီနေ့ကစပြီး မေမေ့သမီးလေး ကံကောင်းခြင်းတွေကိုသာ ရရှိပါစေကွယ်"

"ဝတ္တရားမကျေဘူးလို့တော့ မပြောပါနဲ့ မေမေရယ်။ သမီး အပေါ်မှာ မေမေက မိခင်ဝတ္တရားကျေပွန်တဲ့ မိခင်ကောင်းတစ်ယောက် ပါ"

မေမေ့လက်ကို တင်းတင်းဆုပ်ပြီး အမုန်း ပြုံးနိုင်အောင် ကြိုးစားခဲ့ပါတယ်လေ။ ဖြစ်ချင်တာထက် အမုန်းရဲ့မာနတွေက ဖြစ်သင့် တာတွေကို လုပ်ဖို့ပဲ တိုက်တွန်းသွားမှာပါ။

❋



## အခန်း (၃၂)

အမုန်း လေးလေးနဲ့ တိုင်ပင်ပြီးပါပြီ။ အမုန်း သူတို့နဲ့နီးရာ အရပ်မှာမနေချင်တော့ပါဘူး။ ကိုယ့်တက်က ဘယ်လောက်ပဲ အလှူ ပေးပေး ထိခလုတ် ပါးခလုတ်စကားတွေ ပြောနေကြဦးမှာလေး ဒါကြောင့် အမုန်း အခြားတစ်နေရာကိုထွက်သွားတော့မှာပါ။

ကိုယ်က သည်းခံပါရမီအား မကောင်းလေတော့ ထပ်ပြီး ပြုသနာမတက်ချင်တော့ပါဘူး။ ဒါကြောင့် ပြင်ဦးလွင်မှာပဲ စီးပွားရေး အလုပ်တစ်ခုခုလုပ်တော့မည်လေ။ ဘယ်နေရာမှာပဲနေနေ ကိုယ့်မှာ အရင်းအနှီးရှိရင် အလုပ်လုပ်ချင်စိတ်ရှိရင် လုပ်စရာအလုပ်တွေက အများကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဘွား အမုန်းပြန်တော့မယ်နော်။ သွားမယ့်နေ့မှပဲ အမုန်း အဘွားကို လာခေါ်ပါ့မယ်။ အဘွားသာ အဆင်သင့်လုပ်ထားပေါ့"

"အေးပါ မြေးရယ်။ ဘယ်နေရာမှာပဲနေရနေရ အဘွားက မြေးနဲ့အတူ နေရတော့မယ်ဆိုလို့ အရမ်းပျော်နေတာ"

"စိတ်ချ၊ ဒီနေ့ကစပြီး အဘွား ဘာမှစိတ်ညစ်စရာတွေ မတွေးနဲ့တော့နော်။ အဘွားကို အမုန်းတစ်သက်လုံး လုပ်ကျွေးသွားမှာပါ"

"သာဓုပါ မြေးရယ်၊ သာဓု ... သာဓု။ သွားလေရာ လာလေရာမှာ ဘွား မြေးလေး ခလုတ်မထိ ဆူးမငြိပါစေနဲ့။ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေကွယ်"

"ကဲ အဘွား ... အမုန်း ပြန်လိုက်ဦးမယ်နော်"

အမုန်း အဘွားကို နှုတ်ဆက်ပြီး ပြန်ထွက်အလာမှာတော့ ဦးစောနောင်နှင့် ဆုံလေလျှင် ဘယ်သူမှန်းမသိလို့ မျက်နှာကိုအကြည့်၊ သိလိုက်ပြီဆိုတာနှင့် ချက်ချင်း အကြည့်ကိုလွှဲပြီး ခပ်တည်တည်နှင့် ထွက်လာခဲ့တော့သည်။ အမုန်းရင်ထဲမှာ ဘယ်တုန်းကမှ အဖေဆိုတာ မရှိခဲ့တဲ့အတွက် ... အခုလည်း နှုတ်ဆက်စရာမှမလိုပဲလေ။

ဒီလူကို အမုန်း ကိုယ့်ရဲ့အဖေအဖြစ် ဘယ်တော့မှ သတ်မှတ်မှာ မဟုတ်ပါဘူး။ အမုန်း ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကားဆီသို့





အရောက်မှာတော့ ကားပေါ်သို့တက်ပြီး မောင်းထွက်ခဲ့တော့သည်။

"ဟင်"

အမုန်း ရှေ့က မှန်ကိုကြည့်လိုက်မိချိန်မှာတော့ မှန်ထဲမှာ ပေါ်လာတာသည် သူမ မတွေ့ချင်ဆုံး လူတစ်ယောက်၏မျက်နှာပဲမို့ ကားကို ရပ်လိုက်ပြီး -

"ဖန်နေမင်း"

"____"

"ရှင် ဘာလုပ်တာလဲ။ အခု ကျွန်မ ကားပေါ်ကဆင်း"

"အမုန်း"

"ဆင်းနော်"

"မဆင်းဘူး အမုန်း။ ကိုယ် အမုန်းကို ပြောစရာရှိလို့ စောင့်နေတာ။ ကိုယ်ပြောတာကို အမုန်း နားထောင်ပေးပါ"

"နားမထောင်နိုင်ဘူး ဖန်နေမင်း။ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာအကြောင်း မရှိဘူးနော်"

"အမုန်း"

သူက နောက်မှနေပြီး အမုန်းရဲ့လည်ပင်းကို သိုင်းဖက်ထားလေတော့ အမုန်း သူ့လက်တွေကို ဖယ်ချကာ -

"ရှင် ဘာလုပ်တာလဲ ဖယ်နော်။ ကျွန်မကို အခုလွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"အမုန်း ...မင်း ဘာလို့ကိုယ့်ခံစားချက်ကို နားမလည်ရ တာလဲ။ ကိုယ် မင်းကို အရမ်းချစ်တယ်၊ မြတ်မြတ်နိုးနိုးနဲ့ကို ချစ်တာ ကိုယ် မင်းကို ချစ်လွန်းလို့ စွန့်စားမယ်ဆိုပြီး အိမ်ပေါ်ကနေတောင် ဆင်းလာခဲ့တဲ့ကောင်ပါ အမုန်းရဲ့"

"အဲဒါတွေ မသိဘူး၊ ရှင့်ကို ကျွန်မ မချစ်ဘူး၊ ဖယ်ပါ"

BURMESE CLASSIC

"အမုန်း"

အမုန်းကို တိုးလို့ဖက်ထားပြီး ဖန် ပါးချင်းဖိကပ်ထားလိုက် သည်။ အမုန်းကလည်း ရုန်းနေတာပါပဲ။

"ဘာလဲ အမုန်းက ကိုယ် အိမ်ပေါ်က ဆင်းလာလို့ ဘာမှ မရှိတဲ့ကောင်ဆိုပြီး လက်မခံချင်တာလား။ ကိုယ် ကြိုးစားနိုင်ပါတယ် အမုန်းရဲ့။ အမုန်းကို အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ထားနိုင်အောင် ကိုယ် ကြိုးစားမှာပါ။ အမုန်းကိုကိုယ်ချစ်တယ်။ ကိုယ် အမုန်းကို လက်ထပ်မယ်"

"ရှင် ရူးနေသလား ဖန်နေမင်း"

"ဟုတ်တယ် ကိုယ်ရူးနေတာ။ မင်းကို ချစ်လွန်းလို့ ရူးနေ တာ အမုန်းရဲ့သိလား"

"စိတ်ကူးယဉ်မနေနဲ့၊ ရှင် မိုးထိအောင် တော်နေတတ်နေ ချမ်းသာနေပါစေ ... ရှင့်ကို ကျွန်မ မချစ်ဘူး"





"မပြောနဲ့"

"ဟုတ်တယ်၊ ကျွန်မ ရှင့်ကို လုံးဝမချစ်ဘူး"

"မပြောပါနဲ့ အမုန်းရယ်။ ကိုယ့်ကိုမချစ်ဘူးလို့ မပြောပါနဲ့ ကိုယ် မခံစားနိုင်လို့ပါ"

"သေလိုက်လေ၊ သေလိုက်။ ရှင့်ကို ကျွန်မ နောက်ဆယ် သက်အထိ မချစ်ဘူး"

"အမုန်း"

အမုန်းစိတ်ကို တင်းထားတဲ့ကြားမှ မျက်ရည်က ကျချင် လာပြီလေ။ မကျနဲ့ နင်မျက်ရည်မကျနဲ့အမုန်း။ နင့်မျက်ရည်ကို သူ မြင်လိုက်တာနဲ့ သူ့ကို နင်ချစ်နေတယ်ဆိုတာကို သူသိသွားလိမ့်မယ်။ နင့်မှာ မာနရှိတယ်လေ။

မာနနဲ့ ထိန်းထားလိုက်စမ်း အမုန်း။ သူ့အမေ နင့်ကို ဘာ တွေပြောလဲ သတိရလိုက်စမ်း။

"ရပါတယ် အမုန်းရယ်၊ အမုန်း ကိုယ့်ကို မချစ်ရင်နေပါ ကိုယ့်ကိုတော့ ချစ်ခွင့်ပေးပါ။ ကိုယ် အမုန်းကို ချစ်နေပါရစေ။ ကိုယ် တို့ လက်ထပ်ကြရအောင်"

"ရှင် ကျွန်မကိုလွှတ်နော်"

မဖြစ်နိုင်တာကို မတောင်းဆိုပါနဲ့ ဖန်နေမင်းရယ်။ အမုန်းက



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့မထိုက်တန်တဲ့မိန်းမတစ်ယောက်ပါ။ ရှင်နဲ့ထိုက်တန်တာက ဖယောင်းလေ။ ရှင် ဖယောင်းကို ပြန်ချစ်နိုင်အောင်ပဲ ကြိုးစားပါ

"အမုန်း ကိုယ်နဲ့လက်ထပ်မှာလား"

"စိတ်ကူးယဉ်မနေနဲ့ ရှင့်ကို ကျွန်မ သေတောင် လက်မထပ်ဘူး။ ရှင် ဖယ်မလား၊ မဖယ်ဘူးလား"

"မဖယ်နိုင်ဘူး အမုန်း"

"တောက်"

'အမုန်း မလုပ်ရက်ပေမယ့် လုပ်ရတော့မှာပဲလေ။ အဲဒီအတွက် ရှင် ကျွန်မကို မုန်းမေ့နိုင်၊ နာကြည်းနိုင်ပါစေ ဖန်နေမင်း သူ့ကိုရက်စက်ပြဖို့အတွက် အမုန်း သူ့လက်မောင်းကို ကိုက်ဆွဲလိုက်လေလျှင် –

"အား"

နာကျင်မှုဝေဒနာကြောင့် ဖန် အမုန်းကို လွှတ်ပေးပြီး နာကျင်တဲ့လက်ကောက်ဝတ်နေရာကို ဖိဆုပ်ထားမိချိန်တွင် –

"ရှင် မှတ်ထားလိုက် ဖန်နေမင်း။ ဒါ အမြည်းပဲရှိသေးတယ်။ ရှင် ကျွန်မကို ထပ်ပြီးနှောင့်ယှက်ရင် ကျွန်မ ရှင့်ကို သတ်ရဲ့ဝန်မလေးဘူး"

"အမုန်းရယ်"





သူ့ အံ့ဩစွာနှင့် ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ အမုန်း ကားပေါ်ကနေ ဆင်းပြီး နောက်ခန်းတံခါးကို ဖွင့်လိုက်ကာ –

"ရှင် အခု ကျွန်မ ကားပေါ်ကဆင်း"

ဖန်ချက်ချင်းပဲ မျက်ရည်တွေ ဝဲလာမိတော့၏။ ရက်စက်လိုက်တာအမုန်းရယ်။

ဒဏ်ရာက နာကျင်ခြင်းဝေဒနာထက် ရင်ထဲမှာမှ ပို၍ နာကျင်မိပါသည်။

မေတ္တာတရားဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်တဲ့။

ကိုယ့်အတွက်တော့ အသွားသာ ရှိပြီး အပြန် မရှိဘူးတဲ့လား။

ဖန် –

အမုန်း စိတ်ချမ်းသာဖို့အတွက် ကားပေါ်က ဆင်းလိုက်သည်တွင် အမုန်းက ကားပေါ်သို့ ပြန်တက်ပြီး မောင်းထွက်သွားလေတော့၏။

"မင်း ရက်စက်နိုင်သလောက် ရက်စက်သွားပါ အမုန်းရယ်၊ ကိုယ်ကတော့ မင်းကို ကိုယ့်အသက်နဲ့ ခန္ဓာတည်မြဲနေသရွေ့ ထာဝရချစ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်သွားတဲ့ အမုန်းမှာလည်း သူ့ မျက်ကွယ်ရာ အရပ်ကိုရောက်မှ မျက်ရည်တွေက ပင်လယ်ဝေ။ ချစ်ခွင့်ရှိပေမယ့် ပေါင်းခွင့်မှ မရှိကြဘဲဖန်။ ဒါကြောင့် ပေါင်းဆုံခွင့်မရှိလို့ အချစ်ဆိုတဲ့ အရာကိုလည်း အမုန်း ပြန်မပေးခဲ့တာပါ ဖန်ရယ်။

❋



BURMESE CLASSIC

## အခန်း (၃၃)

"အမုန်း"

"-----"

"အမုန်း"

အမုန်း ကားပေါ်သို့ တက်ကာနီးမှာ အမုန်းရဲ့ကားရှေ့မှာ ဝင်လာတဲ့ ကားတစ်စီးက ထိုးရပ်ပြီး ကားတံခါးဖွင့်၍ ကသောကမျော ဆင်းလာသူက ဖယောင်းပါ။

အမုန်းကားပေါ်သို့တက်ကာနီးမှာ မတက်ဖြစ်သေးဘဲ ရပ်နေလိုက်မိ၏။

ဖယောင်းက အမုန်းဘေးသို့ရောက်လာပြီး –



www.burmeseclassic.com

www.burmeseclassic.com



“နင် ပြင်ဦးလွင်မှာ အပြီးသွားနေတော့မှာဆို ဟုတ်လား အမုန်း”

“ဟုတ်တယ်”

“အမုန်း”

ဖယောင်းက အမုန်းလက်ကိုဆွဲပြီး –

“နင်မသွားပါနဲ့ အမုန်းရယ်။ နင် မသွားပါနဲ့နော်။ နင် ဘာကြောင့် သွားမှာလဲဆိုတာကို ငါသိတယ် အမုန်း။ နင် သွားစရာ မလိုပါဘူး။ ငါ ငါ အားလုံးကို နားလည်လိုက်ပါပြီဟယ်။ ကိုဖန်က ငါ့ကို လုံးဝချစ်တာ မဟုတ်ဘူးလေ။ ကိုယ့်ကိုမချစ်တဲ့သူကို ငါက ဘာလို့လက်ထပ်နေရမှာလဲ။ နင် ငါ့ကို ခွဲမသွားပါနဲ့ဟာနော်။ ငါ နင့်ကို မခွဲနိုင်ဘူး အမုန်းရဲ့”

ဖယောင်းက ပြောလည်းပြော ငိုလည်းငိုလေသည်။ အမုန်း ဆိုတဲ့မိန်းမက ဆုံးဖြတ်ချက်ချပြီးပြီဆိုရင် ဖယောင်းမပြောနဲ့ သိကြားမင်း ဆင်းတားရင်တောင် မပျက်ပါဘူး။

“ငါနဲ့ကိုဖန်လည်း နားလည်မှုရှိသွားကြပါပြီ အမုန်းရယ်။ ကိုဖန်က နင့်ကို အရမ်းချစ်တာဟ။ နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း ပဲလေ။ ငါ ကျေနပ်ပါတယ်”

“အဲဒါ နင်တို့ရင်ထဲကကိစ္စပါ။ ဘယ်သူက ဘယ်သူ့ကို





ချစ်ချစ် ငါ စိတ်မဝင်စားဘူး။ ဖန်နေမင်းကိုလည်း ငါမချစ်ဘူး”

“ဟင်”

ဖယောင်း သူမထက် အရပ်ရှည်သည့် အမုန်းမျက်နှာကို ခပ်တွေတွေလေးမော့ကြည့်နေမိသည်။ သူမကိုပြန်ကြည့်နေတဲ့အမုန်း မျက်ဝန်းတွေကတော့ ပကတိအေးစက်နေလို့ပါပဲ။ အမုန်းမှာ တကယ် ပဲ ချစ်တတ်တဲ့နှလုံးသားမရှိဘူးတဲ့လား။

“နင့်ကိုငါ ပြောခဲ့ဖူးပါတယ်။ ငါ့ဘဝမှာ အားကိုးဖို့ဆိုပြီး ယောကျ်ားတစ်ယောက် မရှိမဖြစ်ဆိုတာမျိုး မလိုအပ်ဘူးလို့။ ပြီးတော့ ငါ့ရင်ထဲမှာ အချစ်ဆိုတာ မရှိဘူး”

“ဒါပေမဲ့လေ”

“တော်တော့ ဖယောင်း၊ အဲဒီ ချစ်တာတွေ၊ မေတ္တာတွေ အကြောင်း ငါ့ကို လာမပြောနဲ့။ တကယ်လို့ ငါ့နှလုံးသားက အချစ်ကို တောင်းတလာပြီဆိုရင်တောင် အဲဒီလူက ဖန်နေမင်း မဖြစ်စေရဘူး”

“အဲဒီလိုတော့ မပြောပါနဲ့ အမုန်းရယ်။ ကိုဖန်ကလေ နင့်ကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်တယ်ဆိုတာ ငါ အသိဆုံးပါ”

ဒီစကားထက်ပိုပြီး ဖယောင်းမပြောတတ်တော့ပါဘူး။ အချစ် ဆိုတာ ဖယောင်းအတွက် ပေးဆပ်ခြင်းဖြစ်လာခဲ့ပြီလေ။ ကိုဖန် စိတ် ချမ်းသာဖို့အတွက် အမုန်း ပျော်ရွှင်ဖို့အတွက် ဖယောင်းရဲ့နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



စတေးဖို့ ဆုံးဖြတ်ခဲ့ပေမယ့် အခု အမုန်းက ကိုဖန့်ကို မချစ်ဘူးတဲ့။ ဒါ တကယ်ပဲလား။

အမုန်းရဲ့စိတ်နဲ့ အမုန်းရဲ့မာနကိုတော့ ဖယောင်း သိပါသည်။ ဒါပေမဲ့ အမုန်းလည်း တစ်ခါတလေ စိတ်ပြောင်းနိုင်တာပဲလို့ တွေးပြီး ဖယောင်း ခုလိုဆုံးဖြတ်ခဲ့တာပါ။

"အဲဒါ သူ့ဘက်က ခံစားမှုပါ။ သူ့လွှတ်လပ်ခွင့်နဲ့သူ တားလို့ မရပါဘူး။ တကယ်တော့ ပတ္တမြားဆိုတာ ရွှေနားနဲ့ကွပ်ဖို့ပဲ ထိုက်တန်တာပါ။ ငါက ဖန်ခွက်ကွဲစပဲဥစ္စာ"

"မဟုတ်ဘူး အမုန်း။ နင်ကမှ တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြား တစ်လုံးပါဟာ"

အမုန်း ခေါင်းခါပစ်လိုက်၏။ ဘယ်လိုမှ ပေါင်းစပ်လို့မဖြစ်နိုင်တဲ့ဘဝနှစ်ခုကို ပေါင်းစပ်ပေးဖို့ မကြိုးစားပါနဲ့ ဖယောင်းရယ်။ နင်နဲ့ငါ ချစ်တတ်တာချင်းတူရင်တောင် ငါက ငါ့မာနနဲ့ငါ ဖြေသိမ့်နိုင်ပါတယ်။ နင့်နှလုံးသားကို ဒဏ်ရာမရစေချင်ဘူး ဖယောင်း။ နင်ပျော်မယ်ဆိုရင် ငါ ကျေနပ်ပါတယ်။

အမုန်းဆိုတဲ့မိန်းမရဲ့နှလုံးသားက –

နဂိုကတည်းက အကောင်းပကတိမှ မရှိခဲ့တာ။ ၁၅၀၀ နဲ့ မပတ်သက်ပေမယ့် ၅၂၈ နဲ့ ပတ်သက်ပြီး ဒဏ်ရာဗရပွရှိခဲ့ဖူး—





နောက်ထပ် ဒဏ်ရာရလည်း အမာရွတ်ကျန်ခဲ့ရုံကလွဲလို့ ပိုပြီး မနာကျင်တော့ပါဘူးလေ။

"ဖယောင်း"

"–––––"

"ဒီနေ့ကစပြီး နင် သူများကို အားကိုးချင်တဲ့စိတ်တွေ မမွေးနဲ့တော့နော်။ နေရာတကာ မကြောက်နဲ့၊ အားမနာသင့်တဲ့သူကို အားမနာနဲ့။ ဒါမှ နင် ထက်မြက်တဲ့မိန်းကလေးတစ်ယောက် ဖြစ်လာမှာပေါ့"

"အေးပါ အမုန်းရယ်"

ဖယောင်း ဒီထက်ပိုပြီး မပြောတတ်တော့ပါဘူး။ ဒါကြောင့် မျက်ရည်တွေသာ ကျနေမိတော့သည်။ ထိုစဉ် ကားပေါ်ကနေသာ သူတို့စကားတွေကို နားထောင်နေတဲ့ ဖန်နေမင်း ကားပေါ်မှဆင်းလာခဲ့တော့၏။ အမုန်းအနားကိုရောက်တော့မှ –

"တကယ်ပဲ တားလို့မရတော့ဘူးလား အမုန်းရယ်"

"ကျွန်မက ဆုံးဖြတ်ပြီးရင် သိကြားမင်းဆင်းတားတောင် နောက်မဆုတ်ဘူး ဖန်နေမင်း"

ဒါပဲပြောပြီး အမုန်းကားပေါ်သို့ တက်လိုက်သည်။ ဒီနေ့မှစ၍ အချစ်ဆိုသည့်အရာသည် အမုန်းနှင့်လုံးဝ မသက်ဆိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လူမသိ သူမသိနဲ့ ချစ်ခဲ့ဖူးတဲ့ နှလုံးသားလေးကို ဒီနေရာမှာတင်ပဲ အမှျဝေပြီး ချန်ထားရစ်ခဲ့ပါပြီ။

"မင်းတို့ ကလေးကိုမတားကြပါနဲ့။ ဘဝတစ်လျှောက်လုံး သူ့ခမျာ ပူလောင်ခဲ့ရတာ အေးအေးချမ်းချမ်းနဲ့ သူ စိတ်ချမ်းသာသလို နေပါစေ"

ဦးဖြိုးပိုင်ဦးရောက်လာပြီးပြောတော့ ဖန် ဘာမှဆက်မပြော နိုင်တော့ပေ။ အမုန်း လေးလေးကိုကြည့်ပြီး မျက်ရည်တွေဝဲလာ ကာ ...

"လေးလေး"

"ကလေး"

"အမုန်း သွားတော့မယ်နော်။ မေမေ့ကို ဂရုစိုက်ပါ"

"စိတ်ချပါ၊ လေးလေးလည်း ကလေးဆီကို မကြာမကြာ လာခဲ့ပါ့မယ်"

အမုန်းကားလေးထွက်သွားတော့ ဦးဖြိုးမိုင်ဦး ရင်ထဲမှာ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ပဲ့ ကြွေသွားသလို ခံစားလိုက်ရသည်။ သူ့အမေက ပိုဆိုးမှာပေါ့။ ဖူးဖူးတစ်ယောက် ခုလောက်ဆို သူ့အခန်းထဲ မှာ ငိုကြွေးနေရှာရော့မည်။

"အမုန်း"





"-----"

"အမုန်းရယ်"

ဖန် အမုန်းနာမည်ကို မချိတင်ကဲလေသံနှင့် ရေရွတ်မိတော့ သည်။ တကယ်ပဲ့ တစ်သက်စာဝေးရတော့မှာလား အမုန်းရယ်။ ကိုယ် သိတယ် အမုန်း။ ကိုယ် လူကဲခတ်မညံ့ပါဘူး။ မင်း ကိုယ့်ကိုချစ်ခဲ့ပါ တယ်။ မာနနဲ့ဖုံးကွယ်ထားပေမယ့် မင်း မျက်လုံးထဲမှာ ကိုယ်မြင်နေရ တယ် အမုန်း။

မင်း စိတ်ချပါ။

မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေဖို့အတွက် ကိုယ့်နှလုံးသား နဲ့ ဘဝကိုစတေးပြီး ကိုယ် ဖယောင်းကို လက်ထပ်ပါ့မယ်။ မင်း ကျေနပ်ပါ အမုန်းရယ်။

ကားမောင်းနေတဲ့အမုန်းမှာလည်း ...

ပါးပြင်ပေါ်သို့ မျက်ရည်ကျလာပြီး မာနက လက်မခံစွာနှင့် အငိုတိတ်ခိုင်းနေတာ။ သုတ်ပစ်လိုက်ပြီးတာနှင့် ထပ်ကျမလာတော့ ပေ။

"မြေးလေး"

"ရှင် အဘွား"

"မောင်ဖန်နေမင်း သနားပါတယ်နော်။ သူ မြေးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်ဆိုတာ အဘွား ယုံကြည်တယ် သိလား။ မြေးလေးက သူ့ကို တကယ်ပြန်မချစ်နိုင်တာလား''

အမုန်း ခေါင်းခါလိုက်ပြီး –

''အချစ်ဆိုတာ အမုန်းနဲ့မသက်ဆိုင်တဲ့အရာတစ်ခုပါ အဘွားရယ်''

ဒါ တစ်ဘဝစာအတွက် ဆုံးဖြတ်ချက်ပါ။ အမုန်း ပြင်ဦးလွင်ကိုရောက်တော့ အလုပ်ထဲမှာ စိတ်ကို နှစ်မြှုပ်ထားလိုက်၏။ နောက်နှစ်လလောက်ကြာတော့ မေမေနဲ့လေးလေးက ဖုန်းဆက်သည်လေ။

ဖန်နေမင်းနဲ့ ဖယောင်း လက်ထပ်သွားပြီတဲ့။

အမုန်း ကျေနပ်ပါတယ် ဖန်။ အမုန်းဖြစ်စေချင်ခဲ့တာ အဲဒီအတိုင်းပါပဲ။

အမုန်းကတော့ –

တစ်ဘဝလုံး မာနကိုသာ စိန်စီရွှေချ အရောင်တောက်ပခြင်းနဲ့ နှလုံးသားမှာ အချစ်ဆိုတဲ့အရာကိုတော့ အပြီးအပိုင် မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်ပါပြီ။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားစွာဖြင့်**
**မိုးစက်ပွင့်**



၂၀၁၆ အောက်တိုဘာ

တွင် ဖတ်နိုင်ပါပြီ . . .

**မမသန္တာမောင်**

ထက်မြက်ချို

**ကြယ်စင်မှူးဝေ**

ချစ်ခြင်းဖွဲ့မာယာ

**မယ်နိုင်**

မိုးစက်ကောင်းကင် ပင်လယ်ပြင်

**မိုးစက်ပွင့်**

အချစ်သည်ငါနှင့်မသက်ဆိုင်တော့ပါကြောင်း

**အလင်းသစ်**

ရေဝတ်ပန်းမို့ ပိုမွှေးလေရော့သလား

**လှိုင်းကြာဖြူ**

မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်

**လှံမ**

အစိမ်းသက်သက်

www.burmeseclassic.com